# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၈)ရက် ၊ သောကြာနေ့ ၊ (21-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၂၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့

မတ် ၂၁ ရက် (ယနေ့)သည် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ဖြစ်သည်။ "ဥတုရာသီ တောကိုမှီ" ဟုဆိုသည်နှင့်အညီ သစ်ပင် သစ်တောများသည် ဒေသတွင်းရာသီဥတုကို လွှမ်းမိုးထားသည်။ နိုင်ငံတစ်နိုင်ငံအတွက် သစ်တောများ၊ သစ်ပင်ကြီးများနှင့် သစ်တောထွက်သယံဇာတများသည် သဘာဝက ပေးသော လက်ဆောင်များပင်ဖြစ်သည်။ ထို့ကြောင့် သစ်ပင်တစ်ပင်လျော့နည်းသွားတိုင်း အစားထိုးစိုက်ပျိုးမှုစနစ်ကို ပြုလုပ်ကြရမည်ဖြစ်ပေသည်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ပြည်သူများအကြား သစ်ပင်သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ သစ်တောများ၏အရေးပါသည့် အခန်းကဏ္ဍကို ပိုမိုနားလည်လာစေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့် သစ်တောသစ်ပင်များကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန်ရည်ရွယ်ပြီး မတ် ၂၁ ရက်ကို "အပြည်ပြည်ဆိုင်ရာသစ်တောများနေ့"အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်(ယနေ့)တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ဆောင်ပုဒ်မှာ "သစ်တောများနှင့်စားရေရိက္ခာများ" (Forests and Foods) ဖြစ်သည်။

မူလကရှိခဲ့ပြီးသော အရင်းအမြစ်အရ တစ်ကမ္ဘာလုံး သစ်တောဖုံးလွှမ်းမှုဧရိယာမှာ ဟက်တာသန်းပေါင်း ၃၄၄၀ ရှိပြီး ရေ၊ မြေ၊ ရာသီဥတု ဖောက်ပြန်မှုကြောင့် သစ်တောပြုန်းတီးမှုများစွာရှိခဲ့သည်။ သစ်တောပြုန်းတီးမှုအများဆုံးမှာ အရှေ့တောင်အာရှဒေသဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုအတွင်း တစ်ကမ္ဘာလုံးရှိ ဒီရေတော ၃၀ ရာခိုင်နှုန်းခန့်ပျက်စီးခဲ့ကြောင်း သုတေသနပြုသူများက ဆိုထားကြသည်။

သစ်ပင်သစ်တောများသည် သဘာဝအလျောက် ဖြစ်ထွန်းမှုများရှိသည်မှာ မှန်သော်လည်း သဘာဝဘေးကြောင့် ပျက်စီးခြင်း၊ လူတို့မဆင်မခြင်ခုတ်လှဲသဖြင့် ပျက်စီးခြင်းစသည်တို့ကြောင့် သစ်တောများပြုန်းတီးကြရသည်။ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်မှသာ ပျက်စီးခြင်းဘေးမှ ကင်းဝေးပြီး သစ်ပင်သစ်တောများ ရှင်သန်ကြီးထွားလာမည်ဖြစ်ပေသည်။

လူ့အဖွဲ့အစည်းတစ်ခု စားရေရိက္ခာဖူလုံစွာ ထုတ်လုပ်နိုင်ရေးအတွက် သဘာဝအခြေခံအရင်းအနှီးများဖြစ်သည့် မြေသယံဇာတ၊ ရေအရင်းအမြစ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်၊ ပင်လယ်ကမ်းရိုးတန်းတို့သည် အရေးကြီးသော သဘာဝအခြေခံ အရင်းအမြစ်များဖြစ်သည်။ သစ်တောဂေဟစနစ်များသည် နိုင်ငံ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ဦးစားပေးလုပ်ငန်းများကို အောင်မြင်ရန်ပံ့ပိုးနိုင်သဖြင့် ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မိမိတို့ဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်သစ်တောများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ အစဉ်အဆက် ကောင်းကျိုးကိုဖြစ်ထွန်းစေသော သစ်ပင်စိုက်ပျိုးခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်း၊ စိတ်တည်ငြိမ်လန်းဆန်းခြင်း၊ မိသားစုစီးပွားရေးကို အထောက်အကူပြုခြင်းဟူသော ကောင်းကျိုးများခံစားရနိုင်သောကြောင့် သစ်တောကိုစောင့်ရှောက်ခြင်း၊ သစ်တောသစ်ပင်များပျက်စီးမှုမရှိစေရန် ကာကွယ်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ သစ်တောဂေဟစနစ်များ ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ စဉ်ဆက်မပြတ်တိုးမြှင့်ဆောင်ရွက်ခြင်း၊ သုတေသနအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ဆက်စပ်ပတ်သက်သူများအားလုံး ကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့ပြီး နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)နှင့် အကျဉ်းထောင်တွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို သွားရောက်ကြည့်ရှု




**မန္တလေး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မတ် ၁၉ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)တွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေး အဝီစိတွင်း ဆောင်ရွက်ပြီးစီးမှုနှင့် အကျဉ်းဦးစီးဌာန မန္တလေးဗဟိုအကျဉ်းထောင် စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက်သင်ကြားရေးနှင့်လက်တွေ့တွင် အထောက်အကူပြုစေရန်၊ ပြည်တွင်းပြည်ပမှ ဆေးဖက်ဝင်အပင် လေ့လာလိုသူများ၊ သုတေသန ပြုလုပ်သူများအတွက် အထောက်အကူပြုစေရန် သရုပ်ပြ ပရဆေးဥယျာဉ်အတွင်း ရှားပါးမျိုးစိတ်များအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးမှ ပေါက်ရောက်သော ဆေးဖက်ဝင် အပင်များကို မျိုးထိန်း၊ မျိုးပွားစိုက်ပျိုးထားရှိမှု၊ တက္ကသိုလ်တွင် သောက်သုံးရေရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၁၈၀ ဖြင့် အကျယ်လေးလက်မ၊ အနက် ၂၅၅ ပေရှိ အဝီစိတွင်းဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုကာ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အကျဉ်းဦးစီးဌာန မန္တလေးဗဟိုအကျဉ်းထောင်ရှိ အမှတ်(၂၅) အခြေခံပညာ အထက်တန်းကျောင်းခွဲ စာစစ်ဌာနသို့ရောက်ရှိပြီး အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှု၊ အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးတွင် ပညာတစ်ပိုင်းတစ်စဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား၊ အကျဉ်းသူများ စာပေပညာများ ဆက်လက်သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားမှု၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ခြောက်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန လူငယ်သင်တန်းကျောင်းမှ လူငယ် တစ်ဦး၊ အကျဉ်းထောင်ဝန်ထမ်း ငါးဦး စုစုပေါင်း ၁၂ ဦး ဝင်ရောက်ဖြေဆိုနေမှု၊ စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ထားရှိမှု၊ စာရေးကိရိယာများ အခမဲ့အသုံးပြုနိုင်ရန် စီစဉ်ထားရှိမှု၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက် ထားရှိမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာမေးပွဲဖြေဆိုနေမှုများကိုကြည့်ရှု၍ စာမေးပွဲကြီးကြပ်ဆရာ၊ ဆရာမများကို အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကျိုက်လတ်မြို့နယ်တွင် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ဒေသထွက်ခဝဲသီးများ ယခုနှစ် မတ်လ ပထမပတ်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ခဝဲသီးတောင့် ၄၀၀၀၀ မှ ၄၅၀၀၀ ထိ ဝယ်ယူမှု အားကောင်းလာကြောင်း၊ အဆိုပါ ခဝဲသီးတောင့် ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

" ဒီဘက်ကထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။ လက်ရှိမှာ တစ်ရက်ကို ခဝဲသီးတောင့် ၄၅၀၀၀ ထိအရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ ခဝဲသီးတွေက အရည်အသွေး ကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေကို အခြားဒေသတွေက အဝယ်လိုက်နေပါတယ်။ အခုလို ဒေသထွက်ခဝဲသီးတွေ ဝယ်ယူမှုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုအဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ခဝဲသီးအပါအဝင် ဒေသထွက် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ ခဝဲသီးများ ဝယ်ယူမှု အားကောင်းလာသည့်အတွက် ထပ်မံတိုးချဲ့စိုက်ပျိုးရန် တောင်သူများ ပြင်ဆင်နေကြကြောင်း၊ ဒေသထွက်ကုန်များ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှု သက်သာခြင်း၊ လတ်ဆတ်သည့် သီးနှံများကိုသာ အရောင်းအဝယ် ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဝမ်းတွင်းမြို့နယ် လက်သက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း မတ် ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လက်သက်ကုန်း ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ လက်သက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်သက်ကုန်းရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ်၂၄ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၁၂ ဒသမ ၁၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

အောင်ရဲကျော်



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မြစ်ကြီးနားမြို့နေ ဒေါ်အေးရွှေ မိသားစုက ဦးအုန်းဆိုင် အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်က လက်ခံရယူစဉ်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၆၄၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၆၄၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၄၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၄၂ ဧက၊ မြင်းမူမြို့နယ်တွင် ၉၉ ဧက၊ မြောင်မြို့နယ်တွင် ၁၅၀၅ ဧက စုစုပေါင်း ၁၆၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ နှမ်းဧက ၄၄၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် နွေနှမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၇၈ ဧက၊ မြင်းမူမြို့နယ်တွင် ၁၄၅ ဧက၊ မြောင်မြို့နယ်တွင် ၄၁၃၂ ဧက စုစုပေါင်း ၄၄၅၅ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် နွေနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သဖြင့် အကျိုးစီးပွား ပိုမိုဖြစ်ထွန်းပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ရပ်စောက်မြို့နယ် မကျီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရပ်စောက် မတ် ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးကုန်းကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က မကျီးကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေ ပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၁၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက မကျီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရပ်စောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က ပြောပြ၍ သိရသည်။

ချိုသန်းညွန့်

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အသားစားကြက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ညောင်တုန်း မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း အသားစားကြက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ်မှ မွေးမြူရေးနှင့်ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက အသားစားကြက်ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ အသားစားကြက်ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အသားစားကြက်တွေ အကောင်လိုက် အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ ဖေဖော်ဝါရီလအတွင်း အသားစားကြက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့ကနေ ရန်ကုန်ဈေးကွက်ကို အသားစားကြက်တွေအပြင် အခြား ရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ အသားစားကြက်တွေ အများအပြား တင်ပို့ရောင်းချခဲ့ရတော့ အသားစားကြက် မွေးမြူရေးနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာတာ တွေ့ရပါတယ်''ဟု ညောင်တုန်းမြို့နယ်မှ မွေးမြူရေးနှင့် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် အသားစားကြက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ အသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု ကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# မြန်ပြည်ဖွားမှ ဟုတ်ပါစ

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**"ကြယ်သီးမတပ်၊ ရင်ကိုလှပ်၍**
**ကြားညှပ်ဘောင်းဘီ ၊ ဆံပင်ရှည်သည်**
**မြန်ပြည်ဖွားမှ ဟုတ်ပါစ"**

ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝ ၁၉၆၂-၁၉၆၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော အထက်တန်းကဗျာလက်ရွေးစင်ထဲက **"ဆရာစလင်းခင်မောင်ရည်"** ရေးစပ်ခဲ့သော **"ဆရာနှင့်သူ၏ကျောင်းသားများ"** ကဗျာ၏ပထမဆုံးအပိုဒ်ကို ကျွန်တော်နှုတ်တိုက်ရွရွ မကြာခဏရွတ်ဆိုနေမိပါသည်။

ဆရာစလင်းခင်မောင်ရည်က ထိုခေတ်ကာလက လမ်းသရဲလူငယ်များ၏ ရိုင်းစိုင်းမှုကို ရှုတ်ချသရော်စပ်ဆိုထားခြင်းဖြစ်သည်။ ကျွန်တော်ကတော့ ယနေ့ခေတ်မှာ အထူးသဖြင့် မိန်းကလေးကြီးငယ်များ ယိုသူမရှက် မြင်သူရှက်စရာကောင်းလောက်အောင် ရှက်ကြောပြတ် ဝတ်စားဆင်ယင်မှုများ၊ မမြင်သင့်သည်များကို အရှက်မရှိဖော်ပြပြီး ခန္ဓာကိုယ်ကို လေလံပစ်နေကြမှုများကိုကြည့်ပြီး ရင်ထဲမှာမချိလွန်းစွာဖြင့် ဆရာစလင်းခင်မောင်ရည်ကို အားကျပြီး ကဗျာတစ်ပိုဒ်ကို စပ်ဆိုခဲ့ပါသည်။

**"ထိုလှုပ်ဒီလှုပ်၊ အကုန်လှုပ်၍**
**စကတ်အတို၊ ပေါင်ရင်းကိုရောက်**
**ကဲမောက်ကာမ၊ လွန်ထကြွအောင်**
**နို့ဆွမြူဆွယ်၊ မာယာကြွယ်ပြီး**
**ဖလှယ်သွေးသား၊ ဈေးကစားသည့်**
**ကြေးစားအသွင်၊ ပုံရိပ်ထင်အောင်**
**အမြင်ရိုင်းစိုင်း၊ ထင်တိုင်းမိုက်မှား**
**ရွံ့ဖွယ်များသည်**
**မြန်ပြည်ဖွားမှ ဟုတ်ပါစ။ ။**

မြန်မာ့ယဉ်ကျေးမှုနှင့် လုံးဝဆန့်ကျင်လွန်းလှသည့် ကျောက်ခေတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများအပြင် ယုတ်ညံ့သိမ်ဖျင်း၊ ရိုင်းစိုင်းကြမ်းတမ်းလွန်းသောစကားအသုံးအနှုန်းများနှင့် ပြောဆိုပြုမူဆက်ဆံနေကြတာတွေကိုလည်း နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရသည်။

**"လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယမိနှင့်ဖ"**ဆိုသကဲ့သို့ အချို့မိဘများကိုယ်တိုင်က မြန်မာ့ယဉ်ကျေးမှုကိုဆန့်ကျင်နေကြလေရာ သူတို့၏ သားသမီးများသည် အဘယ်မှာလျှင် မြန်မာပီသကြပါတော့မည်နည်း။ ခေါင်က မိုးမလုံသောကြောင့် မြန်မာမပီသတော့ဘဲ လူမျိုးခြားကပြားများနှင့်တူကုန်ကြပါတော့သည်။ ဆံပင်ကို ဖြူနီကြောင်ကျား ဆေးဆိုးထားသော ကျောင်းသူကို မိဘအုပ်ထိန်းသူများကိုယ်တိုင် သွန်သင်ပြုပြင်ဆုံးမပေးရန်အတွက် ကျောင်းစည်းကမ်းအရ ဆင့်ခေါ်ခဲ့သော ကျောင်းအုပ်ဆရာကြီးသည် ကျောင်းသူ၏မိခင်ကိုမြင်တွေ့လိုက်ရသောအခါ ပင့်သက်ဖြာပြီး အာစေးမိသွားခဲ့ရသည်။ အကြောင်းမှာမူ ကျောင်းသူ၏မိခင်ကိုယ်တိုင်က ဆံပင်ဖြူနီကြောင်ကျားဖြစ်နေသည့်အပြင် ဆေးဆိုးပန်းရိုက်မျက်နှာနှင့် မသတီစရာ ဟန်မူရာပြသနေသောကြောင့်ပင်တည်း။ ခေါင်ကမိုးမလုံသောကြောင့်ပင်တည်း။

ယနေ့မြန်မာမိန်းကလေး မြန်မာအမျိုးသမီးကြီးငယ် အရွယ်မျိုးစုံ၊ အလွှာမျိုးစုံသည် ထဘီများကို မဝတ်ဆင်ကြတော့တဲ ဘောင်းဘီတို၊ ရှည်၊ စကတ်တို၊ ရှည်များကိုသာ ပင်တိုင်ထား ဝတ်ဆင်နေကြလေရာ ကြာလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှု(ထဘီဝတ်ဆင်ခြင်းဓလေ့) ပျောက်ကွယ်သွားမှာကို စိုးကြောက်နေကြရသကဲ့သို့ သူတို့ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို ကြည့်ပြီး မြန်မာလူမျိုးများမှဟုတ်ပါလေစဟု သံသယဝင်စရာကောင်းနေပါသည်။ မြန်မာထဘီများကိုချွတ်ပြီး ဘောင်းဘီ၊ စကတ်တွေကိုသာ ဝတ်ဆင်ကြမှ ခေတ်မီကြတော့မှာလားဟု သကြံန်သံချပ်ထိုးရမည့် ကိန်းဆိုက်နေလေပြီ။

> **❖ယနေ့မြန်မာမိန်းကလေး မြန်မာအမျိုးသမီး ကြီးငယ်အရွယ်မျိုးစုံ၊ အလွှာမျိုးစုံသည် ထဘီများကို မဝတ်ဆင်ကြတော့တဲ ဘောင်းဘီတို၊ ရှည်၊ စကတ်တို၊ ရှည်များကိုသာ ပင်တိုင်ထား ဝတ်ဆင်နေကြလေရာ ကြာလျှင် မြန်မာ့ရိုးရာယဉ်ကျေးမှု (ထဘီဝတ်ဆင်ခြင်းဓလေ့) ပျောက်ကွယ်သွားမှာကို စိုးကြောက်နေကြရသကဲ့သို့ သူတို့ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကိုကြည့်ပြီး မြန်မာလူမျိုးများမှ ဟုတ်ပါလေစဟု သံသယဝင်စရာကောင်းနေပါသည်။ မြန်မာထဘီများကိုချွတ်ပြီး ဘောင်းဘီ၊ စကတ်တွေကိုသာ ဝတ်ဆင်ကြမှ ခေတ်မီကြတော့မှာလားဟု သကြံန်သံချပ်ထိုးရမည့် ကိန်းဆိုက်နေလေပြီ။ ❖**

မိဘများသည် သားသမီးများနှင့် နေ့ရောညပါ အနီးကပ်နေထိုင်ကြရသူများဖြစ်သဖြင့် သားသမီးများက အစစအရာရာတွင် အားကျအတုယူသင့်သည့် စံပြမိဘကောင်းများဖြစ်နေကြရပါမည်။

လူကြီးမိဘများက ဇာတ်ကနေကြသူများ၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များနှင့် အလားတူကြသည်။ ကလေးသူငယ် လူငယ်များက ပွဲကြည့်ပရိသတ်များ ရုပ်ရှင်ဗီဒီယိုကြည့်ပရိသတ်များနှင့် အလားတူကြသည်။ လူကြီးမိဘများ၏ ကကြိုးကကွက်၊ သရုပ်ဆောင်ချက်၊ ဇာတ်လမ်းကောင်းမကောင်းအပေါ်တွင် ကလေးသူငယ်လူငယ်များ၏ ဘဝအတိမ်းအစောင်းသည်ဖြစ်ပေါ်လေ့ရှိပါသည်။ ဆိုလိုတာက အားကျအတုယူမှုကောင်းလျှင် လူငယ်ဘဝတိုးတက်သည်။ အားကျအတုယူမှု မကောင်းလျှင် လွဲမှားလျှင် လူငယ်ဘဝ ဆုတ်ယုတ်ပျက်စီးစေပါသည်။

အတုမြင် အတတ်သင်ဆိုသလို ကောင်းကျိုးမပြုသော မဟုတ်မဟတ်များဆိုလျှင် အတတ်မြန်၊ အတုခိုးမြန်ကြသည်။ အထူးသဖြင့် ရုပ်ရှင်၊ ဗီဒီယို၊ မော်ဒယ်လ်ရှိုး၊ ကားကြော်ငြာ၊ အရက်ကြော်ငြာများထဲမှ သရုပ်ဆောင်တချို့၏ ရှက်ကြောပြတ် ကျောက်ခေတ်လူသားဝတ်ဆင်မှုများမှာ အော့ကြောလန်၊ အန်ချင်စရာ၊ မသတီစရာ အလွန်ကောင်းလှပါသည်။

လက်ကိုင်ဖုန်းများထဲမှ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများ၊ ဗီဒီယိုများ၊ ဆင်ဆာမဲ့အခွေများ၊ ညစ်ညမ်းခွေများနှင့် ဓာတ်ပုံများကြောင့် ယနေ့ကျောင်းသားလူငယ်တချို့မှာ ဘဝပန်းတိုင်ပျောက်နေကြပါသည်။ မူးယစ်ဆေးစွဲ၊ ခိုးဆိုးလုယက်၊ ရိုက်နှက်သတ်ဖြတ်မှုများကို ကျူးလွန်လာခဲ့ကြသည်။ ဆဋ္ဌမတန်းကျောင်းသား၊ ကျောင်းသူအရွယ်အဆင့်ကပင် ဒေးကလပ်၊ နိုက်ကလပ်များသို့ သွားလာနေကြကာ ငွေကြေးတတ်နိုင်သူများက ကြယ်ငါးပွင့်အဆင့် ဟိုတယ်များတွင်လည်းကောင်း၊ ငွေကြေးသင့်ရုံတတ်နိုင်သူများက နာရီပိုင်းသာ လက်ခံကြသော မိုတယ်၊ အင်း၊ တည်းခိုခန်းအမည်ခံ (မီးခိုးမထွက်သောစက်ရုံများ)တွင်လည်းကောင်း အနားယူပျော်ပါးနေကြပါသည်။ သဘောထားချင်းမတိုက်ဆိုင်တော့မှ ကာမလိမ်လည်ရယူမှုနှင့်အမှုဖွင့်ကြသူများလည်း ရှိနေပါသည်။ ခုမြင်၊ ခုကြိုက်၊ ခုလိုက်၊ ခုကွဲ မမြဲကြဘဲ အိမ်ထောင်ရေးကို ကလေးကစားစရာလို သဘောထားလာကြသည်။ အချို့လက်မထပ်ဘဲ အတူနေကြသည်။

အထူးသဖြင့်၊ အဘက်ဘက်က နစ်နာကြသူများမှာ မိန်းကလေးများသာဖြစ်ကြပါသည်။ ဤနေရာတွင် ၂၀၁၂ ခုနှစ်က အရောင်းရဆုံးစာရင်းဝင် **"စာရေးဆရာမ ပါမောက္ခဒေါက်တာချိုချိုတင် (မြန်မာစာ)"**၏ **"မြန်မာစာသုတေသနစာတမ်းများ"** စာအုပ်ထဲမှ **"မြန်မာအမျိုးသမီးငယ်များ၏ သဘာဝဆန်းစစ်ချက်"**အခန်းပါ မှတ်သားလိုက်နာစရာအချို့ကို အလျဉ်းသင့်သဖြင့် ထပ်ဆင့်မျှဝေပေးလိုပါသည်။

မြန်မာအမျိုးသမီးများ၏ အသက် ၁၀ နှစ်အရွယ်ကို **“ကညာ”** အပျိုစင်ဟုလည်းကောင်း၊ ကညာကို အင်္ဂလိပ်စကားမှာ **"အပျိုစင်စစ်"** (Vergia) ဟုလည်းကောင်း၊ ရှေးဟိန္ဒူကျမ်းများတွင် ကညာအပျိုစင်လေးတွေကို **“အဖိုးထိုက်တန်သော အာယုဝဍ္ဍနဆေးတစ်မျိုး”**ဟုလည်းကောင်း ခေါ်ဆိုကြကြောင်း၊ ကုန်းဘောင်ခေတ်စိန္တကျော်သူ ဦးဩ၏ ကဝိလက္ခဏာ သတ်ပုံကျမ်းတွင် **"ကညာလေးရပ်၊ စွန့်ငါးထပ်၊ ချစ်အပ်တစ်ပါးသာ"**ဟုစပ်ဆိုထားပြီး (၁) မင်းမျိုး ကညာ၊ (၂) ပုဏ္ဏားမျိုးကညာ၊ (၃) ကုန်သည်မျိုးကညာ (၄) လယ်ထွန်မျိုးကညာဟူ၍ ကညာလေးမျိုး သတ်မှတ်ထားကြောင်း၊ ဖော်ပြထားရာ ကညာအပျိုစင်၏သိက္ခာနှင့်တန်ဖိုးကို လူမျိုးတိုင်းအလေးထားကြောင်း သုံးသပ်နိုင်ပါသည်။ ထို့ကြောင့် **"မိန်းကလေးတို့ဣန္ဒြေ ရွှေပေးလို့မရ"**ဟူသောစကားပုံ ပေါ်ပေါက်လာခြင်းဖြစ်သည်။

အသက်အရွယ်အပိုင်းအခြားအလိုက် (၁) ခုနစ်နှစ်အရွယ်ကို **“ဒါရိကာ”**၊ (၂) ရှစ်နှစ်အရွယ်ကို**“ဂေါရီ”**၊ (၃) ဆယ်နှစ်အရွယ်ကို **“ကညာ"**၊ (၄) ၁၂ နှစ် အရွယ်ကို **“ကုမာရီ”**၊ (၅) ၁၃နှစ်အရွယ်ကို **“သွေးစုန်း”**၊ (၆) ၁၅နှစ် အရွယ်ကို **“မျက်မည်း”**၊ (၇) ၂၀ နှစ်အရွယ်ကို **“မျက်ဝန်း”**၊ (၈) ၂၅နှစ်အရွယ်ကို **“မျက်ညွတ်”**၊ (၉) ၄၀ နှစ်အရွယ်ကို **“မြောင်းတူး”**ဟူ၍ အသက်အရွယ်အလိုက် ကညာကိုးရပ် သတ်မှတ်ထားကြောင်း၊ ထို့ပြင် အမျိုးသမီးများကို အသက်အရွယ်အလိုက် အဆင့်သတ်မှတ်ထားရာ (၁) မွေးဖွားချိန်မှ ၁၀ နှစ်ထိ **"မန္ဒဒသက"** = အကျိုးအပြစ်ကို ကောင်းစွာမသိသေးသော မိုက်မဲသည့်အရွယ်၊ (၂) ၁၀ နှစ်အရွယ်သို့ ရောက်လာပါက **“ခိဍ္ဍာဒသက”** = အလွန်ပျော်ပါးမြူးထူးလိုသောအရွယ်၊ (၃) အသက် ၂၁ နှစ်မှ ၃၀ နှစ်ထိ **“ဝဏ္ဏဒသက”**= ရုပ်ဆင်းရှိသမျှ အစွမ်းကုန်လှပသည့်အရွယ်၊ (၄) အသက် ၃၀ မှ ၄၀ နှစ်ထိ **“ဗလဒသက”**= အားရှိသမျှ အစွမ်းကုန်ကြီးမားသည့်အရွယ်၊ (၅) အသက် ၄၀ မှ ၅၀ နှစ်ထိ **“ပညာဒသက"** = ပညာရရန်ရှိသမျှ အစွမ်းကုန်ကြီးမားသည့်အရွယ်၊ (၆) အသက် ၅၀ မှ ၆၀ နှစ်ထိ **“ဟာနိဒသက”** = တစ်နှစ်ထက်တစ်နှစ်ဆုတ်ယုတ်သည့်အရွယ်၊ (၇) အသက် ၆၀ မှ ၇၀ နှစ်ထိ **“ပဗ္ဘာရဒသက”** = အသားအရေရှုံ့သည့်အရွယ်၊ (၈) အသက် ၇၀ မှ ၈၀ နှစ်ထိ **“ဝင်္ကဒသက”**= ခါးကုန်းသည့်အရွယ်ဟူ၍ အဆင့်ရှစ်ဆင့်ခွဲခြား သတ်မှတ်ထားကြောင်းဖော်ပြထားရာ အသက်အရွယ်အဆင့်အရ မိမိတို့ဘဝနှင့် သင့်တင့်မျှတစွာနေထိုင်ကျင့်ကြံကြရန် အသိသတိပေးထားခြင်းဖြစ်သည်။

မြန်မာမိန်းကလေးများမှာ (၁) အဆင်းလှခြင်း (၂) စည်းစိမ်ချမ်းသာရှိခြင်း (၃) သီတင်းသီလဆောက်တည်ခြင်း (၄) တတ်သိလိမ္မာခြင်း (၅) လုံ့လဝီရိယရှိခြင်းဟူသောအင်္ဂါငါးရပ်ရှိကြောင်း **“ဓမ္မပဒ”** တွင် (၁) ဆဝိကလျာဏ= အရေကောင်းခြင်း၊ အဆင်းချောခြင်း၊ (၂) ဝယကလျာဏ = အရွယ်ကောင်းခြင်း၊ (၃) မသကလျာဏ= အသားအရေနူးညံ့ခြင်း၊ (၄) အဋ္ဌိကလျာဏ= အရိုးအဆစ်ပြေပြစ်ခြင်း၊ (၅) ကေသကလျာဏ= ဆံပင်ကောင်းခြင်း စသည့်အင်္ဂါရပ်ငါးရပ်ရှိမှ မိန်းမကောင်းဟု သတ်မှတ်ထားကြောင်း၊ **“သုတ္တနိပါတ်အဋ္ဌကထာ”** မှာ မိန်းကလေးများ ပျက်စီးရာပျက်စီးကြောင်း “လော်လီခြင်းငါးပါး” သတ်မှတ်ထားရာတွင် (၁) အာဟာရလောလ = စားသောက်မှု၌ လော်လီခြင်း၊ (၂) အလင်္ကာရလောလ = အဝတ်တန်ဆာမှု၌ လော်လီခြင်း၊ (၃) ပုရိသလောလ = ယောကျ်ားတစ်ပါး၌ လော်လီခြင်း၊ (၄) နေလောလ= ပစ္စည်းဥစ္စာ၌ လော်လီခြင်း၊ (၅) ပါဒလောလ= ထိုထိုဤဤအလီလီသို့ သွားလာလည်ပတ်မှု၌ လော်လီခြင်းဟူ၍ လော်လီခြင်း၊ ၅ ရပ်သတ်မှတ်ထားကြောင်း ဖော်ပြထားရာ မိမိတို့သည် မည်သည့်အခြေအနေတွင်ရှိကြောင်း ဆင်ခြင်သုံးသပ်သင့်ကြပါသည်။

မြန်မာမိန်းကလေးများ၏ ဘဝကောင်းကျိုးတန်ဖိုးနှင့် ဆိုးကျိုးဒုက္ခအန္တရာယ်ကို သိကြနားလည်စေချင်ကြသောကြောင့် ကျွန်တော်ကောက်နုတ်မျှဝေပေးခြင်းဖြစ်ပါသည်။ သို့သော် **“လူကို စိတ်ကအုပ်ချုပ်၏။ စိတ်ကို ဉာဏ်ပညာက အုပ်ချုပ်၏။ ဉာဏ်ပညာကို ဗဟုသုတကအုပ်ချုပ်၏။ သို့ဖြစ်၍ ဗဟုသုတရှိအောင် စာအုပ်စာတမ်းအမျိုးမျိုးတို့ကို ဖတ်ကြကုန်လော့”** ဟူသော **“ဆရာကြီးပီမိုးနင်း”** ၏ ဆုံးမဩဝါဒကို ဖတ်ကြား မှတ်သားလိုက်နာကျင့်ကြံမှုမရှိကြဘဲ ဖေ့စ်ဘွတ်၊ အင်တာနက်များကိုသာ အာရုံစိုက်အားကိုးနေကြသောကြောင့် အမှားအမှန်မခွဲခြားနိုင်ကြတော့ဘဲ တလွဲဆံပင်ကောင်းနေကြသည်။

အထူးသဖြင့် ဟီရိဩတ္တပ္ပလောကပါလတရားနှစ်ပါးကင်းမဲ့နေကြသော ယနေ့ခေတ်၏သားကောင်မိန်းကလေးတချို့ အသိဝင်ဆင်ခြင်သင့်ပါသည်။ **“ဓိတရောဝါဒပျို့ သမီးဆုံးမစာ”** မှာ **“တန်ဆာပလာ၊ ဆင်သည်မှာထား၊ ပီတာရှေ့တွင်၊ ရှုလေမြင်အောင်၊ ကိုယ်တွင်အဝတ်၊ လဲမချွတ်နှင့်၊ နုထွတ်မျက်နှာ၊ ကိုယ်ခန္ဓာကို၊ ဆင်းဝါရုပ်သွင်၊ အရောင်တင်သော်၊ ကွယ်လွှင်ဌာန၊ လျှို့ဝှက်ကြရှင့်”**ဟု မိန်းကလေးများ အဝတ်အထည်လဲလှယ်သည့်အခါ ဖခင်၊ အစ်ကိုနှင့်မောင်များ၏ရှေ့တွင် မလဲလှယ်ကြရန်၊ နံ့သာလိမ်းခြယ်ကြရာတွင်လည်း မမြင်အပ်သည်တို့ကို ကွယ်ဝှက်ထားရန် သတိပေးထားခြင်းဖြစ်သည်။ သို့သော် ယခုခေတ်မှာတော့ ကွယ်ဝှက်ထားကြခြင်း အလျှင်းမရှိကြတော့ဘဲ ခန္ဓာကိုယ်တစ်ကိုယ်လုံးကို ဖော်လှစ်ဖွင့်ပြ၊ လေလံပစ်နေကြလေရာ မမြင်ချင်အဆုံး အော့နှလုံးနာစရာကောင်းလှပါသည်။

သူတို့က ရှက်ကြောပြတ်၊ ဖော်ပြလေလံပစ်နေကြလေတော့ ယောကျ်ားကြီးငယ်တချို့ကလည်း ကာမရာဂပိုးများ ထကြွလာကြကာ အဓမ္မကျင့်ကြံမှုများ၊ ကာယိန္ဒြေဖျက်ဆီးမှုများ ဆက်စပ်ပြီးယှက်နွယ်နေသည့် သက်ငယ်မုဒိမ်းမှုများကို ကျူးလွန်လာကြပါတော့သည်။

ထို့ကြောင့် **“မဃဒေဝလင်္ကာ”**မှာ **“လူ့ရွာအတီး၊ ဝေါဟာပြီးသား၊ သမီးတစ်ကောင်၊ နွားတစ်ထောင်၊ လုံအောင်အမြဲ၊ စောင့်နိုင်ခဲ”**ဟု ဆိုဆုံးမထားပါသည်။

**စာမျက်နှာ ၅ သို့ ➤**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံထောပတ်ပဲ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၆ ဒသမ ၈၉ တင်း ထွက်ရှိ



**ထီးချိုင့် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၅၀၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၈၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ထောပတ်ပဲ ၃၅၀၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲ စိုက်ပျိုးမှုအနေနဲ့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေ ရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးကြသော တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းမှု စသည့်အသိပညာများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

(၂၀၆)

## ပြည်သူ့တပ်မတော်

\- တပ်မတော်သည်
တိုင်းပြည်ရဲ့ ခွန်အား၊
အရေးကြုံခါ ပြည်အရေးကို
မနှေးကူသွား။

\- တပ်မတော်သည်
တိုင်းပြည်ရဲ့ စည်းရိုး၊
ပြည်သူ့ရန် ကာကွယ်တတ်
စောင့်ကြပ်ရှေ့တိုး။

\- တပ်မတော်သည်
တိုင်းပြည်ရဲ့ လမ်းပြကောင်း၊
ပြည်သူကို လမ်းမှန်ပြလို့
ဖေးမကူကြောင်း။

\- တပ်မတော်သည်
တိုင်းပြည်ရဲ့ ခြေလက်၊
ကိုယ့်ပြည်ရွာ တည်ဆောက်ရေးကို
လုပ်ကျွေးမပျက်။

\- တပ်မတော်သည်
တိုင်းပြည်၏ ဘုန်းလက်ရုံး၊
လေးသစ္စာ ရင်ဝယ်ထားလို့
နိုးကြားစည်းရုံး။

\- တပ်မတော်သည်
တိုင်းပြည်ရဲ့ ထက်မြက်ဓား၊
ပြည်ဖျက်ရန် အမျိုးယုတ်တွေကို
ထိုးခုတ်ဟန့်တား။

\- တပ်မတော်သည်
တိုင်းပြည်ရဲ့ ရင်ဖြစ်သွေး၊
လူမျိုးဘာသာ သာသနာအတွက်
အသက်တွေပေး။ ။

**မောင်နွေဦး(လယ်ဝေး)**

**စာမျက်နှာ ၄ မှအဆက် ➤**

အချို့မိဘများခမျာ သမီးမိုက်၏လိမ်ညာမှုကိုမသိကြရှာ။ အိမ်မှထွက်သွားတော့ အဝတ်အစားကတစ်မျိုး၊ လမ်းနှင့်အပြင်ရောက်တော့ အဝတ်အစားကတစ်မျိုး၊ အပြောတစ်မျိုး အလုပ်တခြားဖြင့် မိဘများကိုလှည့်စားလှည့်ဖြားနေကြပါသည်။

"ငယ်သော် **"သမီး"**၊ ကြီးသော် **"ထီး"**၊ သမီးအလိမ္မာ။ ငယ်သော် **"သမီး"** ကြီးသော် **"မီး"**၊ သမီးအမိုက်ပါ" ဟူသောဆိုစကားရှိပါသည်။ သမီးကလေးမွေးဖွားလာတော့ သမီးလေးကြီးလာလျှင် တို့မိဘတွေထီးလိုခိုလှုံခွင့်ရမှာပဲ။ သမီးလိမ္မာလေးဖြစ်မှာပဲဟု မျှော်လင့်အားခဲထားကြသော်လည်း၊ ကြီးလာသောသမီးလေးက မိုက်ရိုင်းစော်ကားအကျင့်စာရိတ္တပျက်ပြားလာသောအခါ ထီးလိုခိုလှုံခွင့်မရကြဘဲ မီးလိုဝါးမျိုလောင်မြိုက်ခြင်းခံကြရသည့် မိဘတွေမြောက်မြားစွာရှိနေကြပါသည်။

မိဘတွေမြောက်မြားစွာမှသည် နိုင်ငံနှင့်ချီ၍ ဆင်ခြင်သုံးသပ်ကြစေချင်ပါသည်။ ရှေးပဝေသဏီကလို တောင်ရှည်ပုဆိုး၊ ထိုင်မသိမ်းအင်္ကျီသျှောင်ထုံး၊ ဘီအေဆံထုံးမျိုးတွေ ဆင်ယင်ထုံးဖွဲ့ကြရန်မလိုပါ။ ခေတ်ကာလနှင့်အညီ ဝတ်စားဆင်ယင်သင့်ပါသည်။ သို့သော်အရိုးကိုတော့ အရွက်မဖုံးအောင် မျိုးမစစ်၊ မျိုးမချစ်များ၏ အန္တရာယ်များကိုကာကွယ်တားဆီးကြစေချင်ပါသည်။

ဝိုင်အမ်ဘီအေခေတ်က **ကြွေးကြော်သံကဲ့သို့ "အမျိုးကိုချစ်ပါ၊ ဘာသာကိုလေးစားပါ။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ကာကွယ်မြှင့်တင်ပါ။ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကိုလေးစားပါ။ စောင့်ရှောက်ကူညီပါ။ မြန်မာလူမျိုးပီသကြပါ။ မြန်မာ့ဂုဏ်ရောင်ကို ထွန်းပြောင်အောင် လက်တွဲညီညီ စွမ်းဆောင်ကြပါ"**ဟု သံပြိုင်ကြွေးကြော်ကြရင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုထိန်းသိမ်းမြှင့်တင်ကြစေချင်ပါသည်။

**"အားလုံးမှာ အမျိုးသားရေး တာဝန်ကိုယ်စီရှိကြပါသည်"**

# နိုင်ငံတကာ သတင်းများ

## ဖရီးဒမ်းရှီးလ်အမည်ရှိ ၁၁ ရက်ကြာပူးတွဲစစ်ရေးလေ့ကျင့်မှု တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ အဆုံးသတ်



ဆိုးလ် မတ် ၂၀

ဖရီးဒမ်းရှီးလ်အမည်ရှိ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က ယနေ့တွင် အဆုံးသတ်ခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

၁၁ ရက်ကြာ ပြုလုပ်ခဲ့သည့် ဖရီးဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များသည် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်အနီးတွင် မြစ်ကူးလေ့ကျင့်မှုများလည်းပြုလုပ်ခဲ့သည်။

အဆိုပါ မြစ်ကူးလေ့ကျင့်မှုကို တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံနယ်စပ်အနီး ယောင်ချွန်ဒေသ၌ ပြုလုပ်ခဲ့ပြီး အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ဦးရေ ၆၀၀ နှင့် သံချပ်ကာ ယာဉ်အစီးရေ ၁၀၀ တို့ ပါဝင်ခဲ့ကြကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယိုးက စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန်ကြိုးစားခဲ့ပြီးနောက်ပိုင်း နိုင်ငံရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရစဉ် တောင်ကိုရီးယားနိုင်ငံက ဖရီးဒမ်းရှီးလ်အမည်ရှိ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အမေရိကန်နိုင်ငံနှင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံနှင့် တောင်ကိုရီးယားတို့၏ ဖရီးဒမ်းရှီးလ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယားနိုင်ငံက ပြင်းထန်စွာဝေဖန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် မှတ်ယူထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယူကရိန်းနယ်မြေလေးခုကို ရုရှားပိုင်အဖြစ် အမေရိကန်အသိအမှတ်ပြုရန် သမ္မတပူတင်ဆန္ဒရှိနေ

မော်စကို မတ် ၂၀

ကရိုင်းမီးယား ကျွန်းဆွယ်အပြင် ရုရှားပိုင်နယ်မြေများအဖြစ် ကြေညာထားသော ယူကရိန်းနယ်မြေလေးခုလုံးကို ရုရှားပိုင်နယ်မြေများအဖြစ် အမေရိကန်နိုင်ငံက တရားဝင်အသိအမှတ်ပြုရန် ရုရှားသမ္မတပူတင်က ဆန္ဒရှိနေကြောင်း ရုရှားမီဒီယာများက မတ် ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

လူးဟန့်စ်၊ ဒွန်းနက်စ်၊ ဇာပိုရစ်ဇီယာနှင့် ခါဆန်ဒေသတို့ကို ရုရှားပိုင်နယ်မြေများအဖြစ် အမေရိကန်အစိုးရက တရားဝင်အသိအမှတ်ပြုရန် သမ္မတပူတင်က လိုလားနေကြောင်း ရုရှားအစိုးရသတင်းအရင်းအမြစ်များက ပြောကြားသည်။

အဆိုပါနယ်မြေလေးခုတို့မှာ သုံးနှစ်ကျော်ကြာ ယူကရိန်းစစ်ပွဲကာလအတွင်း ရုရှားတပ်များထိန်းချုပ်ထားရာနယ်မြေများဖြစ်သည်။

သို့ရာတွင်အဆိုပါဒေသလေးခုကို ရုရှားတပ်များအနေဖြင့် အပြည့်အဝ ထိန်းချုပ်ထားနိုင်မှုမရှိသေးကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ မတ် ၁၈ ရက်က ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ရာ အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ယူကရိန်းစွမ်းအင်ကဏ္ဍအခြေခံအဆောက်အအုံများတိုက်ခိုက်မှုကို ရက် ၃၀ ရပ်ဆိုင်းပေးရန် ရုရှားသမ္မတပူတင်က သဘောတူခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယ၌ ဆန္ဒပြလယ်သမားများ၏ သပိတ်စခန်းကို ရဲတပ်ဖွဲ့က ဖယ်ရှားရှင်းလင်း

ဒေလီ မတ် ၂၀

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ်တစ်နေရာ၌ ဖွင့်လှစ်ထားသည့် ဆန္ဒပြလယ်သမားများ၏ သပိတ်စခန်းကို ပန်ဂျပ်ပြည်နယ်ရဲတပ်ဖွဲ့က မြေထိုးစက်များဖြင့် ရှင်းလင်းဖယ်ရှားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထို့ပြင် ပန်ဂျပ်ပြည်နယ်ရဲတပ်ဖွဲ့သည် သပိတ်စခန်းကိုရှင်းလင်းစဉ် ဆန္ဒပြလယ်သမား အများအပြားကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။



ကောက်ပဲသီးနှံ ပေါက်ဈေးများမြင့်တက်လာရေးအတွက် ဆန္ဒပြတောင်းဆိုနေကြသည့် အဆိုပါလယ်သမားများသည် ပြီးခဲ့သည့်နှစ်ဖေဖော်ဝါရီလကပင် ပန်ဂျပ်ပြည်နယ်နှင့် ဟာယာနာပြည်နယ်အကြား၌ သပိတ်စခန်းများ ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်သည်။

ဒေလီမြို့သို့ချီတက်ရန် ကြိုးပမ်းစဉ် ရဲတပ်ဖွဲ့၏ တားဆီးမှုကြောင့် ဆန္ဒပြလယ်သမားများက ၎င်းနေရာ၌ သပိတ်စခန်းဖွင့်ထားကြခြင်းဖြစ်သည်။

ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ ဦးဆောင်သော အိန္ဒိယအစိုးရအဖွဲ့သည် လယ်သမားများ၏ ဆန္ဒပြပွဲများကြောင့် ၂၀၂၁ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး ဥပဒေအချို့ကို ပယ်ဖျက်ပေးခဲ့ရသည်။

ထိုစဉ်က အိန္ဒိယလယ်သမားများသည် ဒေလီမြို့ပြင်၌ သပိတ်စခန်းဖွင့်၍ ဆန္ဒပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ နှစ်နိုင်ငံ အကျဉ်းသားချင်းလဲလှယ်မှုပြုလုပ်



မော်စကို မတ် ၂၀

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် မတ် ၁၉ ရက်က နှစ်နိုင်ငံ အကျဉ်းသားချင်း လဲလှယ်မှုပြုလုပ်ခဲ့ရာ နှစ်ဖက်အကျဉ်းသား ဦးရေ ၃၅၀ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

မတ် ၁၉ ရက် အကျဉ်းသားချင်း လဲလှယ်မှုသည် သုံးနှစ်ကျော်ကြာ ယူကရိန်းစစ်ပွဲအတွင်း နှစ်ဖက်အကျဉ်းသားများ အများဆုံးပြန်လည်လွတ်မြောက်ခဲ့သော အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

မတ် ၁၉ ရက် အကျဉ်းသားချင်း လဲလှယ်မှုအစီအစဉ်တွင် ယူကရိန်းအကျဉ်းသား ၁၇၅ ဦးနှင့် ရုရှားအကျဉ်းသား ၁၇၅ ဦးတို့ ပြန်လည်လွတ်မြောက်လာခဲ့ကြကြောင်း သိရသည်။

ယူကရိန်းစစ်ပွဲ အပစ်အခတ်ရပ်စဲရေးအတွက် အမေရိကန်နှင့် ရုရှားခေါင်းဆောင်များကြား ဆွေးနွေးပြီးနောက် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို ရုရှားနှင့် ယူကရိန်းနိုင်ငံတို့က ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

မတ် ၁၉ ရက် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုသည် ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့၏ ဖုန်းခေါ်ဆိုဆွေးနွေးမှုမတိုင်မီကပင် စီစဉ်ထားသည့် အကျဉ်းသားချင်းလဲလှယ်မှုဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်ခရီးသည်များကို ဗီဇာကင်းလွတ်ခွင့်ပေးရန် တောင်ကိုရီးယားအစိုးရ စီစဉ်ထား

ဆိုးလ် မတ် ၂၀

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ယခုနှစ်တတိယသုံးလပတ်အတွင်း တရုတ်ခရီးသွားဧည့်သည်များကို ဗီဇာကင်းလွတ်ခွင့်ပေးရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင် ကိုရီး ယား နိုင် ငံခြား ခရီးသွားဧည့်သည်များကို ဗီဇာမဲ့ ပြည်ဝင်ခွင့်ပေးထားမှုကို တရုတ်အစိုးရက သက်တမ်းထပ်တိုးပေးခဲ့ပြီးနောက် တရုတ်ခရီးသွားဧည့်သည်များကို ဗီဇာကင်းလွတ်ခွင့်ပေးရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။




တောင်ကိုရီးယား နိုင်ငံသို့ တရုတ်ခရီးသွား ဧည့်သည်များ ဝင်ရောက်မှုကို မြှင့်တင်ရေးအတွက် တရုတ်ခရီးသွားဧည့်သည်များကို ယခုနှစ် တတိယ သုံးလပတ်ကာလအတွင်း ဗီဇာကင်း လွတ်ခွင့် ပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား ယာယီသမ္မတ ချွိုင်ဆန်မော့ခ်က ပြောကြားထားသည်။

တောင်ကိုရီးယားနိုင်ငံသည် ယခုနှစ် စတုတ္ထ သုံးလပတ်အတွင်း အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ထိပ်သီးညီလာခံကို လက်ခံကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ အေပက်ထိပ်သီးညီလာခံကို ယဉ်ကျေးမှုအမွေအနှစ် ခရီးသွားမြို့တော်အဖြစ် ထင်ရှားသောဂျောင်ဂျူမြို့၌ ကျင်းပရန် စီစဉ်ထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ ခရီးသွားဧည့်သည် ၁၆ ဒသမ ၄ သန်း ဝင်ရောက်ခဲ့ရာ ၂၈ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသားများဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## Galactic Energy အာကာသနည်းပညာကုမ္ပဏီက စီးရက်စ်-၁ ဒုံးပျံဖြင့် ဂြိုဟ်တုရှစ်စင်းကို လွှတ်တင်



**ပေကျင်း မတ် ၂၀**

တရုတ်နိုင်ငံအခြေစိုက် Galactic Energy အာကာသနည်းပညာကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံဖြင့် ဂြိုဟ်တုရှစ်စင်းကို မတ် ၁၈ ရက်တွင် လွှတ်တင်ခဲ့ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

အဝေးအာရုံခံစနစ် ဂြိုဟ်တုရှစ်စင်း သယ်ဆောင်ထားသော စီးရက်စ်-၁ ဒုံးပျံကို အတွင်းမွန်ဂိုလီးယားဒေသ ချိကွမ်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် စီးရက်စ်-၁ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုရှစ်စင်းကို ကမ္ဘာမြေပြင်အထက် ၅၃၅ ကီလိုမီတာအကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

မတ် ၁၈ ရက် မစ်ရှင်သည် စီးရက်စ်-၁ ဒုံးပျံများ၏ ၁၈ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Galactic Energy ကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံများဖြင့် ဂြိုဟ်တုအစင်းပေါင်း ၇၁ စင်းကို ကမ္ဘာပတ် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

ကိုယ်ထည်အလျား မီတာ ၂၀ ခန့်နှင့် အချင်း ၁ ဒသမ ၄ မီတာထိရှိပြီး အလေးချိန်ကီလိုဂရမ် ၃၀၀ ထိရှိသော ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၅၀၀ အကွာတွင်ရှိသော ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO


## လကမ္ဘာ၏အခြားဘက်ခြမ်းက ချော်ရည်ပူသမုဒ္ဒရာကြီးတစ်ခုဖြစ်ခဲ့ဖူး

**ပေကျင်း မတ် ၂၀**

လကမ္ဘာ၏အခြားဘက်ခြမ်းသည် တစ်ချိန်သောအခါက ချော်ရည်ပူသမုဒ္ဒရာကြီးတစ်ခုဖြစ်ခဲ့ဖူးကြောင်း တရုတ်သိပ္ပံပညာရှင်များက မတ် ၁၉ ရက်တွင် ပြောကြားသည်။

ချန်အာ-၆ လဆင်းယာဉ်က ရယူပေးနိုင်ခဲ့သော လကမ္ဘာအခြားဘက်ခြမ်း ကျောက်သားနမူနာ အထောက်အထားများအရလကမ္ဘာအခြားဘက်ခြမ်းကို လွန်ခဲ့သော နှစ်ပေါင်း လေးဘီလီယံခန့်က ချော်ရည်ပူသမုဒ္ဒရာကြီး ဖုံးလွှမ်းထားခဲ့ဖူးကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ချော်ရည်ပူသမုဒ္ဒရာကြီးသည် နှစ်ပေါင်းသန်းရာနှင့်ချီ၍ တည်တံ့ခဲ့ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။



တရုတ် အမျိုးသားအာကာသအေဂျင်စီ၏ ချန်အာ-၆ လဆင်းယာဉ်သည် လကမ္ဘာအခြားဘက်ခြမ်းရှိ ဆောက်သ်ပိုးလ်အိုက်ကန် လွင်ပြင်ဒေသမှ ကျောက်သားနမူနာ ၁၉၃၅ ဂရမ်ကိုကမ္ဘာပေါ်သို့ ပြန်လည်ပို့ဆောင်နိုင်ခဲ့သည်။

အဆိုပါ ကျောက်သားနမူနာများကို လေ့လာဆန်းစစ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များသည် တစ်ချိန်သောအခါက လကမ္ဘာအခြားဘက်ခြမ်းကို ချော်ရည်ပူသမုဒ္ဒရာ ဖုံးလွှမ်းထားသည်ဟူသော သီအိုရီမှန်ကန်မှုကို အတည်ပြုပေးနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၅ လဆင်းယာဉ်ဖြင့်လည်း လကမ္ဘာကျောက်သားနမူနာများ ရယူခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် မတ် ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု ၂၃ စင်းကို မတ် ၁၈ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၃ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၁၉ ကြိမ်မြောက် အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မတ် ၁၈ ရက်တွင် လွှတ်တင်ခဲ့သည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်း အနက် ၁၃ စင်းမှာ ဆဲလ်ဖုန်းများအတွက် အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သည့် ဂြိုဟ်တုများ ဖြစ်ကြကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်းတည်ဆောက်နေသော စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်း ၈၀၀၀ ကျော်လွှတ်တင်ထားပြီး ၇၁၀၀ ကျော်မှာ လုပ်ငန်းလည်ပတ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ဆေးခြောက်သုံးစွဲသူလူငယ်များ နှလုံးဖောက်နိုင်ခြေ ပုံမှန်ထက် မြင့်မားနိုင်

**နယူးယောက် မတ် ၂၀**

ဆေးခြောက်သုံးစွဲသူ လူငယ်များအနေဖြင့် ဆေးခြောက်လုံးဝ မသုံးစွဲသူများနှင့် နှိုင်းယှဉ်ပါက နှလုံးရုတ်တရက် ဖောက်နိုင်ခြေ ပုံမှန်ထက်ခြောက်ဆ ပိုမြင့်မားနိုင်ကြောင်း မတ် ၁၉ ရက်သတင်းများအရ သိရသည်။

ထို့ပြင် ဆေးခြောက်သုံးစွဲသူလူငယ်များတွင် လေဖြတ်နိုင်ခြေ ပုံမှန်ထက်လေးဆ မြင့်တက်လာနိုင်ပြီး နှလုံးရုတ်တရက်ဖောက်နိုင်ခြေလည်း နှစ်ဆပို၍မြင့်တက်လာနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ဆေးခြောက် သုံးစွဲမှုကြောင့် နှလုံးကျန်းမာရေး ပြဿနာပေါ်ထွက်လာနိုင်ခြေ မြင့်မားလာမှုကို အသက် ၅၀ အောက် လူငယ်များကြားတွင် တွေ့လာရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အသက် ၅၀ အောက် လူငယ်များသည် သာမန်အားဖြင့် နှလုံးသွေးကြော ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ အထိုက်အလျောက်နည်းပါးသည့် အသက်အရွယ်များ ဖြစ်ကြကြောင်း သိရသည်။

ဆေးခြောက်တွင် ပါဝင်သော THC ခေါ် ဓာတုပစ္စည်းတစ်မျိုးကြောင့် နှလုံးခုန်နှုန်းနှင့် သွေးဖိအားမြင့်တက်လာတတ်ပြီး အချိန်ကြာလာသည်နှင့်အမျှ နှလုံးထိခိုက်သွားနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## မွေးရာပါနှလုံးချို့ယွင်းမှုရှိသည့် ကလေးများ ကလေးဘဝ၌ ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားနိုင်

**ဆိုးလ် မတ် ၂၀**

မွေးရာပါနှလုံးချို့ယွင်းမှုရှိနေသည့် မွေးကင်းစကလေးများသည် နှလုံးကျန်းမာရေးပုံမှန်ရှိသူ မွေးကင်းစ ကလေးများထက် ကလေးဘဝ၌ ကင်ဆာရောဂါဖြစ်နိုင်ခြေ ပိုမြင့်မားနိုင်ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မွေးရာပါနှလုံးချို့ယွင်းမှုရှိသည့် မွေးကင်းစကလေးများ၌ ကလေးဘဝကင်ဆာရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၆၆ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် နှလုံးသွေးကြော၊ နှလုံးအဆို့ရှင်တို့နှင့် ဆက်စပ်နေသည့် နှလုံးကျန်းမာရေး ပြဿနာများရှိနေသော မွေးကင်းစကလေးများတွင် ကင်ဆာရောဂါဖြစ်နိုင်ခြေမှာ ပို၍ပင် မြင့်မားနေတတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိခင်ထံမှရရှိသော မျိုးဗီဇများသည် မွေးရာပါနှလုံးချို့ယွင်းမှုရှိသူ ကလေးများ၌ ကင်ဆာရောဂါဖြစ်ပွားရေးအတွက် နောက်ခံအခြေအနေများ ဖန်တီးပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်ကြား မွေးဖွားခဲ့သည့် ကလေး ၃ ဒသမ ၅ သန်းကို ၁၀ နှစ်ကြာ စောင့်ကြည့်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား သုတေသနပညာရှင်များ၏အဆိုအရ မွေးရာပါနှလုံးချို့ယွင်းချက်ပါသူ ကလေးများ မွေးဖွားခဲ့ကြသော မိခင်များတွင်လည်း ကင်ဆာရောဂါများဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၇ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အယ်ဗာရက်ဇ်ကို ခေါ်ယူရန် ဂါဗီနှင့် ဖာရန်တောရက်စ်တို့ကို အသုံးပြုသွားမည်ဟု ဘာစီလိုနာအသင်းပြောကြား




**မက်ဒရစ် မတ် ၂၀**

ဘာစီလိုနာ အသင်းသည် တိုက်စစ်ပိုင်း မြှင့်တင်ရန်အတွက် အေတီကိုအသင်း တိုက်စစ်မှူး အယ်ဗာရက်ဇ်ကိုခေါ်ယူရန် ပြင်ဆင်နေပြီး ၎င်းကိုခေါ်ယူရန်အတွက် အသင်း ကွင်းလယ်ကစားသမား ဂါဗီနှင့် တောင်ပံကစားသမား ဖာရန်တောရက်စ်တို့ကို အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး အယ်ဗာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် အေတီကိုအသင်း တိုက်စစ်ပိုင်းကို ဦးဆောင်နေသူဖြစ်ပြီး ပြိုင်ပွဲစုံ ၄၄ ပွဲတွင် သွင်းဂိုး ၂၃ ဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် ကြိုးပမ်းနေကာ ကစားသမား၏ စျေးကွက်တန်ဖိုးကြေးမှာ ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ရှိကြောင်း သိရသည်။

လက်ရှိတွင် တိုက်စစ်မှူး အယ်ဗာရက်ဇ်ကို လီဗာပူးအသင်းကလည်း ဆာလာဟ်၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ဖြင့်ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေသောကြောင့် ဘာစီလိုနာအသင်းက အသင်းမှ ခြေစွမ်းပြ ကစားသမားများဖြစ်သည့် ဂါဗီနှင့် တိုက်စစ်မှူး ဖာရန်တောရက်စ်တို့ အလိုက်ပေး၍ အယ်ဗာရက်ဇ်ကို ခေါ်ယူနိုင်ရန် အေတီကိုအသင်းနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အယ်ဗာရက်ဇ်သည် မန်စီးတီးအသင်းတွင် ကစားခဲ့စဉ်က ခြေစွမ်းပြသနိုင်သော်လည်း တိုက်စစ်မှူး ဟာလန်းနောက်တွင်သာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်နေရသောကြောင့် ပြီးခဲ့သည့်နွေရာသီက အေတီကိုအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ကျော်ဖြင့် ပြောင်းရွှေ့ခဲ့ကာ အသင်းနည်းပြ ဆီမွန်နီ လက်အောက်တွင် အကောင်းဆုံး စွမ်းဆောင်ရည်များပြသ၍ အသင်းကို အမှတ်ပေးဇယား အဆင့်(၃)နေရာသို့ ပို့ဆောင်ကာ ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : 90 min

Trs : ML

# ကွင်းလယ်ကစားသမား ဂရာဗန်ဘာ့ချ် ဒဏ်ရာကြောင့် နယ်သာလန်အသင်းမှ ထွက်ခွာခဲ့ရ

**အမ်စတာဒမ် မတ် ၂၀**

ကွင်းလယ်ကစားသမား ဂရာဗန်ဘာ့ချ်သည် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ကွာတားဖိုင်နယ်ပွဲစဉ် ကစားရမည့် နယ်သာလန်အသင်း ကစားသမားစာရင်းမှ ဒဏ်ရာပြဿနာကြောင့် ထွက်ခွာခဲ့ရကြောင်း သိရသည်။

ဂရာဗန်ဘာ့ချ်သည် နယူးကာဆယ်အသင်းကို ရှုံးနိမ့်ခဲ့သည့် ကွာရာဘောင်းဖလား ဗိုလ်လုပွဲတွင် ဒဏ်ရာရရှိခဲ့သော်လည်း နယ်သာလန်အသင်း ကစားသမားစာရင်းတွင် ရွေးချယ်ခံရပြီး အသင်းနှင့် လေ့ကျင့်ရေးအစီအစဉ် ပြုလုပ်ချိန်တွင် ဒဏ်ရာမှာ နာကျင်မှုရှိခဲ့ပြီး လာမည့်ပွဲစဉ်ကို ကစားရန် မဖြစ်နိုင်တော့သဖြင့် နယ်သာလန် ဘောလုံးအဖွဲ့ချုပ်က အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ဂရာဗန်ဘာ့ချ်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်း ကွင်းလယ်တွင် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး အသင်းကို ပရီးမီးယားလိဂ် အမှတ်ပေးဇယား အဆင့်(၁)နေရာသို့ ရောက်ရှိအောင် ပါဝင်ကူညီနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ၎င်း၏ ဒဏ်ရာအခြေအနေကို စောင့်ကြည့်မှုများ ပြုလုပ်နေသော်လည်း စပိန်အသင်းနှင့် ကစားရမည့် နေးရှင်းလိဂ် ပထမအကျော့ပွဲစဉ်နှင့် ဒုတိယအကျော့ပွဲစဉ်တို့ကို လွဲချော်မည်ပြီး ပထမအကျော့တွင် နယ်သာလန်အသင်းတိုက်စစ်ကို ဒီပေးက ဦးဆောင်၍ ကွင်းလယ်ပိုင်းတွင် ဖရန်ကီဒီဂျောင်းတို့ ပါဝင်လာမည်ဟု နယ်သာလန်အသင်း နည်းပြ ရော်နယ်ကိုးမန်းက အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML



# မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် နစ်ခ်ကိုင်ဂျီအိုစ်က မက်ဒေါ်နယ်ကိုအနိုင်ရရှိ

**ဖလော်ရီဒါ မတ် ၂၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီကမ်းခြေတွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် သြစတြေးလျတင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအိုစ်နှင့် အမေရိကန်တင်းနစ်ကစားသမား မက်ဒေါ်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ နစ်ခ်ကိုင်ဂျီအိုစ်က (၃-၆၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နစ်ခ်ကိုင်ဂျီအိုစ်သည် ဒဏ်ရာပြဿနာအပြင် ကွင်းပြင်ပပြဿနာများကြောင့် တင်းနစ်ပြိုင်ပွဲများဖြင့် မကြာခဏ လွဲချော်ခဲ့ရသလို ပုံစံကောင်းလည်း ပျောက်ဆုံးနေသူဖြစ်ပြီး ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးနိုင်ပွဲကို ပြန်လည်ရှာတွေ့ခဲ့ခြင်းဖြစ်သည်။

နစ်ခ်ကိုင်ဂျီအိုစ်က “ဒဏ်ရာပြဿနာတွေကြောင့် ပြိုင်ပွဲပြန်ဝင်ဖို့ကိုတောင် အချိန်တော်တော်ယူလိုက်ရတယ်။ အခုတော့ ကာလရှည်စောင့်နေရတဲ့ ပွဲကစားခွင့်ပြန်ရလာပါပြီ။ ပထမအဆင့်မှာ အနိုင်ရလဒ်နဲ့ စတင်နိုင်ခဲ့လို့ ဝမ်းသာပါတယ်။ ကာလရှည်အနားယူပြီး ပြိုင်ပွဲပြန်ဝင်လာတဲ့ အချိန် အနိုင်ရလဒ်နဲ့ ပွဲဦးထွက်နိုင်တာဟာကောင်းမွန်တဲ့လက္ခဏာပဲဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ ကာလရှည်အနားယူခဲ့ရပြီးတော့ တင်းနစ်ပြန်ကစားနိုင်လိမ့်မယ်လို့ကို မျှော်လင့်မထားပါဘူး။ ဒီပြိုင်ပွဲဝင်ဖို့အတွက်လည်း ကျွန်တော့်ရဲ့ နည်းပြအဖွဲ့တွေ၊ ဆရာဝန်တွေနဲ့ သေချာတိုင်ပင်ပြီးမှ ဆုံးဖြတ်ခဲ့ရတာပါ။ ဒဏ်ရာနဲ့ပတ်သက်ပြီးတော့ အမြဲစိုးရိမ်စိတ်တော့ ဖြစ်နေပါတယ်” ဟု ပြောကြားခဲ့သည်။



နစ်ခ်ကိုင်ဂျီအိုစ်သည် ဒုတိယအဆင့်တွင် ရုရှားတင်းနစ်ကစားသမား ကာချန်နော့ဗ်နှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရန် စီစဉ်နေသည့် ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နစ်ကိုးဝီလျံကို ကြားဖြတ်ခေါ်ယူရန် ဆန္ဒရှိနေပြီး ကစားသမားအနေဖြင့် အသင်းကစားကွက်နှင့် ကိုက်ညီသည့်အတွက် အသင်းအတွက် အကျိုးရှိနိုင်ကြောင်း အားကစားဒါရိုက်တာ ဒေကိုက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းက တိုက်စစ်မှူး ဟိုက်လန်းကို ပြန်လည်ရောင်းချ၍ ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ရဲလ်ဒိဇ်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၉၀ ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- မန်ယူအသင်းက ကွင်းသစ်စီမံကိန်းကာလတွင် အိမ်ကွင်းအဖြစ် အိုးထရက်ဖို့ဒ်ကွင်းကိုသာ ဆက်လက်အသုံးပြုသွားမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက မတ် ၂၇ ရက်တွင် ကစားမည့် အိုဆာဆူနာအသင်းနှင့်ပွဲစဉ်ကို ရွှေ့ဆိုင်းပေးရန် အယူခံတင်သွင်းခဲ့ရာ လာလီဂါအဖွဲ့ချုပ်က ပယ်ချခဲ့ကြောင်း သိရသည်။
- ဂျပန်အသင်းက ဘာရိန်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးခြေစစ်ပွဲအောင်မြင်ခဲ့သည့် အသင်းဖြစ်လာခဲ့သည်။

ML

# ချဲလ်ဆီးအသင်းက ဆန်ချိုကို အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ လျော်ကြေးငွေပေးချေကာ မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန်ဆုံးဖြတ်ခဲ့

**လန်ဒန် မတ် ၂၀**

ချဲလ်ဆီးအသင်းက မန်ယူအသင်းမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဆန်ချိုကို ရာသီအကုန်တွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူမည်မဟုတ်ဘဲ လျော်ကြေးငွေပေးချေပြီး မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဆန်ချိုသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ဒေါ့မွန်အသင်းမှ မန်ယူအသင်းသို့ စတာလင်ပေါင် ၇၃ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ဒေါ့မွန်အသင်းတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း မန်ယူအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသူဖြစ်သည်။



ထို့နောက် ဆန်ချိုသည် မန်ယူအသင်း နည်းပြဟောင်း တန်ဟတ်နှင့် ဆက်ဆံရေးတင်းမာမှုများဖြစ်ပွားခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလက အသင်းဟောင်း ဒေါ့မွန်အသင်းထံ ရာသီဝက်အငှားစာချုပ်ဖြင့် ကစားခဲ့ပြီး စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းထံ ပြန်လည်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

သို့သော် ဆန်ချိုသည် မန်ယူအသင်းတွင် မကစားလိုသည့်အတွက် ပြီးခဲ့သည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ချဲလ်ဆီးအသင်းသို့ ယခုနှစ်ဘောလုံးရာသီကုန်ထိ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားနေသူဖြစ်သည်။

ချဲလ်ဆီးအသင်း အနေဖြင့် ဆန်ချိုကို အငှားစာချုပ်ဖြင့် ခေါ်ယူစဉ်ကတည်းက ရာသီအကုန်တွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူရမည်ဖြစ်ပြီး အပြီးသတ်စာချုပ်ဖြင့် မခေါ်ယူလိုပါက စတာလင်ပေါင် ၂၅ သန်း ပေးလျော်ရမည်ဟု ထည့်သွင်းချုပ်ဆိုထားခြင်းဖြစ်သည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းကလည်း ဆန်ချိုကို အပြီးသတ်မခေါ်ယူလိုသည့်အတွက် ရာသီအကုန်တွင် လျော်ကြေးငွေ စတာလင်ပေါင် ၂၅ သန်းပေးချေပြီး မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# အက်ဆူဂိုအား ချယ်ဆီးအသင်းက ထပ်မံခေါ်ယူခဲ့ကြောင်း စပို့တင်းအသင်း ထုတ်ပြန်

**လစ္စဘွန်း မတ် ၂၀**

ချဲလ်ဆီးအသင်းသည် စပို့တင်း လစ္စဘွန်းအသင်းမှ တောင်ပံကစားသမား ကွမ်ဒါကို ခေါ်ယူခဲ့ပြီးနောက် ခံစစ်ကစားသမား အက်ဆူဂိုကို ထပ်မံခေါ်ယူရန် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့သဖြင့် ကစားသမားနှစ်ဦးစလုံးကို ခေါ်ယူနိုင်ခဲ့ကြောင်း စပို့တင်း လစ္စဘွန်းအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသက် ၂၀ ရှိ ခံစစ်ကစားသမား အက်ဆူဂိုအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၈ ဒသမ ၅ သန်း အသုံးပြုခဲ့ရပြီး လက်ရှိတွင် လူငယ်ကစားသမား အနေဖြင့် ချဲလ်ဆီးအသင်းနှင့် ဆေးစစ်မှု အောင်မြင်ခဲ့သဖြင့် လာမည့်နွေရာသီတွင် အသင်းနှင့်ပူးပေါင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အက်ဆူဂိုသည် စပို့တင်း လစ္စဘွန်းအသင်းတွင် အသက် ၁၆ နှစ်အရွယ်ကတည်းက အသင်းကြီးနှင့် ပါဝင်ခွင့်ရခဲ့သဖြင့် အသက်အငယ်ဆုံး ပွဲထွက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက လာလီဂါကလပ် လက်ပါးမက်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ အသင်းတွင် ပုံစံကောင်းပြသနိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။




ချဲလ်ဆီးအသင်း အနေဖြင့် ကွမ်ဒါကို စာချုပ်သက်တမ်း ခုနစ်နှစ်ကျန်ရှိနေသော်လည်း စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၄၁ ဒသမ ၉ သန်းဖြင့် ခေါ်ယူခဲ့ပြီး ရက်ပိုင်းအကြာတွင် လူငယ်ခံစစ်ကစားသမား အက်ဆူဂိုကို စတာလင်ပေါင် ၁၈ ဒသမ ၅ သန်းဖြင့် ထပ်မံ ခေါ်ယူနိုင်ခဲ့သောကြောင့် ကစားသမားနှစ်ဦးအတွက် စတာလင်ပေါင် သန်း ၆၀ နီးပါး အသုံးပြုခဲ့ရကြောင်း သိရသည်။

**Ref : Sky sports**

**Trs : ML**

# WBO ယာယီလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကောလမ်စမစ်က ဂျိမ်းစ်ဒီဂယ် သို့မဟုတ် ဂရိုဗက်စ်နှင့် ထိုးသတ်မည်ဟု ပြောကြား

**ရန်ကုန် မတ် ၂၀**

WBO ယာယီလိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကောလမ်စမစ်သည် ပြိုင်ဘက်များဖြစ်ကြသော ဗြိတိန် လက်ဝှေ့သမားများဖြစ်ကြသည့် ဂျိမ်းစ်ဒီဂယ် သို့မဟုတ် ဂရိုဗက်စ်တို့ နှစ်ဦးတို့အနက် တစ်ဦးဦးနှင့် စိန်ခေါ်ပွဲထိုးသတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ကောလမ်စမစ်သည် ၎င်းအနေဖြင့် လက်ရှိ လိုက်ဟဲဗီးဝိတ်တန်း၏ အကောင်းဆုံးလက်ဝှေ့သမားတစ်ဦးဖြစ်ကြောင်း ကြွေးကြော်ထားသူဖြစ်ပြီး အကောင်းဆုံးပြိုင်ဘက်များကိုသာ ရွေးချယ်ထိုးသတ်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကောလမ်စမစ်က “ကျွန်တော့်ရဲ့ ဦးစားပေးပစ်မှတ်ကတော့ ဂျိမ်းစ်ဒီဂယ် ဒါမှမဟုတ် ဂရိုဗက်စ်တို့ တစ်ဦးဦးနဲ့ အရင်ဆုံးထိုးသတ်သွားမှာပါ။ နောက်ပြီးတော့ ဘာဒိုဂျက်ခ်နဲ့လည်း ထိုးသတ်ဖို့အတွက် ဆန္ဒရှိပါတယ်။ ဘာဒိုဂျက်ခ်ကိုသာ အနိုင်ထိုးသတ်နိုင်ရင် ကျန်တဲ့ ကမ္ဘာ့ချန်ပီယံ ခါးပတ်ပိုင်ရှင်တွေကိုလည်း ထိုးသတ်ခွင့်ရမယ်။ ကျွန်တော့်အတွက် အခွင့်အရေးကောင်းတွေ ရလာမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# လိုက်ပ်ဇစ်အသင်းက လူငယ်ကစားသမား ဆိုင်မွန်အတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၈၀ သတ်မှတ်



**ဘာလင် မတ် ၂၀**

လိုက်ပ်ဇစ်အသင်းသည် လီဗာပူးအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသည့် လူငယ်ကစားသမား ဆိုင်မွန်အတွက် ပြောင်းရွှေ့ကြေးကို မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၈၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ တောင်ပံကစားသမား ဆိုင်မွန်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ လိုက်ပ်ဇစ်အသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ဖြင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းတိုက်စစ်ပိုင်း၌ ဆာလာဟ်၊ ဒီယက်ဇ်၊ ဒါဝင်နူနက်အစရှိသည့် ကစားသမားများအနေဖြင့် အနာဂတ်မရေမရာ ဖြစ်နေသည့်အတွက် အသင်းတောင်ပံတိုက်စစ်ပိုင်းအတွက် ဆိုင်မွန်ကို ခေါ်ယူလိုခြင်းဖြစ်သည်။

လိုက်ပ်ဇစ် အသင်းကလည်း ဆိုင်မွန်နှင့် စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လထိ ကျန်ရှိနေသေးသည့်အတွက် လာမည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် မဖြစ်မနေ လက်လွှတ်ရမည်ဆိုပါက ပြောင်းရွှေ့ကြေးကို ယူရို သန်း ၈၀ ထိ အလိုရှိနေခြင်းဖြစ်သည်။

လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ဆိုင်မွန်ကို လီဗာပူးအသင်းအပြင် ပြိုင်ဘက်အသင်းများဖြစ်သည့် အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့ကလည်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

**Ref : The Athletic**

**Trs : STA**

# နည်းပြဒီဇာဘီနှင့် ဆက်ဆံရေးတင်းမာမှုကြောင့် ဂရင်းဝုဒ် မာဆေးအသင်းမှ ထွက်ခွာရန်ပြင်ဆင်



**ပဲရစ် မတ် ၂၀**

မာဆေးအသင်း တိုက်စစ်ကစားသမား ဂရင်းဝုဒ်သည် နည်းပြ ဒီဇာဘီနှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ပြန်လည်ထွက်ခွာရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ဂရင်းဝုဒ်သည် ပြီးခဲ့သည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ မာဆေးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး ပြင်သစ်လီဂူးပြိုင်ပွဲတွင် ၂၆ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ကာ ၁၅ ဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ်ပါ ရပ်တည်နေသူဖြစ်သည်။

သို့သော် နည်းပြ ဒီဇာဘီက လေ့ကျင့်ရေးအစီအစဉ်တွင် ဂရင်းဝုဒ်၏ စွမ်းဆောင်ရည်ပိုင်း၊ ကြိုးစားအားထုတ်မှုပိုင်းနှင့် ပတ်သက်ပြီး စိတ်ကျေနပ်မှုမရှိသည့်အတွက် အသင်းနှင့်အတူ နောက်ဆုံးကစားခဲ့သည့် လန်းအသင်း၊ ပီအက်စ်ဂျီအသင်းတို့နှင့်ပွဲစဉ်များတွင် အသင်းကစားသမားစာရင်းမှ ချန်လှပ်ခဲ့ပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိခဲ့သည်။

နည်းပြ ဒီဇာဘီကိုယ်တိုင်ကလည်း ဂရင်းဝုဒ်ကို ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး လူသိရှင်ကြား ဝေဖန်ပြောကြားခဲ့ပြီးနောက် ဂရင်းဝုဒ်နှင့် နည်းပြဒီဇာဘီတို့အကြား ဆက်ဆံရေးတင်းမာမှုများ ပိုမိုမြင့်တက်လာခဲ့ပြီး လက်ကျန်ပွဲစဉ်များတွင် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံရမည်ဆိုပါက နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# MNL-2 Promotion Amateur Club Tournament ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပသည့် MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီခွဲက ဗဟန်းလေ့ကျင့်ရေးကွင်း-၃ တွင် Asia Lion အသင်းနှင့် Happy Friendship အသင်းတို့ ကစားခဲ့ရာ Asia Lion အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Asia Lion အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၄၀၊ ၄၇ မိနစ်နှင့် ၅၆ မိနစ်တွင် အောင်မြင့်မြတ်၊ ပွဲချိန် ၅၁ မိနစ်တွင် သိန်းဇော်နှင့် ပွဲချိန် မိနစ် ၇၀ တွင် ချစ်ဆန်းကိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက ဗဟန်းလေ့ကျင့်ရေးကွင်း-၃ တွင် Young Boy အသင်းနှင့် W United အသင်းတို့ ကစားခဲ့ရာ Young Boy အသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Young Boy အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် နှစ်မိနစ်၊ ကိုးမိနစ်နှင့် ၇၃ မိနစ်တို့တွင် ထက်အောင်၊ ပွဲချိန် ၁၁ မိနစ်တွင် စောလင်းလတ်နိုင်၊ ပွဲချိန် ၃၇ မိနစ်နှင့် ၇၅ မိနစ်တွင် သော်ဇင်ထွေးနှင့် ပွဲချိန် ၄၁ မိနစ်တွင် အောင်သက်ဆန်းတို့က သွင်းယူပေးနိုင်ခဲ့ပြီး W United အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ရန်နိုင်ဖုန်းက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက MFF Training Field-2 တွင် Enjoy Brother အသင်းနှင့် Zan United အသင်းတို့ကစားခဲ့ရာ Zan United အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Zan United အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၄ မိနစ်တွင် ရန်လင်းအောင်၊ ပွဲချိန် ၆၅ မိနစ်တွင် မင်းခန့်ဖြိုးတို့က သွင်းယူပေးနိုင်ခဲ့ပြီး Enjoy Brother အသင်းအတွက် သွင်းဂိုးကို ပွဲချိန် လေးမိနစ်တွင် ရှိုင်းထက်အောင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ STA

# ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအပေါ် အရေးယူဆောင်ရွက်သွားရန်လိုအပ်သော အာဆီယံ

ဒေါ်နယ်ထရန့်အစိုးရအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက်နေ့တွင် စတင်တာဝန်ယူစဉ်ကတည်းက ဘိုင်ဒင်အစိုးရအဖွဲ့လက်ထက်၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ရာသီဥတုဆိုင်ရာမူဝါဒများကို ရုတ်ခြည်းရပ်ဆိုင်းပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချရေးရန်ပုံငွေများဖြတ်တောက်လျှော့ချခြင်း၊ ကာဗွန်ထုတ်လွှတ်မှုစည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ခြင်းနှင့်ပဲရစ်သဘောတူညီချက်မှနုတ်ထွက်ခြင်းတို့ကိုဆက်တိုက်လုပ်ဆောင်ခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများအသင်း(ASEAN) အတွက်မူ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားရနိုင်ပြီး ၎င်း၏ စိမ်းလန်းစိုပြည်သောဝန်းကျင်အဖြစ်သို့ ပြောင်းလဲမှုအတွက်ပြင်ပရန်ပုံငွေနှင့်နည်းပညာတို့ကို မှီခိုအားထားရလျက်ရှိသည်။

လက်ရှိအချိန်တွင် အပူချိန်များပုံမှန်မြင့်တက် လာမှုနှင့်အတူသဘာဝဘေးအန္တရာယ်များသည်လည်း ဖြစ်ပေါ်လာလျက်ရှိသဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းသည် အာဆီယံနိုင်ငံများအတွက် အရေးပေါ်ဆောင်ရွက်ရမည့်ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ သို့သော် အာဆီယံ၏ရာသီဥတုမူဝါဒနှင့် အခြေခံအဆောက်အအုံသည်လည်းကမ္ဘာ့ကာဗွန်အများဆုံးထုတ်လုပ်သူများဖြစ်သည့် အမေရိကန်နှင့်တရုတ်တို့အကြား ပထဝီနိုင်ငံရေးနှင့် အစိမ်းရောင်ယှဉ်ပြိုင်မှုတို့မြင့်တက်လာလျက်ရှိသောကြောင့်ပိုမိုရှုပ်ထွေးလာလျက်ရှိသည်။

ရာသီဥတုဆိုင်ရာမူဝါဒများနှင့်ရန်ပုံငွေများလျှော့ချခြင်း၊ အမေရိကန်-တရုတ်ကုန်သွယ်မှုစစ်ပွဲဖြစ်ပွားလာဖွယ်ရာရှိခြင်းနှင့် ထရန့်အစိုးရလက်ထက်တွင် ဆိုလာပြားများနှင့် အစိမ်းရောင်စွမ်းအင်နည်းပညာများအပေါ်စည်းကြပ်ခွန်ကောက်ခံမှုများသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာရန်ပုံငွေထည့်ဝင်မှုတွင် အာဆီယံ၏အဆင့်မြှင့်တင်မှု၊ စွမ်းအင်ရွေးချယ်အသုံးပြုမှုနှင့် ကမ္ဘာလုံးဆိုင်ရာရာသီဥတုစီမံမှုတွင် သံခင်းတမန်ခင်းရပ်တည်ချက်တို့အပေါ် ခြိမ်းခြောက်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါစိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းရာတွင် အာဆီယံနိုင်ငံများအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာရန်ပုံငွေအရင်းအမြစ်များရှာဖွေခြင်း၊ နည်းပညာစက်မှုလုပ်ငန်းများခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်း၊ မျှတသောကုန်သွယ်မှုမူဝါဒများချမှတ်ခြင်းနှင့် စွမ်းအင်လုံခြုံမှုနှင့်ကိုယ်ပိုင်ရပ်တည်နိုင်မှုခိုင်မာသေချာစေရေး အမေရိကန်၊ တရုတ်တို့နှင့်ဟန်ချက်ထိန်းညှိထားသော မဟာဗျူဟာမြောက်သဘောတူညီချက်များကို တိုးမြှင့်ခြင်းတို့ကိုလုပ်ဆောင်သွားသင့်သည်။

**လုံးပါးပါးလာသောရာသီဥတုပြောင်းလဲမှုလျှော့ချရေးရန်ပုံငွေ**

အရှေ့တောင်အာရှဒေသသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အများဆုံးခံစားရနိုင်သည့်ဒေသများအနက်မှတစ်ခုပင်ဖြစ်သည်။ သို့သော် အစိုးရများစွာသည် ပြည်တွင်းရန်ပုံငွေခွဲဝေကာ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ကြိုးပမ်းလုပ်ဆောင်ရာတွင် လုံလောက်မှုမရှိသောရာသီဥတုပြောင်းလဲမှုလျှော့ချရေးရန်ပုံငွေသည် ဒေသတွင်းကာဗွန်လျှော့ချရေးနှင့်အခြားသော အစိမ်းရောင်ကြိုးပမ်းမှုများကို အတားအဆီးဖြစ်စေလျက်ရှိသည်။

နိုင်ငံတကာစွမ်းအင်အေဂျင်စီက အရှေ့တောင်အာရှတွင် အစိမ်းရောင်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၃၀ ခန့်လိုအပ်မည်ဖြစ်ကြောင်းနှင့် ရာသီဥတုလိုက်လျောညီထွေမှုရှိရေးအတွက် စဉ်ဆက်မပြတ်ရင်းနှီးမြှုပ်နှံမှုများလည်းလိုအပ်ကြောင်း ခန့်မှန်းတွက်ချက်ထားရှိသည်။ နိုင်ငံတကာမိတ်ဖက်များသည်ရန်ပုံငွေများပေးအပ်သွားမည်ဟုကတိကဝတ်ပြုထားသော်လည်း လက်တွေ့ထောက်ပံ့ပေးခြင်းမရှိသည့်အတွက် အာဆီယံနိုင်ငံများသည်အကျပ်အတည်းများနှင့်ကြုံတွေ့ရလျက်ရှိသည်။




အမေရိကန်နိုင်ငံသည် အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့အတွက် စွမ်းအင်ကူးပြောင်းမှုမိတ်ဖက်(JETP)လုပ်ငန်းများတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ နုတ်ထွက်လျက်ရှိသည်။ စွမ်းအင်ကူးပြောင်းမှုမိတ်ဖက်လုပ်ငန်းသည် ကျောက်မီးသွေးသုံးစွမ်းအင်ထုတ်လုပ်မှုလျှော့ချပြီး စွမ်းအင်အသုံးပြုမည့်နိုင်ငံများကိုအကူအညီပေးရန် ကြိုတင်စီမံထားရှိသည်။ ရာသီဥတုဒဏ်ခံနိုင်သည့် အခြေခံအဆောက်အအုံများအတွက် ရင်းနှီးမြှုပ်နှံမှုများနှင့်ချေးငွေများရှာဖွေနေသော အရှေ့တောင်အာရှဒေသရှိ စီးပွားရေးလုပ်ငန်းများအတွက်မူရာသီဥတုပြောင်းလဲမှုလျှော့ချရေးရန်ပုံငွေထည့်ဝင်မှုမှ အမေရိကန်နုတ်ထွက်ခြင်းသည်မူလကတည်းက ကန့်သတ်ချက်များရှိနေသောကြောင့် ရွေးချယ်ရန်အခွင့်အလမ်းများကို ပိုမိုလျော့ကြလာစေမည်ဖြစ်သည်။ ထရန့်၏ရုတ်တရက်နုတ်ထွက်မှုများသည် တခြားနိုင်ငံများလိုက်ပါဆောင်ရွက်ရန် အားပေးမှုဖြစ်လာနိုင်မှုအပေါ်စိုးရိမ်ပူပန်မှုများလည်းဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့နုတ်ထွက်ကြမည်ဆိုလျှင်အာဆီယံကဲ့သို့သောဒေသတစ်ခုအတွက် များစွာအရေးပါလျက်ရှိသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကိုဆိုးဆိုးရွားရွားယုတ်လျော့ထိခိုက်စေမည်ဖြစ်သည်။

**အာဆီယံဒေသတွင် အမေရိကန်-တရုတ်ယှဉ်ပြိုင်မှုများ**

အမေရိကန်နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများကို လက်ရှောင်လျက်ရှိပြီး လာမည့်လေးနှစ်အတွင်း ပိုမိုခေါင်းရှောင်သွားမည့်ဖြစ်သည့်အတွက်တရုတ်နိုင်ငံသည် အစိမ်းရောင်နည်းပညာကဏ္ဍနှင့်ရပ်ဝန်းနှင့်ပိုးလမ်းမ(BRI)ရန်ပုံငွေစီမံကိန်းများကို စိမ်းလန်းစိုပြည်အောင်လုပ်ဆောင်ခြင်းတို့ကို တစ်ပြိုင်တည်းတိုးတက်လုပ်ဆောင်လျက်ရှိသည်။

အမေရိကန်နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများတွင်ဦးဆောင်မှုနှင့်ရန်ပုံငွေထည့်ဝင်မှုတို့မှနုတ်ထွက်ခြင်းသည် တရုတ်နိုင်ငံအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်အခြေခံအဆောက်အအုံတို့တွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ခြင်းဖြင့်အာဆီယံတွင်၎င်း၏ လွှမ်းမိုးမှုများပိုမိုချဲ့ထွင်လာစေနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အခြေခံအဆောက်အအုံစီမံကိန်းများ၊ အထူးသဖြင့် BRI စီမံကိန်းအရ မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်းများတည်ဆောက်မှုနှင့်အတူ အရှေ့တောင်အာရှရှိ နိုင်ငံတကာပြန်လည်ပြည့်ဖြိုးမြဲဘဏ္ဍာငွေထောက်ပံ့မှု၏ တစ်ခုတည်းသောအကြီးမားဆုံးအရင်းအမြစ်အဖြစ် ရပ်တည်လျက်ရှိသည်။

အာဆီယံအနေဖြင့်ဒေသတွင်းအစိမ်းရောင်စီမံကိန်းများနှင့်စပ်လျဉ်း၍ဘဏ္ဍာငွေပိုမိုထောက်ပံ့ရေးအတွက်တရုတ်၏ပိုမိုပါဝင်ဆောင်ရွက်မှုကိုကြိုဆိုသွားရန်ရွေးချယ်သွားမည်ဆိုလျှင် မဟာဗျူဟာမြောက်အထောက်အပံ့ခံဘဝ ရောက်ရှိသွားနိုင်သဖြင့်အာဆီယံအဖွဲ့ကြီးအနေဖြင့် စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားရန်လိုအပ်သည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာပါဝင်ဆောင်ရွက်မှုသည် ပွင့်လင်းမြင်သာမှုနှင့်ဒေသဂေဟစနစ်ပျက်စီးယိုယွင်းမှုတို့နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများမြင့်တက်လျက်ရှိသည်။ သာဓကအနေဖြင့်လာအိုနိုင်ငံရှိ ရေအားလျှပ်စစ်စီမံကိန်းများသည်ရေလုပ်ငန်းနှင့်လယ်ယာလုပ်ငန်းလုပ်ကိုင်နေသောအသိုက်အဝန်းများ၏ လူနေမှုဘဝများကို ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေလျက်ရှိသည်။ သို့သော် အမေရိကန်နိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုမရှိခြင်းသည် အာဆီယံနိုင်ငံများအား ရွေးချယ်ရန်အခွင့်အလမ်းနည်းပါးလျက်ရှိသည်။

**ထရန့်၏စည်းကြပ်ခွန်မူဝါဒ၏ အာဆီယံအပေါ်သက်ရောက်မှု**

ထရန့်၏ ပထမသက်တမ်းကာလအတွင်း ဆိုလာပြားများနှင့် စွမ်းအင်နည်းပညာများအပေါ် စည်းကြပ်ခွန်ကောက်ခံခြင်းသည် ပြန်လည်ပြည့်ဖြိုးမြဲစီမံကိန်းများ၏ ကုန်ကျစရိတ်ပိုမိုမြင့်မားလာခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် သမ္မတထရန့်သည် တရုတ်နိုင်ငံမှတင်သွင်းသောကုန်စည်အားလုံးအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံရန် အမိန့်ဒီဂရီတစ်ရပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ ထိုသို့ထပ်တိုးကောက်ခံခဲ့သဖြင့် တရုတ်ဆိုလာထုတ်ကုန်များအပေါ် အခွန်ကောက်ခံမှုသည် ၆၀ ရာခိုင်နှုန်းအထိမြင့်တက်လာမည်ဖြစ်ပြီး တရုတ်ဘက်ထရီများအပေါ် အခွန်စည်းကြပ်မှုသည် ၄၀ ရာခိုင်နှုန်းအထိ ရှိလာမည်ဖြစ်သည့်အတွက် အာဆီယံဒေသရှိ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုတွင် ဈေးနှုန်းများမြင့်တက်လာစေမည်ဖြစ်သည်။

ထို့ပြင် ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့ကဲ့သို့သောဆိုလာနှင့် EV စက်မှုလုပ်ငန်းများတိုးတက်လာသောနိုင်ငံများသည်လည်း အမေရိကန်နိုင်ငံသို့ ကုန်စည်များတင်ပို့ရာတွင် စည်းကြပ်ခွန်တိုးမြှင့်မှု၏ဒဏ်များကိုခံရမည်ဖြစ်သည်။

အာဆီယံအနေဖြင့် နည်းပညာစက်မှုလုပ်ငန်းဗဟိုချက်မတွင် ဦးဆောင်သူဖြစ်လာရန်ထူထောင်ရင်း စည်းကြပ်ခွန်နှင့်ကုန်သွယ်မှုကန့်သတ်ချက်များ၏သက်ရောက်မှုများကို လျှော့ချသွားနိုင်ရေးတွက်ချက်ဆောင်ရွက်သွားရန်လိုအပ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆိုလာပြားများနှင့်စွမ်းအင်တို့အတွက် ဘုံစံနှုန်းများထူထောင်ရေးအတူတကွလုပ်ဆောင်သွားရန်လိုအပ်သည်။ ထို့ပြင် အာဆီယံအနေဖြင့် နည်းပညာများအပေါ် အခွန်လျှော့ချရန်နှင့်မျှတသောကုန်သွယ်မှုအလေ့အထများထူထောင်ရေးအတွက် နိုင်ငံတကာစင်မြင့်တွင်ခိုင်မာစွာရပ်တည်သွားရန် လိုအပ်သည်။

အာဆီယံအစိုးရများအနေဖြင့် ဒေသတွင်းဆန်းသစ်တီထွင်မှုနှင့်ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည်များရင်းနှီးမြှုပ်နှံမှုတိုးမြှင့်သွားရန်၊ အထူးသဖြင့် နည်းပညာများထုတ်လုပ်နေသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ဘဏ္ဍာရေးအထောက်အပံ့နှင့် နည်းပညာအထောက်အပံ့များပေးသွားရန်လိုအပ်ပေသည်။ စီးပွားရေးလုပ်ငန်းများအား ဘဏ္ဍာငွေထောက်ပံ့သလို ကျွမ်းကျင်လုပ်သားများတိုးတက်လာခြင်းသည်လည်း အာဆီယံကို နည်းပညာတွင် ကမ္ဘာလုံးဆိုင်ရာဦးဆောင်သူအဖြစ် ရပ်တည်လာစေနိုင်မည်ဖြစ်သည်။

ဆိုရလျှင် ထရန့်အစိုးရအဖွဲ့အနေဖြင့် ရာသီဥတုနှင့်ဆက်နွှယ်သောကြိုးပမ်းမှုများနှင့် အစိမ်းရောင်နည်းပညာတိုးတက်မှုတို့အတွက် အာဆီယံ၏ကြိုးပမ်းမှုများကိုလုံးလုံးလျားလျားရပ်တန့်သွားနိုင်မည်မဟုတ်ချေ။ အာဆီယံအနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ရာသီဥတုရန်ပုံငွေရှာဖွေခြင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံ အတွက် တရုတ်နိုင်ငံအပေါ်မှီခိုအားထားမှုလျှော့ချသွားခြင်းအားဖြင့် အစိမ်းရောင်ပြောင်းလဲမှုခိုင်မာအားကောင်းလာပြီး ရင်းနှီးမြှုပ်နှံသူများကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် အာဆီယံအသိုက်အဝန်းကြီးအတွက် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့်သက်ရောက်မှုများကို ကာကွယ်ပေးသွားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- Amid Trump Chaos, ASEAN Needs to Act on Climate Change By The Diplomat.

မောင်စိန်အိ(နဘဲမြေ)

# သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်တွင် စိန်ပန်းသစ္စာ ဇာတ်လမ်းတွဲကန်တော့ပွဲပေးအခမ်းအနားကျင်းပ



**ရန်ကုန် မတ် ၂၀**

ရဲရင့်သစ္စာဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် စိန်ပန်းသစ္စာဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ရန်ကုန် သဃ်န်းကျွန်းမြို့နယ်ရှိကျိုက္ကစံစေတီတော်တွင် မတ် ၁၉ ရက်က ကျင်းပခဲ့ကြောင်း အဆိုပါ စိန်ပန်းသစ္စာ ဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးမည့် ဒါရိုက်တာရဲရင့်သစ္စာထံမှ သိရသည်။

အဆိုပါ စိန်ပန်းသစ္စာ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ရဲရင့်သစ္စာနှင့် အင်ကြင်းဟန်တို့က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာ ရဲရင့်သစ္စာက တာဝန်ယူပုံဖော်ရိုက်ကူးသွားမည် ဟုလည်း သိရသည်။

“ဒီဇာတ်လမ်းတွဲလေးကိုတော့ ရန်ကုန်မြို့မှာပဲ ဇာတ်အိမ်တည်ပြီး မတ် ၂၂ ရက်ကနေ့ စတင်ရိုက်ကူးပါမယ်။ အပိုင်း ၁၅ ပိုင်းစာ ရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒရာမာဇာတ်လမ်းပါပဲ။ မိသားစု ဒရာမာလေးပါ။ ပညာပေးသဘောလေးလဲပါပါမယ်။ ဝါရင့်သရုပ်ဆောင်တွေ တော်တော်များများပါထားတဲ့တွက် သရုပ်ဆောင် အားကောင်းသလို ဇာတ်လမ်းဇာတ်အိမ်လဲ ခိုင်ခိုင်ခံ့ခံ့ရှိမဲ့ ဇာတ်လမ်းတွဲပါ။ ဒီလောက်ပဲ အခုတော့ပြောနိုင်ပါသေးတယ်” ဟု ဒါရိုက်တာ ရဲရင့်သစ္စာက ပြောပြ၍ သိရသည်။

စိန်ပန်းသစ္စာ ဇာတ်လမ်းတွဲ သရုပ်ဆောင်များ အဖြစ် ကျော်ဆု၊ အလင်းသစ်၊ မော်ကွန်းသစ်၊ ဒေင်၊ ထူးသာ၊ မင်းသူ၊ ဦးရဲနိုင်၊ ဦးဝင်းမြိုင်၊ ကျော်ဇင်မင်းမြတ်၊ အက်စတာလင်း၊ ခင်မို့မို့အေး၊ မသိင်္ဂီ၊ နန်းမြင့်၊ နန်းကေသရီနှင့် အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# DC Studios ၏ Sgt-Rock ၌ မင်းသားကောလင်းဖာရဲ ပါဝင်မည်

**နယူးယောက် မတ် ၂၀**

Dc Studios ၏ ဒုတိယကမ္ဘာစစ် နောက်ခံအက်ရှင်ဇာတ်ကားသစ်တွင် မင်းသားကောလင်းဖာရဲ ပါဝင်မည်ဖြစ်ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားကောလင်းဖာရဲသည် အီးဆီးတပ်ခွဲအမည်ရှိ တပ်ဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင် ဆာဂျင်ရော့အဖြစ် သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Sgt- Rock ဟူ၍ အမည်ပေးထားသည့် အဆိုပါဇာတ်ကားကို ဒါရိုက်တာလူကာဂွါဒါနီနိုက ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် DC စတူဒီယို၏ Sgt- Rock ရုပ်ပြကာတွန်းများကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Sgt- Rock ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျပ်စတင်ကူရစ်ကတ်က တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Sgt- Rock ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# မန္တလေးမြို့ Central Point Shopping Centre တွင် တေးသံရှင် အုပ်စိုးခန့်နှင့်ဝိုင်းလေးတို့ တေးဂီတဖျော်ဖြေမည်

**ရန်ကုန် မတ် ၂၀**

မန္တလေးမြို့ Central Point Shopping Centre တွင် ကျင်းပမည့် တန်ခူးလ မန္တလာ Business Expo 2025 မြန်မာ့ရိုးရာသင်္ကြန်အကြို ဈေးရောင်းပွဲတော်တွင် တေးသံရှင် အုပ်စိုးခန့်နှင့် တေးသံရှင်ဝိုင်းလေးတို့ တေးဂီတဖြင့် ဖျော်ဖြေတင်ဆက်မည် ဖြစ်ကြောင်း တေးသံရှင်ဝိုင်းလေးထံမှ သိရသည်။

အဆိုပါ တန်ခူးလ မန္တလာ Business Expo 2025 မြန်မာ့ရိုးရာသင်္ကြန်အကြို ဈေးရောင်းပွဲတော်ကို မတ် ၂၈ ရက်မှစတင်ကာ မတ် ၃၀ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ဈေးပွဲတော်ကို KEY Marketing Agency က ဦးစီးကျင်းပပေးမည်ဖြစ်သည် ဟုလည်း သိရသည်။

“မန္တလေးက Central Point Shopping Centre မှာ Business Expo 2025 ပွဲတော်ကြီးမှာ ပွဲတော်လာ ပရိသတ်ကြီးကို ဖျော်ဖြေဖို့ မတ် ၂၈ ကစပြီး သုံးရက်လုံးလုံး ရှိနေမှာပါ။ ဝိုင်းလေးနဲ့အတူ အုပ်စိုးခန့်တို့အပြင် အခြားတေးသံရှင်တွေလဲ ပါဝင်အုံးမှာပါ။ ဒီဂျေတွေလဲ ပူးပေါင်းပေးမှာမို့ ဈေးဝယ်ရင်း သီချင်းနားထောင်ဖို့ ဖိတ်ခေါ်ပါတယ်” ဟု တေးသံရှင် ဝိုင်းလေးက ပြောပြသည်။




အဆိုပါ ဈေးပွဲတော်တွင် မန္တလေးမြို့ပေါ်ရှိ လုပ်ငန်းပေါင်း ၅၀ ခန့်က ဈေးဆိုင်ခန်းများဖွင့်လှစ်ကာ လူသုံးကုန်၊ စားသောက်ကုန်၊ အထွေထွေ ကုန်စည်များကို ဈေးဆိုင်ခန်းများ ဖွင့်လှစ်ကာ ရောင်းချ ပေးသွားမည်ဖြစ်ပြီး ဈေးပွဲတော်လာ ပြည်သူများအတွက်လည်း တေးဂီတအဖွဲ့၊ အကအဖွဲ့များနှင့် ဒီဂျေများဖြင့် တေးဂီတဖျော်ဖြေပေးသွားမည်ဟုလည်း သိရသည်။

ASH

# The Last Resort ဇာတ်ကား၌ ဒေစီရစ်ဒလေနှင့် အယ်ဒန်အာရန်းရိုက်တို့ပါဝင်မည်

**နယူးယောက် မတ် ၂၀**

Star Wars ဇာတ်ကားသရုပ်ဆောင်များဖြစ်ကြသော မင်းသမီး ဒေစီရစ်ဒလေနှင့် မင်းသား အယ်ဒန်အာရန်းရိုက်တို့သည် The Last Resort အမည်ရှိ ဟာသဒရာမာဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၁၉ ရက် သတင်းများအရ သိရသည်။

The Last Resort ဇာတ်ကားကို Asia Pacitic Films ကုမ္ပဏီက ထုတ်လုပ်မည် ဖြစ်ကြောင်း သိရသည်။

The Last Resort ဇာတ်ကားကို ဒါရိုက်တာဒေါ်နယ်ပတ်ထရီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ကာရင်မက်ကူလာက ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် အပန်းဖြေစခန်းဖွင့်ရန် ဖိလစ်ပိုင်နိုင်ငံသို့ လာရောက်၍ နေရာကောင်းရှာဖွေနေသည့် ဟိုတယ်လုပ်ငန်းရှင်တစ်ဦး၏သမီးနှင့် ပုဂ္ဂလိကအငှားလေယာဉ်မှူးတစ်ဦးတို့ကြား အချစ်ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Last Resort ဇာတ်ကားကို ယခုနှစ်ဧပြီလအတွင်း ဖိလစ်ပိုင်နိုင်ငံ၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# ၁၆၈ နာရီ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲပြုလုပ်

**ရန်ကုန် မတ် ၂၀**

BO BO Film မှ ရိုက်ကူးထုတ်လုပ်သည့် ၁၆၈ နာရီ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲကို ရန်ကုန်ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် မတ် ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ၁၆၈ နာရီ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ကောင်းမြတ်စံထံမှ သိရသည်။

အဆိုပါ ၁၆၈ နာရီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားပြီး မင်းကိုစိုး (နတ်သံကွင်း)က ရိုက်ကွင်းဇာတ်ညွှန်းရေးထားကာ ဒါရိုက်တာအိ (အရုဏ်ဦး)နှင့် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) တို့က BO BO Film အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်းလည်း သိရသည်။

“ဒီဇာတ်ကားမှာတော့ လူတစ်ယောက်ဟာ သေသွားပြီးလို့ ၇ ရက်ပြည့်ရင် နာရီပေါင်း ၁၆၈ နာရီပြည့်မတိုင်မီ ဘာတွေဖြစ်ပျက်ခဲ့သလဲ။ သူဘဝမှာ သူမသိလိုက်ရတဲ့ အကြောင်းအရာအချို့ကို သူသိခွင့်ရသွားသလား။ သူရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဒီ ၁၆၈ နာရီအတွင်းမှာ ပြန်လည် ဖြေရှင်းခွင့်ရမှာလား။ ကျွန်တော်ကတော့ ဒီဇာတ်ကားမှာ မီဒီယာ ကုမ္ပဏီကြီးတစ်ခုက ဝန်ထမ်းလေးတစ်ယောက် အနေနဲ့ ပါဝင်ထားပါတယ်။ ကျွန်တော်တို့ရဲ့ ၁၆၈ နာရီ ဇာတ်ကားမှာ သည်းထိတ်ရင်ဖို၊ အချစ်၊ စွန့်စားခန်း၊ ဟာသ စသဖြင့် ရသစုံကို ရှုမြင်ရမှာပါ။ ဒီဇာတ်ကားကတော့ မတ် ၂၁ ရက်က စတင်ပြီး တစ်နိုင်ငံလုံးက အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ ရုံတင်ပြသမှာပါ”ဟု သရုပ်ဆောင်ကောင်းမြတ်စံက ပြောပြသည်။

အဆိုပါ ၁၆၈ နာရီ ရုပ်ရှင်ဇာတ်ကားတွင် မြင့်မြတ်၊ ကောင်းမြတ်စံ၊ မင်းဘုန်းမြတ်၊ ခင်လှိုင်၊ ဂျိုကာ၊ မယ်လိုဒီ၊ ရတနာဗို၊ ဝေလာရီ၊ သုသု၊ လှမျိုးသဉ္ဇာနွယ်နှင့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of Russian Federation to Myanmar


Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of the Russian Federation to Myanmar H.E. Mr. Iskander Azizov.

**Nay Pyi Taw March 20**

Ambassador of the Russian Federation to Myanmar H.E. Mr. Iskander Azizov paid a courtesy call on Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the parlour of State Administration Council Chairman's Office here this morning.

Also present at the call together with the Senior General were Joint SAC Secretary General Ye Win Oo and Deputy Minister for Foreign Affairs U Lwin Oo. The Russian ambassador was accompanied by the Russian military attaché to Myanmar and officials.

During the talks, views on the Senior General's successful State Visit to the Russian Federation, during which, friendship and cooperation between the two countries could be further cemented, progress in implementing the agreements reached during the goodwill visit and materialization of the remaining parts through discussions, further promotion of cooperation between the parliaments of Myanmar and Russia, sending of delegations to study the parliaments of Russia, further cementing of cooperation in defence, humanitarian activities and other multiple sectors, and exchange of goodwill visits between the two countries were cordially exchanged.

100

# Wetlet Township completes 100% harvest of 23,544 acres of winter wheat with average yield of 20.68 baskets per acre

**Wetlet March 20**

In Wetlet Township, Sagaing Region, the winter crop season has seen the complete harvesting of 23,544 acres of wheat that were cultivated, according to records from the Wetlet Township Agriculture Department.

During the winter crop season in Wetlet Township, a total of 23,544 acres of wheat were cultivated. Harvesting began in February of this year and has now been fully completed, with an average yield of 20.68 baskets per acre.

"In Wetlet Township, 23,544 acres of wheat were cultivated during the winter crop season. All the wheat fields planted during this season have now been fully harvested. We have conducted awareness sessions and discussions with farmers regarding wheat cultivation. To increase wheat yields, we provided guidance on irrigation, fertilizer application, and weed control. Efforts were also made to promote the use of high-quality seeds to improve productivity," said Daw Kyin San, the head of the Wetlet Township Agriculture Department.

In Wetlet Township, efforts have been made to ensure that all winter crops meet the targeted acreage, improve wheat yields, promote systematic cultivation of high-quality wheat, and protect crops from pests. Wheat cultivation typically takes place between November, October, and December, with harvesting occurring in February, March, and April.

The cost of cultivating wheat is approximately 300,000 kyats per acre, with an average yield of 21 baskets per acre.

The Wetlet Township Agriculture Department has provided training sessions for farmers to increase wheat yields, facilitated access to high-quality seeds, and offered urea fertilizers at affordable prices to support wheat cultivation.

206


A winter wheat plantation.

# Farmers harvest peanut in Tamu District

**Tamu March 20**

According to the statistics of Tamu District of Sagaing Region, local farmers have so far harvested 1,347 acres of peanut in Tamu District.

They grew 3,243 acres of peanut in the district. Starting from February this year, they harvest peanut, and so far, they have reaped 1,347 acres of peanut, yielding 62.74 baskets per acre.

U Hla Myint, Head of Tamu District Agriculture Department remarked: "Local farmers planted 3,243 acres of peanut in Tamu District. So far, they have heaped more than 1,000 acres of peanut. They could expand sown acreage of peanut."

In the district, Myothit Township harvested 120 acres of peanut, Tamu Township 370 acres and Khampak 857 acres, totalling 1,347 acres.

Farmers need to cost more than K200,000 per acre for growing peanut and each acre on the average yields more than 50 baskets per acre.

Officials of the district Agriculture Department make field trips to inspect prevention of pests, weed the crops and boost per-acre yield of crops.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivers address to officers, other ranks, families in Kalaw Station


Vice-Senior General Soe Win meets officers, other ranks, and families from Kalaw Station.

**Nay Pyi Taw March 20**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met with and delivered a speech to officers, other ranks and families in Kalaw Station this morning.

Also present together with the Vice-Senior General were his wife Daw Than Than Nwe, Chief Minister of Shan State U Aung Aung, senior officers from the Office of the Commander-in-Chief of Defence Services, the commander of the Eastern Command and officers, officers, other ranks and families from Kalaw Station.

First, the Vice-Senior General delivered a speech, saying a state of emergency was declared in Myanmar due to political changes as the ruling party government blatantly attempted to continue to hold power forcefully in violation of the law in the 2020 multi-party general election and the Tatmadaw had to assume the three branches of power of the State in accordance with the 2008 constitution. Although there were riots and protests in early stages when the Tatmadaw took office, later some signatory armed organizations to the NCA joined hands with remaining ethnic armed organizations and attacked the Tatmadaw. Terrorist organizations emerged due to instigations abroad and attempted to undermine the security and stability through various ways and means. Domestic and foreign organizations and individuals who do not want to ensure the stability and development of the country are carrying out activities aiming at the collapse of the Tatmadaw and driving a wedge between the Tatmadaw and the people through various ways and means. The Tatmadaw, upholding Our Three Main Nation Causes for the perpetuation of the sovereignty of the country, is exerting efforts for ensuring security and stability.


Vice-Senior General Soe Win provides foodstuffs for officers, other ranks, and families from Kalaw Station.


Daw Than Than Nwe presents cash assistance for the maternal and child welfare association.

Then, the Vice-Senior General continued to say that Tatmadaw personnel are required to perform any of their duties assigned to them for the perpetuation of the sovereignty of the country responsibly and to resist difficulties relentlessly as Tatmadaw personnel joined the Tatmadaw without being urged by anyone out of the desire for performing national defence and security duties.

Since taking office, the State Administration Council has implemented development tasks of the country by adopting roadmaps and objectives. The ultimate aim of the SAC is to hold a free and fair multi-party democracy general election successfully and necessary preparations including conducting the population and household census are being made. During the official state visits to the Russian Federation and the Republic of Belarus, the Chairman of the SAC made known to the world that a multi-party democracy general election would be held in December, 2025 or in January, 2026 at the earliest time.

The SAC has taken measures to ensure the rights of all eligible voters and to hold a proper general election and has been implementing the five-point roadmap in accordance with the last point of the roadmap to hold multi-party democracy general elections and undertake further work to hand over State duties to the winning party in accordance with democratic standards upon accomplishing the provisions of the state of emergency. As regional stability is important for enabling representatives of political parties to launch campaigns and holding the multi-party democracy general election successfully, our Tatmadaw personnel are required to step up security measures in cooperation with partner organizations including members of the MPF, people's militias (local) and locally organized public security and anti-terrorism teams and the people.

If a free and fair multi-party democratic general election is successfully held, a parliament composed of elected representatives, the president, state and regional chief ministers, and other levels of government will be formed. The resulting government will be able to transfer the three main branches of power of the state.

To protect the Our Three Main National Causes and fulfill the state's defense responsibilities, it is necessary to strengthen the Tatmadaw. Therefore, the People's Military Service Law was enacted in November 2010 and came into force on February 10, 2024. Various levels of People's Military Service Recruitment Committees have been established, and only those who meet the specified qualifications are trained and appointed in accordance with the law. However, some recruitment committees have not followed legal procedures, leading to financial corruption and difficulties for some conscripts. These daily issues are being addressed. Therefore, military personnel must promptly report any misconduct by recruitment committees to the relevant authorities.

Due to travel restrictions in some administrative areas, officers, soldiers, and their families in those regions may face challenges in food, clothing, shelter, transportation, education, and healthcare.

*See Page 14*


Vice-Senior General Soe Win offers alms to the Sayadaw.

*From Page 13*

Responsible officials must continuously monitor and provide timely support. Additionally, commanding officers must manage and support their units with fairness and a good leadership spirit, ensuring that all needs are met. Strong administration and welfare will naturally boost morale. The military has already granted appropriate rights and benefits to all ranks, and it is essential to ensure that these are fully and fairly provided to achieve comfort and well-being.

Unity within and outside the Tatmadaw is crucial. Those who seek to destroy the nation are attempting to dismantle the Tatmadaw, the nation's main pillar, through various means. Therefore, military personnel and their families must maintain unbreakable unity and adhere strictly to the 60 military codes of conduct.

Military personnel face tough, strenuous, and demanding tasks. They must remain physically healthy and mentally strong. No matter how committed a soldier is to national duties, physical and mental health deficiencies will hinder their ability to perform their duties effectively. Therefore, maintaining good physical and mental health is crucial. Soldiers should follow a disciplined lifestyle, engage in individual and collective training. Then, the Vice-Senior General addressed any personal concerns through coordination with responsible officials.

After the meeting, Vice-Senior General Soe Win provided foodstuffs for the officers, soldiers, and their families. Daw Than Than Nwe, wife of the Vice-Senior General, also provided funds for the Maternal and Child Welfare Association. Responsible officials received these on behalf of the recipients.

Subsequently, Vice-Senior General Soe Win and his entourage warmly greeted the attending officers, soldiers, and their families.

Later, the Vice-Senior General and party inspected the breeding of pigs and layer chickens in local military units and provided necessary instructions to the responsible officials.

Additionally, the Vice-Senior General and wife and party visited the Hsutaungpyae Bamboo Pagoda in Kalaw this morning, offering flowers, water, oil lamps and gold foils. They also paid homage and donated alms to the presiding Sayadaw. 100


Vice-Senior General Soe Win inspects a chicken farm.

# Pyapon Township sells 77,000 viss of Platu fish to Yangon market in February

**Pyapon March 20**

Daw Moe Myint, a seafood trading business owner in Pyapon Township, Ayeyawady Region, stated that up to 77,000 viss of Platu fish were sold to the Yangon market in February.


Platu fish seen at a market.

Platu fish, naturally caught in Pyapon Township, continue to be supplied to the Yangon market. In January, only 55,000 viss of Platu fish were sold, compared to 77,000 viss in February.

“In the past month alone, there has been significant demand for Platu fish in the domestic market. Compared to previous months, we have been able to export and sell larger quantities. In addition to prawns and crabs, Platu fish are being transported and sold. Pyapon Township primarily exports Platu fish to the Yangon market. With increased trade activity, fishermen and traders are experiencing better job opportunities,” said Daw Moe Myint.

Platu fish sold from Pyapon Township to the Yangon market fetched K17,500 per viss. Seafood traders not only deal in Platu fish but also purchase various types of fish, prawns, and crabs, which are properly processed, processed, and packaged before being exported and sold in Yangon.

Kyaw Kyaw Lin

# UN chief saddened by death of staff member in Israeli attacks on Gaza

**United Nations March 20**

UN Secretary-General Antonio Guterres is "deeply saddened and shocked" by the death of a UN staff member during the Israeli bombing in the Gaza Strip, condemning all attacks on UN personnel and calling for a full investigation, his spokesman said on Wednesday.

A United Nations Office for Project Services personnel was killed and five others seriously injured after two UN guesthouses in Deir al Balah, central Gaza, were hit in the strikes, the UN and Gaza-based health authorities confirmed Wednesday morning. The Israeli military denied attacking the compound.

The locations of all UN premises are known to the parties to the conflict, who are bound by international law to protect them and maintain their absolute inviolability, Farhan Haq, deputy spokesman for the UN secretary-general, said.

Guterres strongly condemns all attacks on UN personnel and calls for a full investigation. He underscores that all conflicts must be conducted in a way that ensures civilians are respected and protected, Haq said.

Xinhua


People clear debris of buildings damaged by Israeli airstrikes in the Shuja'iyya neighborhood, east of Gaza City, on March 18, 2025.

# U.S. launches new round of airstrikes on Yemen's capital, other provinces

**Sanaa March 20**

A new round of U.S. airstrikes struck Yemen's capital Sanaa on Wednesday evening, wounding at least nine people, including seven women and two children, according to Houthi-run al-Masirah TV.

The strikes targeted a building under construction in Sanaa's Geraf neighborhood, damaging nearby residential structures and injuring civilians sheltering in an adjacent building, the channel reported.

The attack marked the second U.S. strike on the area since Saturday, when earlier raids killed 53 people and wounded 98, including women and children, according to Houthi-controlled health authorities.

Wednesday's strikes also expanded to other regions, with al-Masirah reporting strikes on Houthi-controlled areas in governorates such as Saada, al-Bayda, Hodeidah, and al-Jawf.

The Houthis, who control northern Yemen, claimed earlier on Wednesday they had launched cruise missiles at the USS Harry Truman in the Red Sea, calling it their fourth such attack in 72 hours.

The group insists its maritime strikes target only Israeli-linked vessels to pressure Israel to halt its Gaza offensive and allow humanitarian aid into the Palestinian enclave.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယက အနိမ့်ပျံထောက်လှမ်းရေးရေဒါယာဉ် ၁၈ စီး ဝယ်ယူရန် BEL ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အိန္ဒိယနိုင်ငံသည် ပြည်တွင်းထုတ်ကာကွယ်ရေးစက်မှုလုပ်ငန်းကို အဆင့်မြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် Ashwini Low-Level Transportable Radars (LLTR) အနိမ့်ပျံထောက်လှမ်းရေးရေဒါယာဉ် ၁၈ စီး ဝယ်ယူရန်အတွက် အိန္ဒိယ Bharat Electronics Limited (BEL) ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၁၇ ရက်တွင် ရေးသားဖော်ပြထားသည်။

အမေရိကန်ဒေါ်လာ သန်း ၃၃၀ တန်ဖိုးရှိသော ရေဒါယာဉ်များ ဝယ်ယူရေးစာချုပ်သည် အိန္ဒိယလေတပ်ကို တရုတ်နိုင်ငံ၏ လေကြောင်းစွမ်းအားများ တိုးမြင့်လာမှုအပေါ် တုံ့ပြန်ရန်အတွက် ပြည်တွင်းထုတ်ရေဒါများဖြင့် ထောက်လှမ်းရေးစွမ်းရည်များ အဆင့်မြှင့်တင်လာခြင်းလည်းဖြစ်သည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီး Shri Rajesh Kumar Singh က ၂၀၂၅ ခုနှစ် မတ် ၁၂ ရက်တွင် Ashwini ရေဒါဝယ်ယူရေးစာချုပ်ကို အပြီးသတ် လုပ်ဆောင်ပေးခဲ့သည်။

အိန္ဒိယကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) လက်အောက်ရှိ အီလက်ထရွန်နစ်နှင့် ရေဒါဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းက တီထွင်ထားသည့် အဆိုပါရေဒါများသည် အိန္ဒိယလေတပ်အတွက် တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒုံးကျည်များနှင့်အလျင်နှုန်းနှေးသော ဒရုန်းများအပါအဝင် လေကြောင်းခြိမ်းခြောက်မှု အန္တရာယ်များအတွက် အဆင့်မြင့်ထောက်လှမ်းမှုဆိုင်ရာ ဖြေရှင်းချက်တစ်ရပ်ပင်ဖြစ်သည်။

Ashwini ရေဒါသည် Solid-State Transmitter-Receiver Module များပါရှိသော ခေတ်မီနည်းပညာကို အခြေခံတည်ဆောက်ထားပြီး ရှုပ်ထွေးသော အီလက်ထရွန်နစ်စစ်ပွဲ ပတ်ဝန်းကျင်များတွင် ယုံကြည်စိတ်ချရမှုနှင့်စွမ်းရည်များ မြင့်မားစွာဖြင့် ဝေဟင်ထောက်လှမ်းရေးများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယာဉ်တင်ဖြစ်သည့်အတွက် အိန္ဒိယလေတပ်၏ လုပ်ငန်းလည်ပတ်မှုလိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိကာ မြေမျက်နှာသွင်ပြင်မရွေး လျင်မြန်စွာဖြန့်ကြက် အသုံးပြုနိုင်သည်။ ဤရေဒါသည် Rotation Mode တွင် ၃၆၀ ဒီဂရီ အလျားလိုက်လွှမ်းခြုံမှုနှင့် ဒေါင်လိုက် ၄၀ ဒီဂရီ လွှမ်းခြုံထောက်လှမ်းနိုင်ကာ အမြင့်မီတာ ၃၀ မှ ၁၅ ကီလိုမီတာအတွင်းပစ်မှတ်များကို တိကျစွာထောက်လှမ်းနိုင်သည်။

ထောက်လှမ်းမှုအကွာအဝေး ကီလိုမီတာ ၂၀၀ ထိရှိသော Ashwini ရေဒါသည် ကီလိုမီတာ ၁၅၀ အကွာအဝေးတွင် ရေဒါဖြတ်ပိုင်းဧရိယာ နှစ်စတုရန်းမီတာရှိသော ပစ်မှတ်များကို ဖမ်းယူထောက်လှမ်းနိုင်သည်။ Ashwini ရေဒါ၏ လိုက်လျောညီထွေရှိသော တည်ဆောက်မှုပုံစံနှင့် အဆင့်မြင့်ဆော့ဖ်ဝဲ၊ အယ်လဂိုရီသမ်များ ထည့်သွင်းအသုံးပြုထားမှုသည် လေတပ်စခန်းများအတွက် ကြိုတင်သတိပေးရေး ရေဒါအဖြစ် အိန္ဒိယလေတပ်၏ တိုက်ပွဲဝင်ကြိုတင်ပြင်ဆင်မှုကို မြင့်မားကောင်းမွန်စေမည်ဖြစ်သည်။ ယခုရေဒါဝယ်ယူမှုသည် အိန္ဒိယနှင့် တရုတ်နိုင်ငံကြား တင်းမာမှုများ မြင့်တက်နေချိန်နှင့် တရုတ်နိုင်ငံ၏ လေကြောင်းစောင့်ကြည့်ရေးကွန်ရက်ကို ဆက်လက်ချဲ့ထွင်နေချိန်မျိုးတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

အိန္ဒိယကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DRDO) သည် အိန္ဒိယတပ်မတော်အတွက် ယာဉ်တင်ရေဒါစနစ်အများအပြားကို တီထွင်ခဲ့ပြီး Rajendraရေဒါ၊ Akash ဒုံးကျည်များကို လမ်းညွှန်ထိန်းကျောင်းရန်အတွက် ဘက်စုံသုံးရေဒါ၊ ရန်သူ့အမြောက်ပစ်ခတ်မှုတည်နေရာရှာဖွေရန်အတွက် ဒီဇိုင်းထုတ်ထားသည့် Swathi ရေဒါနှင့် အနိမ့်ပျံပစ်မှတ်များကို ထောက်လှမ်းရန်အတွက် INDRA ရေဒါတို့ကို တီထွင်ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

**India Expands Aerial Surveillance with Ashwini Radars to Counter China's Growing Threat** ကို ဘာသာပြန်ဆိုထားပါသည်။

## ကျွန်းတစ်ဝိုက်တွင် တရုတ်လေယာဉ် ၅၉ စင်းကိုတွေ့ရှိခဲ့ကြောင်း တရုတ်(တိုင်ပေ)ပြောကြား

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကျွန်းတစ်ဝိုက်တွင် တရုတ်လေယာဉ် ၅၉ စင်းကို တွေ့ရှိခဲ့ကြောင်း တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ပြီး တရုတ်(တိုင်ပေ)သမ္မတလိုင်ကျင်းတီက တရုတ်နိုင်ငံကို ရန်လိုနေသောပြည်ပအင်အားစုဟုခေါ်ဆိုသုံးနှုန်းခဲ့ကာ ရက်ပိုင်းအကြာ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် စံချိန်တင်ဝင်ရောက်ပျံသန်းခဲ့ပြီးနောက် လေယာဉ်အများဆုံး ရှာဖွေထောက်လှမ်းခဲ့မှုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုင်ဝမ်ကျွန်းသည် ကျွန်ုပ်တို့ ပိုင်နက်နယ်မြေ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံဘက်က အခိုင်အမာပြောကြားထားပြီး ကျွန်းကိုတရုတ်ပြည်မကြီးထိန်းချုပ်မှုအောက်သို့ အင်အားသုံးသိမ်းသွင်းမည်ဟု ပြောကြားထားသည်။ တရုတ်(တိုင်ပေ)ဘက်က ငြင်းဆိုထားသည့် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင် ပိုင်နက်နယ်မြေဖြစ်မှုအပေါ်ဖိအားပေးရန်အတွက် မကြာသေးမီနှစ်များအတွင်း တရုတ်သည် တိုက်လေယာဉ်များနှင့် ရေတပ်သင်္ဘောများ ကျွန်းတစ်ဝိုက် ဖြန့်ကြက်ချထားရေးကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

တရုတ်(တိုင်ပေ)ကလည်း တရုတ်နိုင်ငံသည် သူလျှိုလုပ်မှု၊ ဆိုက်ဘာတိုက်ခိုက်မှုနှင့် တရုတ်(တိုင်ပေ)ကာကွယ်ရေးကို အားနည်းစေရန် သတင်းမှားများကို အသုံးပြုနေသည်ဟုလည်း စွပ်စွဲထားသည်။ လေယာဉ် ၅၉ စင်းနှင့်အတူ တရုတ်စစ်သင်္ဘော ကိုးစီးနှင့် မိုးပျံပူဖောင်း နှစ်လုံးကိုလည်း ၂၄ နာရီပတ်လုံးမှ နောက်တစ်နေ့ နံနက် ၆ နာရီအတွင်းတွေ့ရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)သမ္မတ လိုင်ကျင်းတီ၏ အမျိုးသားနေ့မိန့်ခွန်းကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက အကြီးစားစစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်က စံချိန်တင်ထားသည့် လေယာဉ် ၁၅၃ စင်း နောက်ပိုင်း မှတ်ပုံတင်ထားနိုင်ခဲ့သော အရေအတွက်များအရ အများဆုံးပျံသန်းခဲ့မှုလည်းဖြစ်သည်။ ၂၄ နာရီအတွင်းရှာဖွေတွေ့ရှိခဲ့သည့် လေယာဉ်များအနက် ၅၄ စင်းမှာ ပူးတွဲစစ်ဆင်ရေးကင်းလှည့်မှုတွင် ပါဝင်ခဲ့သည်ဟု ဝန်ကြီးဌာနက သီးခြားထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါလုပ်ရပ်များသည် တရုတ်(တိုင်ပေ) လွတ်လပ်ရေးအတွက် ပြင်ပအင်အားစုများ၏ ရည်ရွယ်ချက်ရှိရှိဆွဲဆောင်စည်းရုံးနေမှု၊ ထောက်ခံအားပေးမှုနှင့် တရုတ်



(တိုင်ပေ) လွတ်လပ်ရေးခွဲထွက်ရေးတပ်များအပေါ် ပြင်းပြင်းထန်ထန် တုံ့ပြန်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုနှစ် မတ် ၁၄ ရက်တွင် တရုတ်(တိုင်ပေ)သမ္မတ လိုင်ကျင်းတီက ကျွန်းအတွင်းတရုတ်၏ နက်ရှိုင်းစွာစိမ့်ဝင်လာမှုကိုတိုက်ဖျက်ရန် စီမံချက်များကို အဆိုပြုခဲ့ပြီး တရုတ်နိုင်ငံကို ရန်လိုနေသော ပြည်ပအင်အားစုဟု တံဆိပ်ကပ်ခဲ့သည်။ တရုတ်(တိုင်ပေ)တွင် တရုတ်နိုင်ငံမှ သူလျှိုလုပ်ခြင်းအတွက် တရားစွဲခံရသူအရေအတွက်သည် သိသိသာသာမြင့်တက်လာပြီး တရုတ်(တိုင်ပေ)စစ်ဘက်၏ အငြိမ်းစားများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသူများထံ တရုတ်နိုင်ငံက အဓိကပစ်မှတ်ထား လုပ်ဆောင်နေကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ တရုတ်နိုင်ငံ၏ စစ်ရေးအင်အား တိုးချဲ့လုပ်ဆောင်မှုများသည် ထိုင်ဝမ်ရေလက်ကြားနှင့် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးကိုခြိမ်းခြောက်လျက်ရှိသည်ဟု တရုတ်ပြည်မကြီးဆိုင်ရာ တရုတ်(တိုင်ပေ)၏ ထိပ်တန်းမူဝါဒရေးရာကောင်စီ(MAC)က ပြောကြားခဲ့သည်။

**Taiwan Says Detects 59 Chinese Aircraft Around Island ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

☆ **ကျောဖုံးမှအဆက်**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ကလောတပ်နယ်မှ အရာရှိ၊စစ်သည်၊မိသားစုများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီအစိုးရအနေဖြင့် ထပ်မံ၍ နိုင်ငံတော်၏အာဏာကို ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မရယူရန် သိသာစွာလုပ်ဆောင်လာခဲ့သောကြောင့်ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံတော်၏အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့်အညီ ထိန်းသိမ်းခဲ့ရမှုတပ်မတော်က စတင်တာဝန်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့ရာမှ နောက်ပိုင်းတွင် NCA လက်မှတ်ရေးထိုးပြီးသော အချို့သောလက်နက်ကိုင်အဖွဲ့အစည်းအချို့သည် ကျန်ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်း၍ တပ်မတော်အား နှောင့်ယှက်တိုက်ခိုက်လာခြင်း၊ပြည်ပမှသွေးထိုးမြှောက်ပင့်မှုများကြောင့်လည်း အကြမ်းဖက်အဖွဲ့အစည်းများပေါ်ပေါက်လာကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုမလိုလားသည့် ပြည်တွင်းပြည်ပမှအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်၏အဓိကကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်ပြိုကွဲရေးနှင့် တပ်နှင့် ပြည်သူ သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုံခြုံရေးနှင့်တည်ငြိမ်ရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဦးစွာရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တပ်မတော်သားများအနေဖြင့်မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မျှမပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လိုသည့် စိတ်ဆန္ဒများဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြသူများပီပီ နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပေးအပ်လာသည့် မည်သည့်တာဝန်ဝတ္တရားများကိုမဆို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ကြံ့ကြံ့ခံတွန်းလှန်သွားရန်လိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် ရှေ့လုပ်ငန်းစဉ်များ၊ဦးတည်ချက်များချမှတ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်ပြီးမြောက်ရန် ကျင်းပနိုင်ရေးပင်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်များတွင်လည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ(သို့မဟုတ်) ၂၀၂၆ ခုနှစ် ဇန်နဝါရီလအစောဆုံးကျင်းပသွားရန်စီစဉ်ထားကြောင်းကို ကမ္ဘာသိချပြဆွေးနွေးခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးအချက်ဖြစ်သည့် **"ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးစီးနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးသည်အရေးကြီးသဖြင့် မိမိတို့တပ်မတော်သားများအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသအလိုက်ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယင်းသို့ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးပါက ရွေးချယ်ခံကိုယ်စားလှယ်များနှင့် ဖွဲ့စည်းသည့် လွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်များ စသည်ဖြင့် အဆင့်ဆင့်သော အစိုးရတစ်ရပ်ဖွဲ့စည်းနိုင်မည်ဖြစ်ပြီး ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်၏အာဏာကြီး သုံးရပ်ကို လွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း။

ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်နှင့်နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်၌ အင်အားတောင့်တင်းရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းထားခဲ့ပြီး၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်၌ စတင်အာဏာတည်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ သင်တန်းများဖွင့်လှစ်သင်ကြားပေးကာ ခန့်အပ်တာဝန်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချို့သော ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများ



တက်ရောက်လာသည့် ရဲမေတစ်ဦးက တင်ပြစဉ်။

နှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် ဥပဒေနှင့် မညီသော မလိုလားအပ်သည့်ငွေကြေး မသမာမှုများကြောင့် စုဆောင်းခံရသည့် ပြည်သူ့စစ်မှုထမ်းအချို့၌အခက်အခဲအကျပ်အတည်းဖြစ်ပေါ်လာကာ အဆိုပါနိစ္စဒူဝ ပြဿနာကိုလည်း ဖြေရှင်းနေရကြောင်း၊ ထို့ကြောင့် မိမိတို့တပ်မတော်သားများအနေဖြင့် ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်၍ အဆင့်ဆင့်သော ဆင့်ခေါ်ရေးအဖွဲ့များ၏ မှားယွင်းသောလုပ်ဆောင်မှုများ တွေ့ရှိပါက သက်ဆိုင်ရာသို့အချိန်နှင့်တစ်ပြေးညီ အသိပေးတင်ပြဆောင်ရွက်ပေးကြရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အချို့သောဒေသများတွင် သွားလာမှုကန့်သတ်ချက်များရှိသည့်အတွက် အဆိုပါဒေသရှိ တပ်ရင်း၊တပ်ဖွဲ့တို့မှ အရာရှိ၊စစ်သည်၊ မိသားစုဝင်များ၏ စားရေး၊ဝတ်ရေး၊နေရေး၊ သွားလာရေးနှင့် ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ၌ အနည်းနှင့်အများ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ကလောမြို့ရှိ ဆုတောင်းပြည့်နီးဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးများ ထွန်းညှိပူဇော်ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆုတောင်းပြည့်နီးဘုရားအား ရွှေသင်္ကန်း ကပ်လှူစဉ်။

ဆိုသလို အခက်အခဲများရှိနိုင်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ်ကြည့်ရှုပြီး အချိန်မီဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ၎င်းပြင် သက်ဆိုင်ရာကွပ်ကဲအုပ်ချုပ်သည့် တပ်မှူးများအနေဖြင့်လည်း မိမိတပ်ရင်း၊ တပ်ဖွဲ့ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကိုတပ်မှူးကောင်းစိတ်ဓာတ်ဖြင့် ညီညွတ်မျှတစွာအုပ်ချုပ်ကွပ်ကဲကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ အုပ်ချုပ်မှုနှင့်သက်သာချောင်ချိမှုများအားကောင်းပါက စိတ်ဓာတ်သည်လည်း အလိုလိုအားကောင်းလာမည်ဖြစ်ကြောင်း၊တပ်မတော်အနေဖြင့် စစ်သည်အဆင့်အတန်းအားလုံးကို အဆင့်အလိုက် လျော်ညီသည့် ရပိုင်ခွင့်များ၊ ခံစားခွင့်များပေးထားပြီးဖြစ်ကြောင်း၊ ရသင့်ရထိုက်သည်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိအောင် ကြပ်မတ်ကွပ်ကဲခြင်းဖြင့်သက်သာချောင်ချိရေးကိုဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

> **လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် မိမိတို့တပ်မတော်သားများအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဒေသအလိုက်ဖွဲ့စည်းထားသည့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ် . . .**

တပ်တွင်း စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ တပ်တွင်း၊ တပ်ပြင်စည်းလုံးညီညွတ်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံကိုဖျက်ဆီးလိုသူများသည် နိုင်ငံတော်၏အဓိကဒေါက်တိုင်ဖြစ်သော တပ်မတော်ကို ဖြိုခွဲရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည့်အတွက် တပ်မတော်သားနှင့်မိသားစုဝင်များအနေဖြင့် တပ်တွင်းစည်းလုံးညီညွတ်ရေးကို ရေပက်မဝင်သော စည်းလုံးညီညွတ်မှုဖြင့် ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ကြရန်နှင့် စစ်သည်တော်ကျင့်ဝတ်အပါး ၆၀ ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်ကြံနေထိုင်သွားရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များအတွင်း DYL ဝက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တပ်မတော်သားများ၏လုပ်ငန်းသဘောသဘာဝအရ ခက်ခဲကြမ်းတမ်း၍ ပင်ပန်းဆင်းရဲသော ရည်မှန်းချက်တာဝန်များထမ်းဆောင်နေရသူများဖြစ်၍ အမြဲကိုယ်ခန္ဓာကျန်းမာသန်စွမ်း၍ လိုအပ်သလို စိတ်ဓာတ်ကလည်း ကြံ့ခိုင်နေရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သားတစ်ဦးချင်းသည် မည်မျှပင်နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ချင်သည်ဖြစ်စေ ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ဓာတ်ကြံ့ခိုင်မှုချို့ယွင်းချက်ရှိမည်ဆိုပါက မည်သို့မျှ ပေးအပ်လာသည့်တာဝန်ဝတ္တရားများမှန်သမျှကို အောင်မြင်စွာလုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်သည့်အတွက် ကိုယ်စိတ်နှစ်ပါးကျန်းမာကြံ့ခိုင်မှုကောင်းမွန်ရန် အထူးပင်အရေးကြီးကြောင်း၊ သို့ဖြစ်၍ စနစ်တကျ နေထိုင်စားသောက်ခြင်းနှင့် တစ်ကိုယ်ရည်လေ့ကျင့်ခန်းများ၊ စုပေါင်းလေ့ကျင့်ခန်းများဖြင့် ဆောင်ရွက်ကြရန်လည်း လိုကြောင်းဖြင့်ပြောကြားပြီး အရာရှိ၊စစ်သည်၊ ရဲမေများ၏ တစ်ဦးချင်းစီ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်းပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၊တပ်ဖွဲ့များအတွင်း DYLဝက်နှင့် ဥစားကြက်များ မွေးမြူထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကလောမြို့ရှိ ဆုတောင်းပြည့်နီးဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ထွန်းညှိပူဇော်ကာ ရွှေသင်္ကန်းများ ကပ်လှူဖူးမြော်ကြည်ညိုခဲ့ကြပြီး ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖ၁၁)

## နိုင်ငံတော်နဲ့ ပြည်သူရဲ့ အကျိုးစီးပွားကို အစဉ်ရှေးရှု

တို့တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူရဲ့ အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမယ့်ကိစ္စရပ်မှန်သမျှကို လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစပြီး ယနေ့အချိန်ထိ ကာကွယ်စောင့်ရှောက်ပေးခဲ့သလို အနာဂတ်ကာလတွေမှာလည်း ဆက်လက်ထိန်းသိမ်းကာကွယ်သွားမယ်ဆိုတာ အလေးအနက်ထားပြောကြားလိုတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၂၇-၃-၂၀၂၄





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. IskanderAzizov ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် အောင်မြင်သည့်ခရီးစဉ်ဖြစ်ခဲ့မှုအခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်းရရှိခဲ့သည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ဆွေးနွေးရန်ကျန်ရှိသည့် အချက်များကို ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လွှတ်တော်များသို့ လေ့လာရေးအဖွဲ့များ စေလွှတ်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးပိုင်းဆိုင်ရာများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဧဝ)

## နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

နေပြည်တော် မတ် ၂၀

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမတို့၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူ များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် သွေးအလှူရှင် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် သွေးအလှူရှင် ပြည်သူများ၊ သွေးအလှူရှင်စုစုပေါင်း ၁၈၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထို့သို့သွေးလှူဒါန်းနေမှုများကို ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ)



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး သွေးအလှူရှင်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်စဉ်။


## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပညာပေးဇာတ်လမ်းတို (Short Film ၂-၃မိနစ်)ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ငါးခု ရွေးချယ်မည်ဖြစ်၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ် နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
(ခ) ဆောင်ပုဒ် တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။
(ဂ) မြန်မာဘာသာအတွက် Font size– 13, Pyidaungsu Font ဖြင့်လည်းကောင်း၊အင်္ဂလိပ်ဘာသာအတွက် Font size– 13, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။
(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၅ ခုနှစ် မတ် ၂၆ ရက် နောက်ဆုံးထားပေးပို့ယှဉ်ပြိုင်ရမည်။
(င) ဆောင်ပုဒ်များကို Fax ဝ၆၇၃-၄၀၁၇၄၈ နှင့် Email – ccdac.mm@gmail.com သို့ ပေးပို့ရမည်။
(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။** မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးက တက်ကြွစွာပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော**
**ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့**

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၏စုပေါင်းသွေးလှူဒါန်းပွဲ ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၀

၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ဂုဏ်ပြု သွေးလှူဒါန်းခြင်းများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီးများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့အသီးသီးမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၁၈၂ ဦးတို့က တစ်ချိန်တည်း ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။

အဆိုပါဆေးရုံကြီးများ၌ ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်(၁)နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးခိုင်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်အောင်မြတ်ကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကား ပြောကြားကာ သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)ရှိ ဆေးရုံဝန်ထမ်းများနှင့် ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအတွက် အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၈၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး မတ် ၂၁ ရက်တွင်လည်း နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၁၁ ဦးတို့က ဆက်လက်ဂုဏ်ပြုသွေးလှူဒါန်းကြမည်ဖြစ်ရာ ဆေးရုံကြီးနှစ်ခုတွင် စုစုပေါင်း သွေးလှူဒါန်းသူ ၂၉၃ ဦး ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး မတ် ၂၀

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ဗဟိုကော်မတီက ချမှတ်ထားသည့်မူဝါဒ၊ လုပ်ငန်းစဉ်နှင့် ဆောင်ရွက်ရန်အချက် ၅၂ ချက်နှင့်အညီ စိစစ်ဖြေရှင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် မူဝါဒ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ လိုက်နာကာ နစ်နာမှုမရှိပြန်လည်ပေးအပ်သွားနိုင်ရေး အမြန်ဆုံးပြီးပြတ်အောင် ဌာနအချင်းချင်း ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။






ဆက်လက်၍ ကော်မတီ၏ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူးတို့က တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုကော်မတီသို့ တင်ပြတိုင်ကြားသည့် အမှုတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီးနောက် ခရိုင် ၁၁ ခုမှ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများက ယခင် အစည်းအဝေး ဆွေးနွေးချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြအကြံပြုကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# “၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ ” ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၀**

နိုင်ငံရေးအပြောင်းအလဲနှင့်အတူ နိုင်ငံတော်၏အခြေအနေမှန်ကို ကမ္ဘာကသိရှိစေပြီး မြန်မာနိုင်ငံအပေါ် နားလည်မှု၊ စာနာမှုများဖြင့် ပူးပေါင်းဆောင်ရွက်လာစေရန်၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများကို တန်ပြန်ချေဖျက်၍ နိုင်ငံ့ပုံရိပ်မြှင့်တင်ရန်နှင့် ၂၀၂၅ ခုနှစ်အလွန် ပြောင်းလဲလာနေသည့် ကမ္ဘာ့အခင်းအကျင်းဖြစ်သော ဗဟုဝင်ရိုးကမ္ဘာ(Multipolar World)တွင် ပေါ်ပေါက်လာမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအားသိရှိပြီး ကြိုတင်ပြင်ဆင်နိုင်မည့် နည်းလမ်းများရရှိစေရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာနိုင်မည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် (သောကြာနေ့) **(ယနေ့ )** နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC(I)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၈ နာရီ ၁၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV–HD၊ MRTV News၊ MRTV Parliament၊ MITV နှင့် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD Channel၊ MWD Variety HD Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသည့် ပတ္တမြား၊ ချယ်ရီ၊ ပဒ္မဝတီ၊ မန္တလေး၊ ရွှေ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်သည့် Star နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိုးနိုင်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေး၊ ဘဏ္ဍာရေးနှင့်<br>ကျန်းမာရေးဌာနကြီး<br>အမျိုးသားလွှတ်တော်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားလွှတ်တော်ရုံး |
| (ခ) | ဦးတင်လတ်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့်<br>သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို





၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့အား ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၂၀**

၂၀၂၄-၂၀၂၅ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် စတုတ္ထနေ့အဖြစ် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။

ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် ဓာတုဗေဒဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာန ၁၂ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၁၁ ခု စာစစ်ဌာနစုစုပေါင်း ၈၁၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူစုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး ဓာတုဗေဒဘာသာရပ်ကိုလာရောက်ဖြေဆိုသူစုစုပေါင်း ၁၈၅၆၆၄ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၉၂ ရာခိုင်နှုန်းရှိကြောင်းနှင့် ပထဝီဝင်ဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာနစုစုပေါင်း ၆၇၄ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူစုစုပေါင်း ဦးရေ ၂၅၂၄၀ ရှိပြီး ပထဝီဝင်ဘာသာရပ်ကို လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၂၈၄၆ဦး ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်းတို့ကို ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုနှင့် ပတ်သက်၍ ကြီးကြပ်ရေးတာဝန်ထမ်းဆောင်နေသည့် ဆရာမတစ်ဦး၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်–

“ကျွန်မက အထက ၆ စာစစ်ဌာနရဲ့ ကြီးကြပ်ရေးမှူးဖြစ်ပါတယ်ရှင်။ ကျောင်းသားဦးရေ စာဖြေသူစုစုပေါင်း ၃၇၄ ယောက်ရှိပါတယ်ရှင်။ ပျက်ကွက်က ဒီနေ့အထိဆိုရင်တော့ ၁၉ ဦးရှိပါတယ်ရှင်။ အားလုံးပေါင်း ၃၅၆ ဦးဖြေဆိုပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၉၂ ပါရှင်။ ကျောင်းသားတွေရဲ့ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနေတာကို တွေ့ရှိရပါတယ်ရှင်။ ထွက်လာတယ်ဆိုလို့ရှိရင်လည်း အင်္ဂလိပ်စာနေ့ကလည်း တော်တော်ဖြေနိုင်တဲ့ပုံပါပဲ။ မြန်မာစာနေ့ကလည်း ဖြေနိုင်ပါတယ်။ သင်္ချာနေ့ကလည်း ပျော်ပျော်ရွှင်ရွှင် ထွက်လာတာတွေ့ရပါတယ်။ ကွာခြားချက်ကတော့ အရင်တုန်းကတော့ GRADE–10 ဆိုတဲ့အတွက် ကျောင်းသားရဲ့ အသက်အရွယ်ဟာ ၁၅ နှစ်၊ ၁၆ နှစ်ပဲ ရှိပါတယ်။ အခုအခါ GRADE–12 လို့ဖြစ်သွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ဟာ စာပေတွေကလည်း အဆင့်မြှင့်လိုက်တယ်။ နိုင်ငံတကာအဆင့်ပေါ့။ ပြီးလို့ရှိရင် အခြေခံပညာပြီးမြောက်ကြောင်း (CC) လည်းပေးပါတယ်။ (CC)ပေးတဲ့ စာမေးပွဲပြီးလို့ရှိရင် အခုဒီဟာ တက္ကသိုလ်ဝင်စာမေးပွဲပေါ့။ အဲ့ဒီတော့ (CC)ပြီးလို့ရှိရင် သူကဘာတွေကွာခြားလည်းဆိုတဲ့အခါကျတော့ အသက်မွေးဝမ်းကျောင်းတွေကို သွားလို့ရတယ်။ ဒီတက္ကသိုလ်ဝင်တန်း အောင်လို့ရှိရင်လည်း ထပ်ပြီးတော့ တက္ကသိုလ်တွေတက်လို့ရတယ်။ အဲ့ဒီလိုကွာခြားပါတယ်။




စာကြိုးစားတဲ့ ကျောင်းသားတွေအကုန်လုံးကတော့ ဖြေနိုင်တာတွေ့ရပါတယ်။ ပြောင်းလဲထားတဲ့ ပညာရေးစနစ်က အရမ်းကောင်းပါတယ်။ စာမေးပွဲဖြေဆိုနေတာလည်း အေးအေးချမ်းချမ်းပဲဖြေဆိုနေတာကို တွေ့ရပါတယ်။ ကျောင်းသားတွေကို ကျွန်မတို့ကပြောချင်တာကတော့ ပညာကို ဆတက်ထမ်းပိုးကြိုးစားပြီးတော့ ပညာတတ်အောင်လုပ်ဖို့ပြီးရင် နိုင်ငံတော်အတွက် အကျိုးရှိတဲ့ သားကောင်းသမီးမွန်တွေဖြစ်အောင်ကြိုးစားဖို့ ဒါလေးမှာချင် ပါတယ်” ဟု ပြောသည်။

(၅၀၁)

# ၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦးနှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၂၂၈၄၆ ဦးရှိ

**နေပြည်တော် မတ် ၂၀**

၂၀၂၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြား စာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၈၅၆၆၄ ဦးနှင့် ပထဝီဝင်ဘာသာရပ်လာရောက်ဖြေဆိုသူစုစုပေါင်း ၂၂၈၄၆ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဓာတုဗေဒဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန ၁၂ ခုနှင့် ပြည်တွင်း၌စာစစ်ဌာန ၈၀၁ ခု စာစစ်ဌာန စုစုပေါင်း ၈၁၃ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန်စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၉၅၆၀၃ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၈၅၆၆၄ ဦး၊ ပျက်ကွက် ၉၉၃၉ ဦးရှိသဖြင့် ဖြေဆိုသူရာခိုင်နှုန်းသည် ၉၄ ဒသမ ၉၂ ရာခိုင်နှုန်း၊ ပထဝီဝင်ဘာသာရပ်၌ နိုင်ငံခြားစာစစ်ဌာန တစ်ခုနှင့်ပြည်တွင်း၌ စာစစ်ဌာန ၆၇၃ ခု စာစစ်ဌာန စုစုပေါင်း ၆၇၄ ခုဖွင့်လှစ်ဖြေဆိုခဲ့ရာ ဖြေဆိုရန်စာရင်းပေးသွင်းသူ စုစုပေါင်းဦးရေ ၂၅၂၄၀ ရှိပြီး လာရောက်ဖြေဆိုသူစုစုပေါင်း ၂၂၈၄၆ ဦး၊ ပျက်ကွက် ၂၃၉၄ ဦးရှိသဖြင့် ဖြေဆိုသူရာခိုင်နှုန်းသည် ၉၀ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်- ဓာတုဗေဒ ၂၀-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၂၂၃ | ၅၀၆၆ | ၈၂၈၉ | ၂၇၅၁ | ၄၄၄၄ | ၇၁၉၅ | ၄၇၂ | ၆၂၂ | ၁၀၉၄ | ၈၆.၈၀% | ၁၃.၂၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၂၅ | ၇၀ | ၉၅ | ၂၃ | ၆၇ | ၉၀ | ၂ | ၃ | ၅ | ၉၄.၇၄% | ၅.၂၆% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၀၉၈ | ၂၂၁၉ | ၃၃၁၇ | ၁၀၀၄ | ၂၁၃၃ | ၃၁၃၇ | ၉၄ | ၈၆ | ၁၈၀ | ၉၄.၅၇% | ၅.၄၃% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၁၅၄ | ၂၅၁ | ၄၀၅ | ၁၂၁ | ၂၀၁ | ၃၂၂ | ၃၃ | ၅၀ | ၈၃ | ၇၉.၅၁% | ၂၀.၄၉% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၃၁၈၃ | ၄၆၀၁ | ၇၇၈၄ | ၂၉၇၆ | ၄၄၈၄ | ၇၄၆၀ | ၂၀၇ | ၁၁၇ | ၃၂၄ | ၉၅.၈၄% | ၄.၁၆% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၆၃၁ | ၂၉၂၀ | ၄၅၅၁ | ၁၅၃၅ | ၂၈၁၇ | ၄၃၅၂ | ၉၆ | ၁၀၃ | ၁၉၉ | ၉၅.၆၃% | ၄.၃၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၄၉၇၂ | ၇၄၂၆ | ၁၂၃၉၈ | ၄၆၅၃ | ၇၁၈၇ | ၁၁၈၄၀ | ၃၁၉ | ၂၃၉ | ၅၅၈ | ၉၅.၅၀% | ၄.၅၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၀၁၆ | ၅၂၈၅ | ၉၃၀၁ | ၃၇၇၀ | ၅၁၁၉ | ၈၈၈၉ | ၂၄၆ | ၁၆၆ | ၄၁၂ | ၉၅.၅၇% | ၄.၄၃% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၁၈၉ | ၁၀၀၂၉ | ၁၇၂၁၈ | ၆၇၇၄ | ၉၇၆၈ | ၁၆၅၄၂ | ၄၁၅ | ၂၆၁ | ၆၇၆ | ၉၆.၀၇% | ၃.၉၃% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၄၈၇၁ | ၁၉၄၂၃ | ၃၄၂၉၄ | ၁၄၁၃၈ | ၁၉၀၁၉ | ၃၃၁၅၇ | ၇၃၃ | ၄၀၄ | ၁၁၃၇ | ၉၆.၆၈% | ၃.၃၂% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၀၀၉ | ၅၈၆၈ | ၈၈၇၇ | ၂၈၇၀ | ၅၆၇၃ | ၈၅၄၃ | ၁၃၉ | ၁၉၅ | ၃၃၄ | ၉၆.၂၄% | ၃.၇၆% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၇ | ၁၁၈၁ | ၁၅၂၂ | ၂၇၀၃ | ၆၂၆ | ၆၈၆ | ၁၃၁၂ | ၅၅၅ | ၈၃၆ | ၁၃၉၁ | ၄၈.၅၄% | ၅၁.၄၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၀ | ၁၇၀၁၄ | ၂၀၇၇၂ | ၃၇၇၈၆ | ၁၅၉၇၆ | ၂၀၀၀၇ | ၃၅၉၈၃ | ၁၀၃၈ | ၇၆၅ | ၁၈၀၃ | ၉၅.၂၃% | ၄.၇၇% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၅၃၄ | ၇၅၇၃ | ၁၂၁၀၇ | ၄၃၅၀ | ၇၄၀၈ | ၁၁၇၅၈ | ၁၈၄ | ၁၆၅ | ၃၄၉ | ၉၇.၁၂% | ၂.၈၈% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၆၆ | ၄၀၉ | ၆၇၅ | ၂၄၈ | ၃၉၈ | ၆၄၆ | ၁၈ | ၁၁ | ၂၉ | ၉၅.၇၀% | ၄.၃၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၃၅ | ၁၀၁၉ | ၁၆၅၄ | ၆၁၅ | ၁၀၀၀ | ၁၆၁၅ | ၂၀ | ၁၉ | ၃၉ | ၉၇.၆၄% | ၂.၃၆% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၄ | ၉၃၂၈ | ၁၂၈၆၄ | ၂၂၁၉၂ | ၈၇၅၅ | ၁၂၄၂၅ | ၂၁၁၈၀ | ၅၇၃ | ၄၃၉ | ၁၀၁၂ | ၉၅.၄၄% | ၄.၅၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၁၈၉ | ၆၇၄၉ | ၁၁၉၃၈ | ၄၉၇၇ | ၆၆၄၇ | ၁၁၆၂၄ | ၂၁၂ | ၁၀၂ | ၃၁၄ | ၉၇.၃၇% | ၂.၆၃% | |
| ၁၉ | နိုင်ငံခြား | | | ၁၂ | ၁၁ | ၈ | ၁၉ | ၁၁ | ၈ | ၁၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၃ | ၈၁၅၂၉ | ၁၁၄၀၇၄ | ၁၉၅၆၀၃ | ၇၆၁၇၃ | ၁၀၉၄၉၁ | ၁၈၅၆၆၄ | ၅၃၅၆ | ၄၅၈၃ | ၉၉၃၉ | ၉၄.၉၂% | ၅.၀၈% | |

ဘာသာရပ်- ပထဝီဝင် ၂၀-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၆၇၂ | ၁၀၁၂ | ၁၆၈၄ | ၅၈၅ | ၉၁၈ | ၁၅၀၃ | ၈၇ | ၉၄ | ၁၈၁ | 89.25% | 10.75% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉ | ၂၇ | ၄၆ | ၁၉ | ၂၃ | ၄၂ | ၀ | ၄ | ၄ | 91.30% | 8.70% | |
| ၃ | ကရင် | ၆ | ၆ | ၁၁ | ၇၈ | ၁၄၉ | ၂၂၇ | ၇၂ | ၁၃၈ | ၂၁၀ | ၆ | ၁၁ | ၁၇ | 92.51% | 7.49% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၅၄ | ၉၇ | ၁၅၁ | ၂၇ | ၅၉ | ၈၆ | ၂၇ | ၃၈ | ၆၅ | 56.95% | 43.05% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၄ | ၉၄၈ | ၁၅၇၃ | ၂၅၂၁ | ၈၆၇ | ၁၅၃၆ | ၂၄၀၃ | ၈၁ | ၃၇ | ၁၁၈ | 95.32% | 4.68% | |
| ၆ | တနင်္သာရီ | ၃ | ၆ | ၁၂ | ၉၇ | ၁၀၉ | ၂၀၆ | ၈၆ | ၁၀၃ | ၁၈၉ | ၁၁ | ၆ | ၁၇ | 91.75% | 8.25% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၂၁ | ၂၂၃ | ၃၆၄ | ၅၈၇ | ၂၀၇ | ၃၃၈ | ၅၄၅ | ၁၆ | ၂၆ | ၄၂ | 92.84% | 7.16% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၃၂ | ၃၈၆ | ၄၈၅ | ၈၇၁ | ၃၃၁ | ၄၄၉ | ၇၈၀ | ၅၅ | ၃၆ | ၉၁ | 89.55% | 10.45% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၄ | ၆၇၂ | ၇၁၀ | ၁၃၈၂ | ၆၁၃ | ၆၈၀ | ၁၂၉၃ | ၅၉ | ၃၀ | ၈၉ | 93.56% | 6.44% | |
| ၁၀ | မန္တလေး | ၁၀ | ၂၃ | ၆၂ | ၆၀၂ | ၆၀၄ | ၁၂၀၆ | ၅၃၁ | ၅၆၂ | ၁၀၉၃ | ၇၁ | ၄၂ | ၁၁၃ | 90.63% | 9.37% | |
| ၁၁ | မွန် | ၄ | ၁၀ | ၁၈ | ၁၅၇ | ၃၁၆ | ၄၇၃ | ၁၃၄ | ၂၉၃ | ၄၂၇ | ၂၃ | ၂၃ | ၄၆ | 90.27% | 9.73% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၅ | ၂၃၆ | ၃၂၅ | ၅၆၁ | ၁၁၃ | ၁၃၆ | ၂၄၉ | ၁၂၃ | ၁၈၉ | ၃၁၂ | 44.39% | 55.61% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၄ | ၈၀ | ၇၈၄ | ၆၉၃ | ၁၄၇၇ | ၇၀၁ | ၆၃၀ | ၁၃၃၁ | ၈၃ | ၆၃ | ၁၄၆ | 90.12% | 9.88% | |
| ၁၄ | ရှမ်း(တောင်) | ၇ | ၁၃ | ၄၀ | ၃၀၈ | ၃၆၃ | ၆၇၁ | ၂၈၈ | ၃၅၀ | ၆၃၈ | ၂၀ | ၁၃ | ၃၃ | 95.08% | 4.92% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၂ | ၂ | ၇ | ၇ | ၁၄ | ၆ | ၆ | ၁၂ | ၁ | ၁ | ၂ | 85.71% | 14.29% | |
| ၁၆ | ရှမ်း(ရှေ့) | ၅ | ၇ | ၈ | ၄၃ | ၄၈ | ၉၁ | ၃၆ | ၄၄ | ၈၀ | ၇ | ၄ | ၁၁ | 87.91% | 12.09% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၃ | ၅၅၄၈ | ၆၅၃၅ | ၁၂၀၈၃ | ၄၉၀၀ | ၆၁၅၄ | ၁၁၀၅၄ | ၆၄၈ | ၃၈၁ | ၁၀၂၉ | 91.48% | 8.52% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၆ | ၅၄၁ | ၄၄၇ | ၉၈၈ | ၄၉၂ | ၄၁၈ | ၉၁၀ | ၄၉ | ၂၉ | ၇၈ | 92.11% | 7.89% | |
| ၁၉ | နိုင်ငံခြား | | | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | 100.00% | 0.00% | |
| | စုစုပေါင်း | ၁၀၁ | ၂၃၄ | ၆၇၄ | ၁၁၃၇၅ | ၁၃၈၆၅ | ၂၅၂၄၀ | ၁၀၀၀၈ | ၁၂၈၃၈ | ၂၂၈၄၆ | ၁၃၆၇ | ၁၀၂၇ | ၂၃၉၄ | 90.52% | 9.48% | |

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၂၀

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၃၇၉ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၅၃ ဦး ထပ်မံ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.LiuNing Ning နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ပနိုင်ငံသားများကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံးစနစ်တကျပြန်လည်လွှဲပြောင်းနိုင်ရေးကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကျင်းပခဲ့ရာ၌ ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မယ်ထော်သလေးနယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၃၃ ဦးနှင့် အီသီယိုးပီးယားနိုင်ငံသားဦးရေ ၁၂၀ စုစုပေါင်း ၂၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၆၁၆ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ လူဦးရေ ၄၉၅၀ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၆၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သတင်းရရှိသည်။

(ဧဝဝ)

# ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများ ထွက်ပြေးနေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၀

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ငတရော်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၉ ရက်တွင်




ဝင်ရောက်၍ မီးရှို့ဖျက်ဆီးပြီး ပြည်သူများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ပြည်သူများ ထွက်ပြေးနေရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရေစကြိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ မတ် ၁၉ ရက်တွင် ငတရော်ကျေးရွာ အနီးဝန်းကျင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ အဆိုပါနယ်မြေအတွင်းရှိ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(ဧဝဝ)

## ၂၀၂၅ ခုနှစ် မတ် ၂၀ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Marke Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အမြင့်ဆုံးအပူချိန်များ

( ၂၀ - ၃ - ၂၀၂၅ )

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၉ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |

ခရီးသွားဆောင်းပါး

# ရှေးဟောင်းသမိုင်းဝင် မဟာရွှေမြင်တင်

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်သွားရောက်ခဲ့တဲ့ခရီးက စာရေးသူတို့ ပြင်ဦးလွင်မြို့နယ်အတွင်း ခရီးစဉ်တွေပါ။ လွန်ခဲ့တဲ့ တစ်ရက်က မန္တလေးမြို့မှာနေထိုင်တဲ့ စာပေမိတ်ဆွေ တစ်ဦး စာရေးသူဆီကို ဖုန်းနဲ့ဆက်သွယ်လာပါတယ်။ သူက ပြင်ဦးလွင်မြို့ကိုရောက်ရှိနေကြောင်း၊ ပြင်ဦးလွင် မြို့နယ်အတွင်းမှာရှိတဲ့ အထင်ကရဘုရားစေတီတွေ ရှိရာကို သွားရောက်ဖူးမြော်လေ့လာလိုကြောင်း၊ ဖြစ်နိုင်မယ်ဆိုရင် လိုက်လံပို့ပေးစေလိုကြောင်း ပြောကြားလာခဲ့တာကြောင့် သူတည်းခိုနေတဲ့မိုတယ်ကို သွားရောက်ပြီး တွေ့ဆုံစကားပြောရင်း မြို့တွင်း၊ မြို့ပြင်တွေမှာရှိတဲ့ ဘုရားစေတီတွေရှိရာကို ဆက်လက် ထွက်ခွာလာခဲ့တယ်။

သူတည်းခိုနေတဲ့နေရာက မန္တလေး-လားရှိုး လမ်းမကြီးပေါ်က မိုတယ်တစ်ခုပါ။ စာရေးသူနေထိုင်တဲ့ နေရာက မြို့ပေါ်ရပ်ကွက်ကြီးတစ်ခုဖြစ်နေတာကြောင့် သွားရောက်တွေ့ဆုံခေါ်ယူပို့ဆောင်ပေးရတာ အဆင်ပြေနေပါတယ်။ ပထမဦးဆုံးအနေနဲ့ စာပေမိတ်ဆွေကို ပြင်ဦးလွင်မြို့ရဲ့ ရှေးဟောင်းသမိုင်းဝင် မဟာရွှေမြင်တင်စေတီတော်ကြီးရှိရာကို ခေါ်ဆောင်လာခဲ့တယ်။ မဟာရွှေမြင်တင်စေတီတော်ကြီးက ရပ်ကွက်ကြီး ၁ အတွင်းမှာ တည်ရှိနေတဲ့အပြင် စာရေးသူတို့ရပ်ကွက်၊ စာရေးသူတို့နေအိမ်အနီးမှာပါ။ စေတီတော်ကြီးရှိရာကိုရောက်တဲ့အချိန်မှာ မနက် ၈ နာရီလောက်သာရှိနေသေးတာကြောင့် ရောက်ရောက်ချင်းစေတီတော်ကြီးကို ဖူးမြော်ကန်တော့ကြပြီး ရင်ပြင်တော်နဲ့အနီးဝန်းကျင်ကို လေ့လာကြတယ်။ ရင်ပြင်တော်က ကျယ်ကျယ်ဝန်းဝန်းရှိနေသလို အခြားရုပ်ပွားတော်အများအပြားကလဲ အစီအစဉ်တကျရှိနေကြတယ်။ စေတီတော်ကြီးရဲ့ မြောက်ဘက်အရပ်မှာ သဘာဝရေထွက်ကန်ကြီး တစ်ကန်လဲရှိနေတယ်။

စေတီတော်ကြီးက ပြင်ဦးလွင်မြို့နယ်အတွင်းမှာ ရှေးအကျဆုံးစေတီကြီးဖြစ်ပါတယ်။ စေတီပေါင်း ၈၄၀၀၀၊ ရေကန်ပေါင်း ၈၄၀၀၀ တို့ကိုတည်ထားခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီး တောကစားထွက်လာတဲ့အချိန် ရွှေသမင်တွေကိုမြင်တွေ့ရလို့ စေတီတော်တစ်ဆူတည်ထားကိုးကွယ်ခဲ့တာဖြစ်ကြောင်း ဘုရားသမိုင်းအရ သိခဲ့ရတယ်။ ဒါကြောင့် စေတီတော်ရဲ့ ဘွဲ့တော်ကိုလဲ 'ရွှေသမင်မြင်စေတီတော်'ဆိုပြီး ခေါ်ဝေါ်သမုတ်ခဲ့ကြပါတယ်။ ဒါပေမဲ့ နောက်ပိုင်းကာလတွေ ရွေ့လျောလာတဲ့အခါ ရွှေသမင်မြင်ကနေ ရွှေမြင်တင်ဖြစ်လာခဲ့ရတယ်။ အခုအချိန်မှာ စေတီတော်ကြီးကို ဘက်စုံပြန်လည်ပြုပြင်မွမ်းမံပြီးပါပြီ။ မပြုပြင်မွမ်းမံခြင်းမရှိသေးတဲ့အချိန် စာရေးသူတို့ငယ်ရွယ်စဉ်ကလေးဘဝ စေတီတော်စောင်းတန်းအတွင်းမှာ သီရိဓမ္မာသောကမင်းကြီး တောကစားထွက်လာပုံ၊ ရွှေသမင်တွေကိုမြင်တွေ့ရပုံ၊ စေတီတော်တည်ထားပုံ၊ ရေကန်တူးဖော်တည်ဆောက်ပုံ စတဲ့သရုပ်ဖော်ပန်းချီကားချပ်ကြီးတွေကို တွေ့မြင်ကြည့်ရှုခဲ့ရတယ်။

စေတီတော်ကြီးကို တည်ထားခဲ့တဲ့အချိန်က အလွန်ရှေးကျခဲ့လွန်းတာကြောင့် နှစ်ကာလတွေ ကြာမြင့်လာတဲ့အခါ စေတီကြီးတစ်ခုလုံးကို တောအတိ၊ ချုံအတိ၊ ချုံနွယ်ပိတ်ပေါင်းများစွာဖုံးလွှမ်းပြီး ပျောက်ကွယ်သွားခဲ့ရတယ်။ ဒါပေမဲ့ စေတီတော်ကြီးကို ၁၈၉၁ ခုနှစ်မှာ စတင်တွေ့ရှိလာခဲ့ကြတယ်။ စေတီတော်ကြီးကို တွေ့ရှိခဲ့ကြတဲ့အခါ ပြန်လည်ဖော်ထုတ်မွမ်းမံပြင်ဆင်ကြဖို့အတွက် ရေချမ်းအိုးမြောက်ရွာ(အခု ရပ်ကွက်ကြီး-၁၂) ဆရာတော်ဘုရားကြီးကို အမှူးထားပြီး ငွေတိုက်အရာရှိ ထိပ်တင်ဖြူ၊ ရေချမ်းအိုးရွာသား မြို့အုပ်ဦးသာလှိုင်၊ ဝက်ဝံသူကြီးဦးပို၊ ဝက်ဝံရွာသား ဦးစံရွှေတို့က ဦးဆောင်ဦးရွက်ပြုပြီး ရေချမ်းအိုးရွာသူ၊ ရွာသားတွေရဲ့လုပ်အားနဲ့ စေတီတော်ကြီးမှာ ဖုံးအုပ်နေတဲ့ သစ်ပင်ချုံနွယ်တွေကို ရှင်းလင်းခုတ်ထွင်လိုက်ကြတဲ့အခါ သံတောင် ၄၀ မြင့်တဲ့ မူလရှေးဟောင်းစေတီတော်ကြီး ပေါ်ထွက်လာခဲ့ရတယ်။

သစ်ပင်ချုံနွယ်တွေကြားကနေ စေတီတော်ကြီး ပေါ်ထွက်လာပြီးတဲ့နောက်ပိုင်းမှာ "အရှေ့မုခ်စောင်းတန်းလှူဒါန်းက သူဌေးအရာရ၊ အနောက်မုခ်စောင်းတန်းလှူဒါန်းက မြေနန်းအမွေရ၊ တောင်မုခ်စောင်းတန်းလှူဒါန်းက ဇနီးအလှမယ်ပပ၊ မြောက်မုခ်စောင်းတန်းလှူဒါန်းက ဘုန်းတန်ခိုးကြွယ်ဝ"ဆိုတဲ့ စာချိုးတစ်ခုပေါ်ထွက်လာခဲ့တယ်။ ဒါကြောင့်လဲ အရှေ့မုခ်စောင်းတန်းကို ရေချမ်းအိုးရွာသားဦးနု၊ အနောက်ဘက်မုခ်စောင်းတန်းကို ရေချမ်းအိုးတောင်ရွာနဲ့ မြောက်ရွာက ရွာသားတွေ၊ တောင်ဘက်မုခ်စောင်းတန်းကို ရေချမ်းအိုးရွာသားဦးကာ၊ မြောက်ဘက်မုခ်စောင်းတန်းကို ရေချမ်းအိုးရွာသား ဦးတိုးတို့က အသီးသီးလှူဒါန်းခဲ့ကြတယ်။



ပြင်ဦးလွင်မြို့ရှိ မဟာရွှေမြင်တင်စေတီတော်ကြီးကို ဖူးတွေ့ရစဉ်။

အဲဒီအချိန်တွေကစတင်ပြီး ရွှေမြင်တင်ဘုရားပွဲကို နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆို နှစ်ပေါင်း ၁၀၀ ကျော်လွန်သွားခဲ့ပါပြီ။ ဘုရားပွဲကို တပို့တွဲလဆန်း ၈ ရက်နေ့ကနေ လပြည့်နေ့ထိ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ကျင်းပလာခဲ့တာ ပြင်ဦးလွင်မြို့နယ်အတွင်းက ရွာတွေသာမက နောင်ချိုကျောက်မဲမြို့နယ်တွေက ရှမ်း၊ ဓနုတိုင်းရင်းသားလူမျိုးတွေပါ ပျော်ပျော်ရွှင်ရွှင်နဲ့ လာရောက်ပါဝင်ဆင်နွှဲလေ့ရှိကြတယ်။ အထူးသဖြင့် ရေချမ်းအိုးရွာသူ၊ ရွာသားတွေက ရာသီစာထမနဲကို ဒယ်အိုးပေါင်းမြောက်မြားစွာနဲ့လာရောက်သမ္ဘ ညော့ပရိသတ်တွေကို ညော့ခံကျွေးမွေးကြတယ်။ ဒါ့ပြင် ရေချမ်းအိုးရွာနဲ့ ဆက်စပ်နေတဲ့ ရေငယ်၊ မိုးကြိုးပစ်၊ နောင်ခမ်းကြီး၊ ဝက်ဝံ၊ ပွဲကောက် စတဲ့ရှမ်းရွာကြီးတွေကလဲ ပွဲခင်းအတွင်းမှာ မဏ္ဍပ်ကနားတွေဆောက်လုပ်၊ ငှက်ပျောပင်၊ ကြံပင်တွေစိုက်၊ ဆွမ်းတော်ကြီး ကပ်၊ ဆွမ်းကြီးလောင်း၊ ယာဂုထမနဲပွဲတွေလှူဒါန်း ကြနဲ့ ပူးပေါင်းပါဝင်လာတာ ပျော်စရာအတိပါ။ ရွှေမြင်တင်ဘုရားပွဲကြီး ပြုလုပ်ကျင်းပနေတဲ့အချိန်မှာ ပြင်ဦးလွင်မြို့နယ်အတွင်းက ရှမ်းရွာတွေအားလုံးနဲ့ နောင်ချိုကျောက်မဲမြို့နယ်တွေအတွင်းက ရှမ်းရွာတွေ၊ ရှမ်းတိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသူတွေကလဲ လာရောက်ဆင်နွှဲကုသိုလ်ပြုလေ့ရှိတာကြောင့် 'ရှမ်းပွဲ' ဆိုပြီးနာမည်ကျော်ကြားတယ်။ ဒါတင်သာမက မဟာရွှေမြင်တင်စေတီတော်ကြီးက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁) ညံတောရပ်ကွက်အတွင်းမှာ တည်ရှိနေတာဖြစ်လို့ ညံတောဘုရားပွဲ၊ ညံတောပွဲ ဆိုပြီးလဲ လူသိများထင်ရှားပါတယ်။

မဟာရွှေမြင်တင်စေတီတော်ကြီးမှာ ဘုရားဖူးမြော်လေ့လာပြီးတာနဲ့ ရန်အောင်မြင်မင်္ဂလာကန်တော်ရှိရာကို ဆက်လက်သွားရောက်ခဲ့ကြတယ်။ ရန်အောင်မြင်မင်္ဂလာကန်က စေတီတော်ကြီးနဲ့အရှေ့ဘက်အရပ်မှာ ကပ်လျက်တည်ရှိနေပါတယ်။ ပြင်ဦးလွင်မြို့သူ၊ မြို့သားတွေကတော့ 'နတ်ရေကန်'ဆိုပြီး ခေါ်ဝေါ်ပြောဆို လူသိများထင်ရှားနေတယ်။ ဒီကန်ကြီးကို သီရိဓမ္မာသောကမင်းကြီးက တူးဖော်ခဲ့တယ်လို့လဲ ရှေးသမိုင်းအဆက်ဆက်က ဖော်ပြလာခဲ့တယ်။ ၁၉၀၆ ခုနှစ်မှာ ကန်တော်ကြီးကိုပြန်လည်တူးဖော်ပြုပြင်ခဲ့တာ အခုဆိုရင်နှစ်ပေါင်း ၁၀၀ ကျော်ရှိသွားခဲ့ပါပြီ။ ရှေးယခင်တုန်းက ကန်အနီးပတ်လည်မှာ ဘုရားစေတီပုထိုးရုပ်ပွားတော်တွေ မရှိခဲ့ပါဘူး။ အခုအချိန်မှာ စေတီပုထိုးတွေ၊ ရုပ်ပွားတော်တွေ၊ စောင်းတန်းလှေကားတွေ၊ ရင်ပြင်တော်တွေ၊ ပတ်လမ်းတွေနဲ့ သာယာလှပတင့်တယ်နေတယ်။ ထူးထူးခြားခြားအနေနဲ့ သီတင်းကျွတ်လပြည့်နေ့ည၊ တန်ဆောင်မုန်းလပြည့်နေ့ညတွေမှာ မြို့သူမြို့သားတွေက ဖယောင်းတိုင်၊ ဆီမီးတွေနဲ့ လာရောက်ပူဇော်ထွန်းညှိကြတာ များပြားလွန်းလှတဲ့ ဆီမီးတွေ၊ ဖယောင်းတိုင်မီးတွေကြောင့် ကန်တော်ကြီးတစ်ခုလုံး ရင်သပ်ရှုမောလောက်အောင် လှပနေတယ်။

စာရေးသူရဲ့စာပေမိတ်ဆွေက ကန်တော်ကြီးက သာယာလိုက်တာ။ ဖူးမြော်ကြည်ညိုစရာ ဘုရား၊ စေတီ ရုပ်ပွားတော်ကြီးကလဲ အများအပြားပဲ။ လေ့လာ ကြည့်ရှုလမ်းလျှောက်လို့လဲကောင်းတယ်။ အချိန်ပေး ပြီးလေ့လာချင်တယ်ဆိုတာကြောင့် ရန်အောင်မြင်မင်္ဂလာကန်တော်မှာ အချိန်ကြာသွားခဲ့ရတယ်။ လေ့လာကြည့်ရှုလမ်းလျှောက်နေကြရင်းနဲ့ အရှေ့ဘက်ပတ်လမ်းကိုရောက်တဲ့အခါ စာရေးသူက ဒီပတ်လမ်းကနေ ရှေ့ကိုထွက်လိုက်ရင် အာဇာနည်လမ်းကိုရောက်လိမ့်မယ်။ အာဇာနည်လမ်းလို့ခေါ်ဆိုတာကတော့ မြန်မာနိုင်ငံရဲ့တစ်ဦးတည်းဖြစ်တဲ့ အမျိုးသမီးသူရ ဘွဲ့ပိုင်ရှင်သူရ မချစ်ပိုရဲ့ အုတ်ဂူတည်ရှိနေတာကြောင့် ဖြစ်တယ်။ အရင်က သာမာန်အုတ်ဂူလေးကနေ အခုအချိန်မှာ သပ်သပ်ရပ်ရပ်တင့်တင့်တယ်တယ်ဖြစ်နေပြီဆိုပြီး ပြောဆိုလိုက်တဲ့အခါ စာပေမိတ်ဆွေက သူရမချစ်ပိုဆိုတာကို ကြားသာကြားဖူးနေတယ်။ ဖြစ်နိုင်တယ်ဆိုရင် သွားရောက်လေ့လာချင်ပါတယ်ဆိုတာကြောင့် လိုက်လံပို့ဆောင်ပေးပါ့မယ်လို့ ပြန်လည်ပြောဆိုလိုက်ရတယ်။

ဒါပေမဲ့ သူရမချစ်ပိုရဲ့ အုတ်ဂူရှိရာကိုမသွားခင် မဟာရွှေမြင်တင်စေတီတော်ကြီးရဲ့ အရှေ့မှာရှိနေတဲ့ သမိုင်းဝင် ဦးခန္တီဘုရားကို သွားရောက်ကြအုံးမှာပါ။ ဒါကြောင့်လှမ်းမျှော်မြင်တွေ့နေရတဲ့ ဦးခန္တီဘုရားရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ရွှေမြင်တင်စေတီတော်နဲ့ ဦးခန္တီဘုရားက တစ်ဆက်တည်းလိုတည်ရှိနေပြီး အလှမ်းမဝေးပါဘူး။ ဒါကြောင့် ကားကိုဂီယာကုန်အောင်မထိုးရသေးခင် အချိန်အတိုင်း အတာလောက်ကြာချိန်နဲ့ ဦးခန္တီဘုရားကို ရောက်လာခဲ့ကြတယ်။ ဦးခန္တီဘုရားဆိုတာက ရသေ့ကြီး ဦးခန္တီတည်ထားကိုးကွယ်ခဲ့တဲ့ ကြေးသွန်းရုပ်ပွားတော်ကြီးတစ်ဆူဖြစ်ပါတယ်။ မန္တလေးမြို့ မဟာမုနိရုပ်ပွားတော်ကြီးရဲ့ မှုဒြာအတိုင်းဖြစ်ပြီး ၁၂၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၃ ရက်နေ့မှာ တည်ထားခဲ့တယ်။ ရုပ်ပွားတော်ကြီးကို သွန်းလောင်းခဲ့စဉ်က ကြေးပိဿာချိန် ၂၀၀၀ ရှိနေသလို မန္တလေးမြို့က ရုပ်ပွားတော်ကြီးအတိုင်း မဟာမုနိကြေးသွန်းဘုရားဆိုပြီး သမုတ်ခဲ့ပေမဲ့ အခုအချိန်ထိ ဦးခန္တီဘုရားဆိုပြီးတော့သာ လူသိများ ကျော်ကြားထင်ရှားနေခဲ့တယ်။

ဘုရားကြီးရဲ့ထူးခြားမှုတွေက ၁၉၈၀ ပြည့်နှစ် ဇွန် ၂၄ ရက်မှာ မျက်နှာတော်ကနေ ထူးဆန်းတဲ့ ရောင်ခြည်တော်တွေ ကွန့်မြူးခဲ့ပါတယ်။ ဒါ့ပြင် ၂၀၁၄ ခုနှစ် ဇွန် ၁၆ ရက်မှာ အထက်စိန်ဖူးတော်ကနေ စတင်ပြီး အောက်ခြေစောင်းတန်းတွေထိ ရောင်စုံရောင်ခြည်တော်တန်းတွေ ထူးထူးခြားခြားကွန့်မြူးထွက်ပေါ်ခဲ့ပြန်ပါတယ်။ နှစ်ရက်ခြားပြီး နောက်ထပ်တစ်ကြိမ် ဇွန် ၂၉ ရက် မှာ ည ၁၂ နာရီကျော်လာတာနဲ့ ကြေးသွန်းဘုရားကြီး တည်ရှိနေတဲ့ ဂန္ဓကုဋိတိုက်ကြီးတစ်ခုလုံး တဖျပ်ဖျပ် တလဲ့လဲ့ ပုံသဏ္ဍာန်မျိုးစုံနဲ့ ရောင်ခြည်တော်တန်းတွေ ကွန့်မြူးခဲ့ပါသေးတယ်။

ဦးခန္တီဘုရားမှာ ရုပ်ပွားတော်ကြီးကိုသာ ဖူးမြော်ကန်တော့နိုင်ကြပြီး အခြားလေ့လာကြည့်ရှုစရာတွေ မယ်မယ်ရရမရှိပါဘူး။ ရောင်ခြည်တော်ကွန့်မြူးတဲ့ မှတ်တမ်းဓာတ်ပုံတွေလောက်သာ ရှိနေပါတယ်။ ဒါကြောင့်လဲ အချိန်ကြာမြင့်ခြင်းမရှိတော့ဘဲ မြန်မြန်ဆန်ဆန် ပြီးစီးသွားကြတယ်။ ဒါပေမဲ့ စာရေးသူရဲ့ စာပေမိတ်ဆွေက ပြင်ဦးလွင်မြို့မှာ အခုဖူးမြော်လေ့လာပြီးခဲ့တဲ့ မဟာရွှေမြင်တင်စေတီတော်၊ ရန်အောင်မြင်မင်္ဂလာကန်တော်၊ ဦးခန္တီဘုရားတွေ တည်ရှိနေတယ်ဆိုတာကို အရင်ကမသိရှိခဲ့ရကြောင်း ပြင်ဦးလွင်မြို့ကို အကြိမ်ကြိမ်ရောက်ရှိနေသလို မဟာအံ့ထူးကံသာ၊ ပြည်ချစ်ဘုရား၊ ပွဲကောက်ရေတံခွန်၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ တရုတ်ဘုံကျောင်း၊ ပိတ်ချင်းမြောင်လိုဏ်ဂူတော် စတဲ့အထင်ကရနေရာတွေကိုသာ ထပ်ခါတလဲလဲရောက်ရှိနေကြောင်း၊ စောစောကသိခဲ့ရရင် စောစောဖူးမြော်မိမည်ဖြစ်ကြောင်းတွေကို ပြောပြပါတယ်။

ဦးခန္တီဘုရားဖူးပြီးသွားတာနဲ့ စာပေမိတ်ဆွေက လက်ဖက်ရည်တစ်ခွက်လောက် သွားသောက်ကြရအောင်ဆိုပြီး စကားကမ်းလှမ်းလာတယ်။ ဒါကြောင့် စာရေးသူက နောက်ထပ်သွားရောက်ကြမဲ့နေရာက သူရမချစ်ပိုအုတ်ဂူဖြစ်ကြောင်းနဲ့ စာရေးသူရဲ့ နေအိမ်နဲ့ သူရမချစ်ပိုအုတ်ဂူနေရာနဲ့က တစ်လမ်းတည်း ဟိုဘက်ထိပ်ဒီဘက်ထိပ်ဖြစ်ကြောင်း ပြောပြလိုက်ပြီး လက်ဖက်ရည်ဆိုင်ကိုမသွားတော့ဘဲ စာရေးသူရဲ့နေအိမ်ရှိရာကို ဦးတည်ခေါ်ဆောင်လာခဲ့လိုက်တယ်။ အိမ်ကိုရောက်တော့မှ လက်ဖက်ရည်သောက် စကားပြောကြရင်း သူရမချစ်ပိုနဲ့ပတ်သက်ပြီး ရေးသားထုတ်ဝေထားတဲ့ စာအုပ်တစ်အုပ်ကိုလဲ လက်ဆောင်အဖြစ် ပေးလိုက်တယ်။ စကားပြော၊ လက်ဖက်ရည်သောက် တစ်ခဏလောက်နားပြီးရင် သူရမချစ်ပို အုတ်ဂူရှိရာကို ဆက်လက်သွားရောက်လေ့လာမှာပါ။ စာပေမိတ်ဆွေကတော့ ဦးခန္တီဘုရား၊ ရှေးဟောင်းသမိုင်းဝင် မဟာရွှေမြင်တင်၊ ရန်အောင်မြင်မင်္ဂလာကန်တော်တွေကိုရောက်ရှိခဲ့လို့ စာရေးသူကိုကျေးဇူးတင်ကြောင်းတွေ ပြောဆိုနေပါတယ်။




(၁)

ကိုင်းနေသောခါးကို အားတင်း၍ ဦးဖိုးတေ ထလိုက်သည်။ တောင်ဝှေးကို ကောက်ကိုင်လိုက်ပြီး မြေးမဖြစ်သူအိမ်သို့ ပြန်ရန်ပြင်လိုက်သည်။ သားအချစ် မြေးအနှစ်ဟူသောစကားသည် ဦးဖိုးတေ အတွက် အမှန်ဆုံးပင်ဖြစ်သည်။ အသက်အရွယ် အားဖြင့် ၇၀ ခန့်ရှိချေပြီ။ အိုဇာတာကောင်းသည်ဟု ဆိုရပေမည်။ သားသမီးသုံးဦးရှိသော်လည်း ဦးဖိုးတေ အနား တစ်ဦးတစ်ယောက်မျှမရှိပေ။ အိမ်ထောင် အသီးသီးကျပြီးနောက် မိမိတိုးတက်ရာတိုးတက် ကြောင်း ဖခင်ကို စွန့်ခွာသွားသူချည်းဖြစ်သည်။ သားအငယ်မှာ ဇနီးဆုံးပြီးကတည်းက အရက်နှင့် ပါးစပ် မပြတ်ခဲ့ပေ။ အဖေဖြစ်သူထံ သမီးတစ်ယောက် ဖြင့်သာ ပြန်ရောက်လာခဲ့သည်။ အခြား သားကြီးနှင့် သမီးမှာ ဦးဖိုးတေနှင့် အဆက်အသွယ်မပြတ်သော် လည်း ဖခင်ထံသို့ အလည်တစ်ခေါက်ရောက်လာ ခြင်းမရှိခဲ့။ ဦးဖိုးတေကသာ သားအငယ်၏သမီးကို ပြုစုကျွေးမွေးခဲ့ရလေသည်။ မြေးမလေးအရွယ် ရောက်သောအခါ အိမ်ထောင်ကျပြီး ဦးဖိုးတေအိမ် တွင်မနေဘဲ အမျိုးသားနောက်သို့ လိုက်နေခဲ့သည်။ ဦးဖိုးတေလည်း မြေးမလေးနှင့် လိုက်၍နေသည်မှာ ယခုအသက်အရွယ်ထိပင် ဖြစ်ပေသည်။

"ဇင်နွယ်ဦးရေ အဘပြန်လာပြီ"

ဦးဖိုးတေ၏အသံကိုကြားသည်နှင့် ဇင်နွယ်ဦး၏ သမီးနှင့်သားမှာ အဘေးဖြစ်သူထံ အပြေးအလွှား ရောက်လာကြသည်။ ဦးဖိုးတေမှာမူ ဘုန်းကြီး ကျောင်းက ပါလာသော ငှက်ပျောသီးနှစ်လုံးကို တစ်ယောက်တစ်လုံးကျွေးလိုက်၏။

"မြေးမကလေးရေ ဇင်နွယ်ဦး အဘဗိုက်ဆာပြီ"

ဇင်နွယ်ဦးသည် မီးဖိုချောင်ထဲမှ အလျင်အမြန် ထွက်လာသည်။

"အဘရေ ထမင်းတော့ကျက်ပြီ။ ကိုအောင် ပြန်မရောက်သေးတော့ ဟင်းက"

မြေးမ၏ အရိပ်အခြည်ကို ဦးဖိုးတေ သဘော ပေါက်လိုက်သည်။

"ရပါတယ် မြေးရယ်။ ဟင်းမရှိလဲ ဆီနဲ့ဆားနဲ့ နယ်စားလိုက်မယ်"

"အဘ ကိုအောင့်ကို စောင့်ပါလား။ ပြန်လာ တော့မှာပါ"

"မစောင့်တော့ပါဘူး။ ဒီမနက်တော့ ဖြစ်သလိုပဲ စားတော့မယ်"

ဇင်နွယ်ဦးသည် ထမင်းပေါ်တွင် ဆီဆမ်းဆားဖြူး ကာ အဘိုးဖြစ်သူကို နေ့လယ်စာ ကျွေးလိုက်၏။

(၂)

"အဘိုး ထမင်းတောင် စားနေပြီလား။ သားတော့ မစောင့်ဘူး။ ဒီမှာကြည့်"

ကိုအောင်သည် ငါးပလိုင်းကို ပုတ်ပြလိုက်၏။ ထို့နောက်-

"နွယ်ရေ ပလိုင်းထဲကငါးခူက အဘိုးစားဖို့နော်။ ရောင်းမပစ်နဲ့။ သားနဲ့ သမီးရော"

ဇင်နွယ်ဦးသည် ငါးအကြီးအသေးကို ခွဲရင်း-

"အိပ်နေတယ် ကိုအောင်ရေ။ အဘိုးပေးတဲ့ ငှက်ပျောသီးနဲ့ ထမင်းကျွေးထားလိုက်တယ်။ ကိုအောင် ခဏနော် ငါးဟင်းချက်လိုက်မယ်။ ပြီးမှ ထမင်းစား။ အခု ရေချိုးလိုက်"

" အေးပါကွာ။ အဘိုး သနားပါတယ်။ ဆီနဲ့ဆားနဲ့ စားရတယ်လို့။ ငါလဲ ငါးရနေတာနဲ့ အပြန်နောက်ကျ သွားတာ"

"ကဲ ကိုအောင် ရေချိုးစရာရှိတာ ချိုး၊ အဘိုး ကို ညနေ ကောင်းကောင်းချက်ကျွေးမယ်။ ကျေနပ်ပြီလား"

ကိုအောင်သည် ဇနီးဖြစ်သူကို ခေါင်းညိတ်ပြပြီး ကျေနပ်သောအမူအရာဖြင့် ရေချိုးရန် ဟန်ပြင်လိုက်သည်။ မြေးဖြစ်သူဇနီးမောင်နှံကိုကြည့်၍ ဦးဖိုးတေ ပြုံးနေမိသည်။

(၃)

ဇင်နွယ်ဦးသည် ခင်ပွန်းဖြစ်သူရှာ၍ရသော ငါး များကို ကိုယ်တိုင်ရောင်းချသည်။ ကိုယ်တိုင်ရောင်း သည်က ဖောက်သည်ပေးသည်ထက် အမြတ်ပိုရ ကြောင်းလည်း သိသူဖြစ်သည်။ ကိုယ်တိုင်လည်း ခင်ပွန်းရှာပေးသော လုပ်အားခတစ်ခုတည်းဖြင့် အားမကိုး အိမ်မြေကွက်လပ်တွင် သီးနှံများကိုစိုက်ပျိုး နိုင်သလောက်စိုက်ပျိုးသည်။ ထွက်ရှိလာသော သီးနှံ များကိုလည်း ကိုယ်တိုင်ရွာတကာပတ်၍ရောင်းသည်။ ရောင်းရငွေများနှင့်ခင်ပွန်းငွေကိုစုထားပြီး အိမ်ပိုင် ဘဝသို့ရရှိအောင် ကြိုးစားခဲ့သူဖြစ်သည်။ စုတတ် ဆောင်းတတ်သော၊ အိမ်မှုကိစ္စကို နိုင်နင်းသော ဇင်နွယ်ဦးကို ကိုအောင်တစ်ယောက် အချစ်ပိုခဲ့သည်။ ဦးဖိုးတေက မြေးနှင့်အတူနေရန် ပြောကြားရာတွင် လည်း ကိုအောင်တစ်ယောက် လက်ခံခဲ့သည်။ ဇင်နွယ်ဦး၏လိုအင်ဆန္ဒကို တတ်နိုင်သမျှဖြည့်ဆည်း ပေးခဲ့လေသည်။ ကိုအောင်သည် အချိန်ကြာလာသည် နှင့် ဦးဖိုးတေကို မိဘသဖွယ်ချစ်ခင်လာသည်။ သာယာသောမိသားစုကိုပြပါဆိုလျှင် ဇင်နွယ်ဦးတို့၏ မိသားစုကို လက်ညှိုးညွှန်ပြရပေမည်။

(၄)

"ဦးဖိုးတေတို့ကတော့ အိုဇာတာ ကောင်းတယ် ဗျာ။ သားသမီးတွေ အားမကိုးရပေမဲ့ မြေးမကလေး ကတော့ စံပြပဲ"

ရှေ့နေ ဦးသာကြွယ်၏ ပြောစကားကြောင့် ဦးဖိုးတေ မဲ့ပြုံးပြုံးလိုက်သည်။ ထို့နောက်-

"ဦးသာကြွယ်ရေ ကျွန်တော်ကတော့ သားသမီး တွေကို အားမကိုးဘူးဗျ။ တစ်နှစ်ကုန်လို့ အလည် တစ်ခေါက်တောင်မလာတဲ့ သားသမီးသုံးယောက် မို့ ကျုပ်မြေးရှိရင် အရာအားလုံးပြည့်စုံပါပြီဗျာ"

ဦးဖိုးတေသည် စကားအဖြစ်သာ ပြောရသော် လည်း သားသမီးသုံးယောက်၏ ပြန်အလာကို မျှော်နေသူဖြစ်၏။ အကြောင်းအမျိုးမျိုးပြ၍ ရောက်မလာသောသားသမီးများကို အပြစ်မဆိုသာ သော်လည်း နေ့တိုင်းလိုလို သားသမီးများကို တွေ့ချင်သူဖြစ်သည်။

"အေးဗျာ ခင်ဗျားက အိမ်ရှိနေပါလျက်နဲ့ အိမ်မှာ မနေ မြေးအိမ်မှာလိုက်နေတော့ တော်တော်အံ့ဩမိ တယ်ဗျာ။ မြေးသမက်ကလဲ သဘောကောင်း။ အားကျတယ် ဦးဖိုးတေရေ"

ရှေ့နေ ဦးသာကြွယ်၏ ပြောစကားများသည် ဦးဖိုးတေအတွက် လှောင်နေသလို။ အိမ်ရှိ သားသမီး ရှိပါလျက် မြေးကိုမှီခိုနေသည့်အထာ။ ဦးသာကြွယ် ဘယ်လိုပြောပြော ဦးဖိုးတေ ဂရုမစိုက်အားခဲ့ပေ။ ခံစားချက်နှင့် လက်တွေ့ဘဝမကျသည်မှာ ရှေးက မိမိပြုခဲ့ဖူးသည် ကံကြမ္မာအလားမှတ်ယူခဲ့သည်။

(၅)

ဦးဖိုးတေ လူကြီးရောဂါဖြင့် ဆေးရုံတင်လိုက်ရ သည်။ သားသမီးထဲတွင် အရင်ဆုံးရောက်ရှိလာသူက အရက်သမား သားအငယ်ဖြစ်သည်။

"ဇင်နွယ်ဦး နင့်အဘိုးဆေးဖိုး ဘယ်လိုကြံမလဲ။ အဖေ့မှာတော့ ပိုက်ဆံအပိုမရှိဘူး။ နေပါအုံး ကိုကြီး ကို ဖုန်းလှမ်းဆက်လိုက်အုံးမယ်"

ဖုန်းဝင်သံကြားလိုက်ရသည်။

"ဟဲလို ကိုကြီးလား။ ညီပါ"

တစ်ဖက်မှ-

"အေးပြော ဘာကိစ္စ"

"ကိုကြီးရေ အဖေဆေးရုံရောက်နေလို့ အဲဒါ"

"လာပြီကွာ မင်းတို့ကလဲ။ ငါ့ကို သူဌေးမှတ်နေ လား။ သားသမီးကျူရှင်ဖိုးနဲ့တောင် ပိုက်ဆံက မလောက်ဘူး။ ဒါပဲကွာ"

တစ်ဖက်မှ ဖုန်းကိုချလိုက်၏။ ထို့နောက် သားငယ်သည် အစ်မကြီးဆီဖုန်းခေါ်လိုက်၏။

"ဟဲလို ဘယ်သူလဲ"

"အစ်မကြီး မောင်လေးသားငယ်ပါ"

"အေး ပြော"

"အစ်မကြီးရေ။ အဖေ မူးလဲပြီး ဆေးရုံရောက်နေ လို့။ အဲဒါ ငွေလိုလို့"

"ဟဲ့ အဲဒါငါ့ကိုပြောစရာလား။ နင့်သမီး တစ် ယောက်လုံးရှိနေတာ။ သူ့ဆီတောင်းပေါ့။ ငါ့မှာတော့ တစ်ပြားတစ်ချပ်မှမရှိဘူးဟဲ့"

ဖုန်းကို ချက်ချင်းဆိုသလို ချသွား၏။ သားငယ် သည် သမီးမျက်နှာကို တစ်ချက်ကြည့်လိုက်၏။ ထိုအချိန်ဝယ် ကိုအောင်သည် ငွေထုပ်ကိုပိုက်ကာ လာနေသည်။ ငွေထုပ်ကို ဇင်နွယ်ဦး၏ လက်ထဲ ထည့်ပေးလိုက်၏။ ဇင်နွယ်ဦးသည် ငွေထုပ်ကိုပိုက် လျက် လက်တစ်ဖက်ဖြင့် ဦးဖိုးတေ၏လက်ကို ဆုပ် ထားလိုက်သည်။

"အဘိုး အဘိုး ဆေးကုဖို့ဘာမပူနဲ့။ သမီးနဲ့ ကိုအောင် ရှိတယ်။ အဘိုးကို ရအောင်ကယ်မယ်။ ဟီးဟီး"

ဇင်နွယ်ဦး၏မျက်ဝန်းမှ မျက်ရည်များကျလာ သည်။ ဦးဖိုးတေ၏ မျက်ဝန်းအစုံမှလည်း မျက်ရည် တို့ ကျလာလေသည်။ သားသမီးများက အားမကိုးရ၊ မြေးက အားကိုးရသောအဖြစ်ကို ဦးဖိုးတေ လက်တွေ့ ခံစားနေရသည်။ ရှေ့နေဦးသာကြွယ်၏ ပြောစကား များကို ဦးဖိုးတေ ကြားယောင်လာ၏။

"ခင်ဗျားက အိုဇာတာကောင်းတယ်ဗျာ။ သား သမီးတွေ အားမကိုးရပေမဲ့ မြေးက အားကိုးရတယ်"

(၆)

စက္ကူပန်းများဖြင့် ဦးဖိုးတေ၏အလောင်းကို လှလှပပဆင်မြန်းထားသည်။ နေရာက ဦးဖိုးတေပိုင် သော အိမ်နှင့်ခြံထဲတွင်ဖြစ်သည်။ သားသမီးသုံးဦး စလုံး ဦးဖိုးတေထံ ရောက်လာကြ၏။

"အငယ်မ အဖေမြေကျဖို့ ဘယ်လိုစီမံထားလဲ"

အကြီးဆုံးသားက စကားဦး စလိုက်၏။

"ကိုကြီးကလဲ မေးစရာလိုလို့လား။ ငါတို့ကလဲ ကိုယ့်ဂုဏ်နဲ့ကိုယ့်ဒြပ်နဲ့။ ကူငွေတော့ ညီမလေး မယူဘူးနော်။ တော်ကြာ မသာရောင်းစားတယ်လို့ ပတ်ဝန်းကျင်က ထင်နေအုံးမယ်"

အစ်မကြီးက အချက်ကျကျပြောနေသော်လည်း အငယ်ကောင်က စကားတစ်ခွန်းမှ မဟခဲ့ပေ။

"ဒါဆို ညီမလေး အဖေ့ အသုဘမှာလာတဲ့ ဧည့်သည်တွေကို ဝက်သားကျွေးချင်တယ်။ ဘယ်လို သဘောရ"

ထိုအခါ အငယ်ကောင်က-

"ကိုကြီးရယ် ဝက်သားဈေးတွေက ကြီးကကြီးနဲ့။ ဟင်းချို၊ ငံပြာရည်ကြော်ဆို တော်လောက်ပြီ"

"တိတ် အငယ်ကောင်။ အကြီးတွေပြောနေတဲ့ အချိန် နင်ဝင်မပါနဲ့။ ဘာမှအားကိုးရတာလဲ မဟုတ်ဘူး"

ကိုကြီးက ဝင်ဟန့်လိုက်၏။

"ညီမသဘောတူတယ် ကိုကြီး။ ဆယ်သိန်း၊ ဆယ့်ငါးသိန်း ဘယ်လောက်ကုန်ကုန် အစ်ကိုကြီးနဲ့ ညီမ အကုန်ခံမယ်။ ဟုတ်ပြီလား"

အကြီးနှစ်ယောက်၏ အဆုံးအဖြတ်ဖြင့် လာသမျှ ဧည့်သည်ကိုကူငွေမခံ ဝက်သားဟင်းဖြင့် ဧည့်ခံ ကျွေးမွေးကြသည်။

စာမျက်နှာ ၂၅ သို့ ➤

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၁၃၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကောလင်း မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၁၃၇ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်း စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၁၃၆၄ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၇၇၃ ဧက စုစုပေါင်း ၂၁၃၇ ကေထိ ရိတ်သိမ်းနိုင်ခဲ့ပြီး တစ်ကေလျှင် ၁၃ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၂၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၁၃၇ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ပဲတီစိမ်း အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက်ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဖူးစားပြောင်းအဖူးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလက ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၈၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ ဖူးစားပြောင်း အဖူးရေ ၁၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ငပုတောမြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု ကောင်းနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ များများတင်ပို့ရောင်းချနေရတော့ ဖူးစားပြောင်းစိုက်တောင်သူတွေ၊ ကုန်သည်တွေကအစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ငပုတောမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀ မှ ငွေကျပ် ၃၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

(၇)

အကြီးနှစ်ယောက်၏အစီအစဉ်ဖြင့် ဦးဖိုးတေ မြေကျခဲ့ရပြီး ရက်လည်ဆွမ်းလည်း လှူပြီးခဲ့လေသည်။ မြေးဖြစ်သူ ဇင်နွယ်ဦးမှာ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေသည်။ သားအငယ်မှာတော့ အရက်ကို သောက်မြဲသောက်နေဆဲပင်။ မောင်နှမသုံးဦးဆီသို့ အုပ်ချုပ်ရေးမှူးရောက်လာသည်။ နောက်က သူစိမ်းတစ်ယောက်ပါ ပါလာ၏။ အားလုံးဝိုင်းဖွဲ့ထိုင်ပြီးနောက် အစ်ကိုကြီးဖြစ်သူက စ၍စကားဆိုသည်။

"အခု အဖေပိုင်တဲ့ အိမ်နဲ့ခြံကို သိန်းခြောက်ရာနဲ့ ဈေးညှိပြီးပြီ။ ဝယ်သူလဲ ဒီမှာ"

အစ်ကိုကြီးဖြစ်သူသည် သူစိမ်းကို လက်ညှိုးထိုးပြလိုက်၏။

"အိမ်ခြံရောင်းလို့ရလာတဲ့ သိန်းခြောက်ရာက တို့မောင်နှမသုံးယောက် တစ်ယောက်နှစ်ရာခွဲယူမယ်။ ဟုတ်ပြီလား"

အစ်မကြီးမှာ မျက်နှာပြုံးပြုံးဖြင့်။ အနားတွင် ဇင်နွယ်ဦး၊ ကိုအောင်လည်း ရှိနေသည်။ မျက်နှာအမူအရာပျက်နေသည်မှာ အငယ်ကောင်။

"ဘာတုန်းဗျ အစ်ကိုကြီးလုပ်တာ မတရားဘူးထင်တယ်။ ဇင်နွယ်ဦးအတွက်ကော အဖေ့ကို သူပဲ စောင့်ရှောက်ထားတာ။ သူ့အတွက်တော့ ဝေစုပေးသင့်တယ်ဗျာ"

အငယ်ကောင်၏ စကားမဆုံးသေးခင် အစ်မကြီးက–

"တော်တော့ အငယ်ကောင် အရက်တွေသောက်ပြီး ရမ်းမနေနဲ့။ ငါတို့က သားသမီးအရင်း၊ သူကမြေး။ မိဘပစ္စည်း သားသမီးပဲပိုင်တာ ဒါဓမ္မတာပဲ။ ပေးချင် နင့်ဝေစုကပေး ငါတို့က မပေးနိုင်ဘူး"

အစ်မကြီး၏ ပြတ်သားသောစကားနှင့်အတူ။

"ဟုတ်တယ် အငယ်ကောင် မိဘပစ္စည်း တို့ပစ္စည်းပဲ။ မြေးတွေ မြစ်တွေလာမပြောနဲ့။ ငါ့ဝေစုလဲ မပေးနိုင်ဘူး"

မောင်နှမသုံးယောက်၏ ပြောကြဆိုကြအသံများ ဆူညံလာ၏။ ကိုအောင်သည် ဇင်နွယ်ဦး၏လက်ကို အသာလေးကုတ်ကာ ဦးဖိုးတေ၏အိမ်မှ ထွက်ခွာခဲ့လေသည်။ ထိုအချိန်ဝယ် ရှေ့နေ ဦးသာကြွယ် ရောက်လာပြီး–

"ကဲ မောင်နှမသုံးယောက် အချင်းများမနေနဲ့။ ဒီမှာ ဦးဖိုးတေရဲ့ အမွေလွှဲစာချုပ်။ သူကိုယ်တိုင်လက်မှတ်ထိုးခဲ့တာ။ ဒါ ဦးဖိုးတေရဲ့ သေတမ်းစာ"

ရှေ့နေဦးသာကြွယ်သည် စာရွက်နှစ်ရွက်ကို ချပြလိုက်သည်။ ဦးဖိုးတေ၏လက်ရေးနှင့် ထိုးထားသောလက်မှတ်ကို မောင်နှမသုံးယောက် အပြိုင်ကြည့်လိုက်သည်။

"ကျွန်တော် ဖိုးတေတွင် သမီး ဇင်နွယ်ဦးနှင့် သား ကိုအောင်တို့သာ ရှိပါသည်။ ထို့ကြောင့် ကျွန်တော်ပိုင်ဆိုင်သော အိမ်နှင့်ခြံကို ကျွန်တော် မရှိသည့်နောက် သမီးဇင်နွယ်ဦးနှင့် သားကိုအောင်သာ ပိုင်ဆိုင်ကြောင်း အသိသက်သေများထံတွင် လက်မှတ်ရေးထိုးပါသည်"

ဦးဖိုးတေ၏သေတမ်းစာကို သားသမီးသုံးယောက်ဖတ်အပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်သွားလေတော့သည်။

## ရှောင်ရှားကြစေ လောင်းကစားတွေ

\- ငွေရရန် လူသားများတွေက
လောင်းကစား မျိုးစုံစွာ၊
စိတ်ကိုကွယ် အလိုလိုက်လို့
မိုက်လမ်းကိုရှာ၊
လောင်းကစားလုပ် ကံမွဲကာ
အသိစိတ်မှာ အကျင့်ပျက်၊
မိမိကိုယ် ဒုက္ခတွင်းသို့
ခုန်ဆင်းနေလျက်။

\- ရှုံးကာမူ လောဘရမ္မက်
စေခိုင်းဖက်လို့ စိတ်တွေလေ၊
ဘဝကို ရိုက်ဖျက်ချိုးလို့
ကျိုးပဲ့မှုတွေ၊
ရုန်းထွက်ဖို့ မလွတ်နိုင်ပေ
အခက်ပွေ နှောင်တရ၊
ကိုယ့်ကိုယ်ကိုယ် လူညွန့်တုံးတော့
ဆုံးလှဘဝ။

\- အချိန်ကုန် စိတ်သောက
နွမ်းနယ်လှ မဖြစ်ခင်၊
ဖိုးတန်အောင် နေထိုင်မှုတို့
ရှေးရှုစေချင်၊
သန့်ရှင်းသည့် လူ့ဝန်းကျင်
ဉာဏ်နှင့်ယှဉ် ကောင်းတာလုပ်၊
ရင်တွင်းတည် နှောင်တွယ်ကင်းဖို့
သန့်ရှင်းကြိုးကုတ်။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

# တောင်တွင်းကြီးမြို့နယ် သီလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**တောင်တွင်းကြီး မတ် ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သီလကျေးရွာအုပ်စု သီလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သီလကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သီလကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၂၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၁ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**

# နိုင်ငံတော်၏အရေးထုဆစ်ပုံဖော် မြန်မာ့တပ်မတော်

**ကိုယဉ်ချစ်(မန္တလေး)**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တပ်မတော်များကို ဖွဲ့စည်းထားကြသည်။ သို့ရာတွင် တပ်မတော် ပေါ်ပေါက်လာပုံနှင့်ခံယူချက်များသည်တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီကြပါ။ မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးရှိ တောင်ပေါ်မြေပြန့်မှ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် တိုင်းပြည်အတွက် အသက်ခန္ဓာများကို ပေးအပ်ထားသည့် တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းထားသည့်တပ်မတော်ဖြစ်သည်။

ရှေးမြန်မာဘုရင်များလက်ထက်က အရေးကြုံလာ၍ စစ်ချီရန်အကြောင်းပေါ်ပေါက်လာပါက ကောက်ကာငင်ကာခေါ်ယူနိုင်အောင် တည်ထောင်ဖွဲ့စည်းထားသည့် ကျိုပ်ပြု၊ ရာပြု၊ ထောင်ပြုမြို့ဟု သတ်မှတ်ထားသောမြို့ရွာများရှိခဲ့သည်။ အနော်ရထာမင်းလက်ထက်တွင် သိန်းပြုမြို့၊ ထောင်ပြုမြို့၊ ရာပြုမြို့၊ ကျိုပ်ပြုမြို့များထားရှိပြီး အရေးကြုံလာပါက ဆင့်ခေါ်၍စစ်မှုထမ်းစေခဲ့သည်။ ဆင့်ခေါ်အကြောင်းကြားသည်နှင့်စစ်သည်တော်များသည် မိမိတို့လယ်ယာလုပ်ငန်းခွင်များကိုပစ်ထားခဲ့ကြပြီး သက်ဆိုင်ရာတပ်ဖွဲ့များထံသတင်းပို့၍ စစ်ပြင်ခဲ့ကြကြောင်း မှတ်သားရသည်။

ပုဂံခေတ်မှကုန်းဘောင်ခေတ်အထိ မြန်မာမင်းအဆက်ဆက်ကိုယ့်ထီးကိုယ်နန်းဖြင့် အုပ်ချုပ်ခဲ့ကြသော်လည်း နယ်ချဲ့ဗြိတိသျှတို့က ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ပထမကျူးကျော်စစ်၊ ၁၈၅၂ခုနှစ်တွင် ဒုတိယကျူးကျော်စစ်နှင့် ၁၈၈၅ ခုနှစ်တွင် တတိယကျူးကျော်စစ်ပွဲများဖြင့် တိုက်ခိုက်သိမ်းပိုက်ခဲ့သဖြင့် သူ့ကျွန်ဘဝသို့ကျရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝကိုရောက်ရှိသွားချိန်တွင် တောင်ပေါ်မြေပြန့်တိုင်းရင်းသားများက အသက်သွေးချွေးများစွာပေးဆပ်ကာ နယ်ချဲ့တို့အားခုခံခဲ့ကြသည်။ သူ့ကျွန်မခံလိုစိတ်၊ မျိုးချစ်စိတ်များကိုအရင်းခံကာ ပြန်လည်တော်လှန်ခဲ့ကြသည်။

**မြန်မာ့တပ်မတော်၏ သမိုင်းကြောင်း**

လွတ်လပ်ရေးအတွက် ဘာသာရေးကိုအခြေခံသည့်ဝိုင်အမ်ဘီအေအသင်း၊ ဂျီစီဘီအေအသင်းကြီးများမှ တို့ဗမာအစည်းအရုံးကြီးပေါ်ပေါက်လာသည်။ ၁၉၃၃ခုနှစ်နောက်ပိုင်းတွင် တို့ဗမာအစည်းအရုံးကြီး အင်အားတောင့်တင်းလာပြီး နိုင်ငံရေးနည်းလမ်းဖြင့် တိုက်ပွဲဝင်ရာမှ လက်နက်ကိုင်တော်လှန်ရန်စီစဉ်ခဲ့ကြသည်။ ထို့ကြောင့် ပြည်ပမှအကူအညီရယူရန် ကြိုးပမ်းခဲ့ကြရာ ဂျပန်စစ်တပ်မှဗိုလ်မှူးကြီးဆူဇူကီးနှင့် အဆက်အသွယ်ရခဲ့ပြီး လူငယ် ၃၀ ဦး(ရဲဘော်သုံးကျိပ်)တို့သည် စစ်ပညာသင်ကြားရန် ပြည်ပသို့ လျှို့ဝှက်စွာထွက်ခွာခဲ့ကြကာ ဂျပန်တို့သိမ်းပိုက်ထားသည့် ဟိုင်နန်ကျွန်းနှင့်ဖော်မိုဆာကျွန်းများတွင် စစ်ပညာများကို သင်ကြားလေ့ကျင့်ခဲ့ကြသည်။

သင်တန်းပြီးဆုံးသောအခါ ၁၉၄၁ ခုနှစ် အောက်တိုဘာလတွင် ဂျပန်တပ်များနှင့်အတူ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ဒီဇင်ဘာ ၂၆ ရက်တွင် ရောက်ရှိပြီး ဒီဇင်ဘာ ၂၇ ရက်တွင် ရဲဘော်သုံးကျိပ်နှင့်အတူ မြန်မာမျိုးချစ်လူငယ် ၂၀၀ ကျော်ကိုစုစည်းကာ ဗမာ့လွတ်လပ်ရေးတပ်မတော်(Burma Indepen – dence Army) ဘီအိုင်အေကို ဖွဲ့စည်းခဲ့သည်။ တပ်မတော်အစရဲဘော်သုံးကျိပ်ကဟု အသိအမှတ်ပြုထင်ရှားခဲ့ပြီး အမျိုးသားရေးကိုစတင်စုစည်းခဲ့ကြသည့်မျိုးချစ်သူရဲကောင်းများအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဘီအိုင်အေသည် ပြည်သူလူထုတစ်ရပ်လုံးမှ ထောက်ခံအားပေးကူညီခဲ့ကြသဖြင့် အင်အား ၃၀၀၀၀ မှ ၅၀၀၀၀ ထိ တဖြည်းဖြည်းများပြားလာခဲ့သည်။ ဘီအိုင်အေတပ်များသည် မြဝတီစစ်ကြောင်း၊ ဖာပွန်စစ်ကြောင်း၊ ထားဝယ်စစ်ကြောင်း၊ မြိတ်စစ်ကြောင်းဆိုသည့်စစ်ကြောင်းကြီးလေးကြောင်းခွဲကာ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နှင့် ၁၉၄၂ ခုနှစ်ဇန်နဝါရီ ၁၁ ရက်များတွင် မြန်မာနိုင်ငံအတွင်းပြန်လည်ဝင်ရောက်ကာ နယ်ချဲ့ဗြိတိသျှတို့အားတိုက်ထုတ်ခဲ့ကြသည်။

၁၉၄၂ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army) (ဘီဒီအေ) အဖြစ် အင်အား ၃၀၀၀ ထိလျှော့ချပြီး အသစ်ပြန်လည်ဖွဲ့စည်းခဲ့ရသည်။ ဖက်ဆစ်ဂျပန်တို့သည် မော်လမြိုင်ကိုသိမ်းပိုက်ပြီးပါက လွတ်လပ်ရေးပေးမည်ဆိုသောကတိကို ချိုးဖောက်ခဲ့သည့်အပြင် မြန်မာပြည်သူလူထုအပေါ် ညှင်းပန်းနှိပ်စက်မှုများဖြင့်ဖိနှိပ်အုပ်ချုပ်ခဲ့သည်။ မြန်မာတို့အားစည်းရုံးနှစ်သိမ့်သည့်သဘောဖြင့် အတုအယောင်လွတ်လပ်ရေးကို ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်တွင်ပေးခဲ့ပြီး လက်ရှိ ဘီဒီအေကို ဗမာ့အမျိုးသားတပ်မတော် (Burma National Army) ဘီအန်အေဟု အမည်ပြောင်း၍ပြန်လည်ဖွဲ့စည်းလိုက်ရသည်။ ဘီအန်အေသည်မျိုးချစ်တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖက်ဆစ်ဂျပန်တို့အားတော်လှန်ရန်အတွက် ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ကို လျှို့ဝှက်ဖွဲ့စည်း၍ မြေအောက်တော်လှန်ရေးလှုပ်ရှားမှုများကိုဆောင်ရွက်ခဲ့ကြပြီး လွတ်လပ်ရေးကိုအရယူရန်ရည်မှန်းချက်ဖြင့် ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)ဟု အမည်ပြောင်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့်ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်တို့အား မြန်မာ့မြေပေါ်မှအပြီးအပိုင်တိုက်ထုတ်ရန်ဆုံးဖြတ်ကာ ကြိုတင်စီမံမှုများဆောင်ရွက်ထားခဲ့သည်။ ၁၉၄၅ ခုနှစ် ဧပြီ ၂ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကို တစ်နိုင်ငံလုံးတစ်ပြိုင်တည်းဆင်နွှဲရန်သတ်မှတ်ခဲ့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ပြည်သူတစ်ရပ်လုံးပူးပေါင်းကာ ဖက်ဆစ်တော်လှန်ရေးကြီးကိုဆင်နွှဲကာ ဖက်ဆစ်ဂျပန်တို့အား တိုက်ထုတ်ခဲ့ကြသည်။

**❖၁၉၅၈ ခုနှစ် နိုင်ငံရေးအကြပ်အတည်းကာလတွင် တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူခဲ့ရပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ သောင်းကျန်းသူနှိမ်နင်းရေးနှင့်လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စုကြီးပြိုကွဲမည့်အရေးမှ သမိုင်းပေးတာဝန်အရ ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြန်သည်။ ထို့နောက် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံတော်လိုအပ်ချက်နှင့်အညီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုချမှတ်ကာ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်ကိုတည်ဆောက်ခဲ့သည်။❖**

**လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလ**

လွတ်လပ်ရေးရပြီး မကြာမီမှာပင် ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒရေးရာအားပြိုင်မှုများကြောင့် ဖဆပလ အတွင်း ဂိုဏ်းဂဏများကွဲပြားသွားပြီး ဗမာပြည်ကွန်မြူနစ်ပါတီတောခိုခြင်း၊ ကေအန်ဒီအို (ကရင်)၊ အမ်အန်ဒီအို(မွန်)တို့ ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။ ရောင်စုံသောင်းကျန်းမှုများဟု သမိုင်းတွင်ခဲ့ရသည်။ ပြည်တွင်းရောင်စုံသောင်းကျန်းသူများကိုနှိမ်နင်း နေစဉ် တရုတ်ဖြူ(ကူမင်တန်) နှင့် မူဂျာဟစ်ကုလားဆိုးသောင်းကျန်းမှု စသည့် ပြည်ပကျူးကျော်မှုများကိုလည်း နှိမ်နင်းခဲ့ရသည် ။

၁၉၅၈ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလတွင် တပ်မတော်သည် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ရပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ သောင်းကျန်းသူနှိမ်နင်းရေးနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စုကြီးပြိုကွဲမည့်အရေးမှ သမိုင်းပေးတာဝန်အရ ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြန်သည်။ ထို့နောက် တော်လှန်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံတော်လိုအပ်ချက်နှင့်အညီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုချမှတ်ကာ ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် နိုင်ငံတော်ကို တည်ဆောက်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီတောင်းဆိုမှုများနှင့်အတူ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် တပ်မတော်က နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တာဝန်ယူစောင့်ရှောက်ခဲ့ရသည်။ ထိုစဉ်က ရှိနေသည့် ၁၉၇၄ ခုနှစ် အခြေခံဥပဒေမှာလည်း ရပ်ဆိုင်းသွားခဲ့ရသည်။ တပ်မတော်သည် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့်အခြေအနေများကို ရင်ဆိုင်ကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းကာ ပြည်သူများလိုလားတောင့်တချက်များနှင့်အညီ ပါတီစုံဒီမိုကရေစီ၏အခြေခံအုတ်မြစ်များကို ချမှတ်ပေးနိုင်ခဲ့သည်။ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံတွင် မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကာ ၂၀၀၈ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကျင်းပကာ အတည်ပြုပေးနိုင်ခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပြီး အနိုင်ရရှိသည့် ပါတီထံသို့ နိုင်ငံ့တာဝန်အရပ်ရပ်အား လွှဲပြောင်းပေးနိုင်ရေးကို တပ်မတော်က ကမကထပြုဆောင်ရွက်ပေးခဲ့သည်။

၂၀၁၅ ခုနှစ်တွင်လည်း ဒုတိယအကြိမ်အထွေထွေရွေးကောက်ပွဲကို ဂုဏ်သိက္ခာရှိစွာကျင်းပနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD အစိုးရမှ ရွေးကောက်ပွဲ မဲမသမာမှုများမှတစ်ဆင့် နိုင်ငံတော်အာဏာကို မသမာသည့်နည်းလမ်းဖြင့် အဓမ္မရယူ ကြိုးပမ်းခဲ့ခြင်းကိုတားဆီးရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ၂၀(င)တွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ၂၀(စ)တွင် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ရန် အဓိကတာဝန်ရှိသည်ဟူသော ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ပြည်သူတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးတည်ဆောက်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ လွတ်လပ်၍တရားမျှတမှုရှိသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဖြစ်ပေါ်လာရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကနိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်။ ဤလုပ်ငန်းစဉ်များ အောင်မြင်ရေးမှာ တပ်မတော်တစ်ခုတည်းသာ တာဝန်ရှိသည်မဟုတ်ဘဲ နိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိသည်။

မြန်မာ့တပ်မတော်သည် သမိုင်းအစဉ်အလာကြီးမားခဲ့ပြီး နိုင်ငံတော်တွင် အရေးကြုံတိုင်း ရှေ့မှရပ်တည်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေသည့် ခိုင်မာသည့်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်၏အရေးအရာမှန်သမျှတို့ကို တပ်မတော်ကနှစ်ပေါင်း ၈၀ တိုင်အောင် ရင်ဆိုင်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏လူမှုစီးပွားဘဝ လုံခြုံရေး၊ ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုအပြည့်အဝရရှိရေးများသည် နိုင်ငံတော်၏အရေးဖြစ်သည်။ နိုင်ငံတော်၏အရေးကို ထုဆစ်ပုံဖော်နိုင်မည့်သူမှာ မြန်မာ့တပ်မတော်သာဖြစ်ပါကြောင်း နှစ် ၈၀ ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)
- သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၆)၊ ပြန်/ဆက်ဦးစီးဌာန
- နေ့စဉ်ထုတ်သတင်းစာများ

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၅၆၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ကလေး မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ၁၅၆၃ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၁၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၆၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ပြောင်းဖူးရေ ၁၉၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဖူးစားပြောင်း ၁၁၆၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ လက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၅၆၃ ကေရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ဖူးစားပြောင်းများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍သိရသည်။ (၂၀၆)

## မိုင်းလားမြို့နယ် ပန်ဟုတ်(အောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

မိုင်းလား မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာပင်းကျေးရွာအုပ်စု ပန်ဟုတ်(အောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မိုင်းလားမြို့နယ် ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ပန်ဟုတ်(အောက်)ကျေးရွာက အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပန်ဟုတ်(အောက်) ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၃ သန်းဖြင့် ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်က ပြောပြ၍သိရသည်။

မောင်ခိုင်

# အိုင်ယာလန်နိုင်ငံ မောတောင်တန်းအနီးတွင် တောမီးလောင်ကျွမ်းနေမှုကြောင့် တောမီးအန္တရာယ်သတိပေးချက် အဝါရောင်အဆင့်သတ်မှတ်



ဒပ်ဘ်လင် မတ် ၂၀

အိုင်ယာလန်နိုင်ငံ ကောင်တီဒေါင်းရှိ မောတောင်တန်းတွင် မတ် ၁၉ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး မောတောင်တန်းနှင့်နီးကပ်သည့် ဧရိယာတွင် နေထိုင်သောဒေသခံများကို တောမီးအန္တရာယ်နှင့်ပတ်သက်ပြီး အဝါရောင်အဆင့် သတ်မှတ်ကြောင်း မြောက်အိုင်ယာလန် မီးသတ်နှင့် ကယ်ဆယ်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နေအိမ်များဆီသို့ တောမီးကူးစက်မလာစေရေးအတွက် မီးသတ်တပ်ဖွဲ့အင်အားသုံးပြီး မောတောင်တန်းတွင် လောင်ကျွမ်းနေသည့် တောမီးကို ငြိမ်းသတ်ပေးလျက်ရှိကြောင်း၊ မောတောင်တန်းတွင် လောင်ကျွမ်းနေသည့် တောမီးကို ငြိမ်းသတ်ရာတွင် မြေပြင်အခြေအနေကြောင့် အခက်အခဲများရှိနေကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၆၀ ကျော် အသုံးပြုထားပြီး လိုအပ်လာပါက လေကြောင်းအကူအညီကို ရယူသွားမည်ဖြစ်ကြောင်း မီးသတ်နှင့် ကယ်ဆယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရေဗက္ကာက ပြောကြားခဲ့သည်။

"ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကြောင့် တောမီးကူးစက်လောင်ကျွမ်းဖို့ တအားလွယ်တယ်။ မောတောင်တန်းက နေအိမ်တွေဆီကို မကူးစက်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် အယောက် ၆၀ က အကောင်းဆုံး ကြိုးစားပေးနေပါတယ်။ တောမီးအခြေအနေကတော့ ခန့်မှန်းရခက်တယ်။ ဒါကြောင့် အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု မီးသတ်နှင့် ကယ်ဆယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရေဗက္ကာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# မင်းဘူးမြို့နယ် ကြာကန်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

မင်းဘူး မတ် ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ လေထုညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင် ဖန်တီးပေးနိုင်ရန်အတွက် ကြာကန်ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည် ။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က မီးခိုးမြူငွေ့ အန္တရာယ်အကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားပြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မီးခိုးမြူငွေ့ အန္တရာယ်ကြောင့် နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကိုကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဝန်ထမ်းများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ ကြာကန်ကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ဇင်မာ

# အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်တွင် ဖုန်မုန်တိုင်းတိုက်ခတ်မှုကြောင့် အဝေးပြေးလမ်းများပိတ်ဆို့မှုဖြစ်ပွား

ဝါရှင်တန် မတ် ၂၀

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်တွင် မတ် ၁၈ ရက်က လေပြင်းနှင့် ဖုန်မုန်တိုင်းများ တိုက်ခတ်မှုကြောင့် ပြည်နယ်အတွင်းရှိ အဓိကအဝေးပြေးလမ်းများပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ မတ် ၁၉ ရက် သတင်းများတွင်ဖော်ပြထားသည်။

ပြီးခဲ့သောလမှစ၍ ဒေသတွင်း အလွန်ခြောက်သွေ့သော အခြေအနေများကြောင့် ဖုန်မုန်တိုင်းများနှင့် တောမီးလောင်ကျွမ်းမှုများကို အဓိကဖြစ်ပေါ်စေခဲ့ပြီး တစ်နာရီလျှင် မိုင် ၇၀ နှုန်းထိ လေပြင်းတိုက်ခတ်မှု မြင့်တက်လျက်ရှိသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအတွက် ဆိုးရွားသော ကျန်းမာရေးဆိုင်ရာ အကျိုးဆက်များဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေက ကန်ဆက်ပြည်နယ်ဘက်က စတင်ဝင်ရောက်လာတဲ့ လေဖိအားနည်း ရပ်ဝန်းတစ်ခုက စတင်ခဲ့တာပါ။ ပြီးခဲ့တဲ့လအနည်းငယ်က အလွန်ခြောက်သွေ့တဲ့ အခြေအနေတွေ ဖြစ်ပေါ်ခဲ့တာကြောင့် တောမီးအန္တရာယ်နဲ့ဖုန်မုန်တိုင်းတွေကို အဓိကဖြစ်ပေါ်စေပါတယ်"ဟု မိုးလေဝသဌာနမှ ပြောရေးဆိုခွင့်ရှိသူ မာ့ခ်ချန်နာက ပြောကြားခဲ့သည်။



ဖုန်မုန်တိုင်း တိုက်ခတ်ပြီး အဝေးပြေး လမ်းများပေါ်တွင် မြင်နိုင်စွမ်း ကျဆင်းခြင်းကြောင့် အရီဇိုးနားပြည်နယ်နှင့် ဆက်သွယ်ထားသော အဝေးပြေးလမ်းကို ပြည်နယ် သယ်ယူပို့ဆောင်ရေးဌာနက ခေတ္တပိတ်ထား ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် စီးပွားရေးအရ ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိ

ဒါကာ မတ် ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေပြီး လေထုညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားကာ ကျန်းမာရေးအသုံးစရိတ်ကြီးမြင့်မှုများကြောင့် စီးပွားရေးအရ ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း လေထုညစ်ညမ်းမှုလေ့လာရေးစင်တာမှ ဒါရိုက်တာ ပါမောက္ခ အာမက်ကန်ရူဇာန်မာဂျမ်ဒါက မတ် ၁၉ ရက်တွင် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသော ရောဂါများအတွက် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များမြင့်မားစွာသုံးစွဲနေရပြီး ကမ္ဘာ့ဘဏ်၏ သုတေသနပြုချက်များအရ ၂၀၁၉ ခုနှစ်တွင် လေထုညစ်ညမ်းမှုကြောင့်ဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံမှ ၁၃ ဘီလီယံထိရှိပြီး နိုင်ငံ GDP ၏ ၃ ဒသမ ၉ ရာခိုင်နှုန်းမှ ၄ ဒသမ ၄ ရာခိုင်နှုန်းထိရှိကြောင်း သိရသည်။

လေထုညစ်ညမ်းမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ခေတ်မမီတော့သော အုတ်ဖုတ်လုပ်ငန်းသုံးနည်းစနစ်များနှင့် သက်တမ်းကြာမြင့်သည့်ဘတ်စကားများကိုအသုံးပြုခြင်းတို့ကြောင့် ပိုမိုဆိုးရွားစေလျက်ရှိပြီး အခြားသောအရင်းအမြစ်များထက် လေထုညစ်ညမ်းမှုကို သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိကာ လေထုညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရအနေဖြင့် ကမ္ဘာ့ဘဏ်မှ ချေးငွေများကြောင့် နိုင်ငံ့စီးပွားရေးအပေါ် ဖိအားများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လေထုအတွင်း ပါဝင်လျက်ရှိသော PM 2.5 အမှုန်အမွှားများ၏ ညစ်ညမ်းမှုကြောင့် နိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းသည် ၆ ဒသမ ၈ နှစ်ထိ ကျဆင်းလျက်ရှိကြောင်း ချီကာဂိုတက္ကသိုလ်မှ ပြုလုပ်သည့် လေ့လာမှုစစ်တမ်းများအရ သိရသည်။

Ref : Sputnik News

Trs : AZH

# လန်ဒန်မြို့အနီးပတ်ဝန်းကျင်ဒေသများတွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံကိန်းများအတွက် စတာလင်ပေါင် ငါးသန်းခွင့်ပြု

လန်ဒန် မတ် ၂၀

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့အနီးရှိ ကျေးလက်ဒေသများတွင် မိုးကာလရောက်တိုင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းကြောင့်ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက စတာလင်ပေါင်ငါးသန်း ခွင့်ပြုပေးခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံကိန်းကို လာမည့် ငါးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ရေနုတ်မြောင်းစနစ်များကိုလည်း ပြန်လည်မွမ်းမံပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ရလေ့ရှိသည့် ကျေးလက်ဒေသမှာ ဟာရင်ဂေး ကျေးလက်ဒေသဖြစ်ပြီး ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံကိန်းများကို တည်ဆောက်သွားမည်ဖြစ်ပြီး လန်ဒန်မြို့ အနီးပတ်ဝန်းကျင် ကျေးလက်ဒေသများတွင် ပြန်လည်ပြင်ဆင်ရမည့် ရေနုတ်မြောင်း ၃၂ ခုထိ ရှိနေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ဟာရင်ဂေးကျေးလက်ဒေသမှာ ရေဘေးအန္တရာယ်ဖြစ်ပေါ်ချိန်ဆိုရင်ဒေသခံတွေတော်တော်လေးကို ဒုက္ခရောက်ကြတာ တွေ့ခဲ့ရတယ်။ ဒါကြောင့်ရေဘေးအန္တရာယ်တွေကို လျှော့ချနိုင်ဖို့အတွက် အကာအကွယ်တွေ တည်ဆောက်ပေးသွားမယ်။ အဲဒီအတွက် လွှတ်တော်က ဘတ်ဂျက်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ စီမံကိန်းတွေကိုတော့ လာမဲ့ငါးနှစ်အတွင်း အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်"ဟုလွှတ်တော်အမတ်တစ်ဦးဖြစ်သူ ချန်ဝါနီက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# စနေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေထဲက ခြေစွမ်းပိုင်းကောင်းတဲ့ နော်ဝေအသင်း၊ ဝေးလ်အသင်း၊ အာဂျင်တီးနားအသင်းတို့ကို ရွေးချယ်ရမှာပါ

M L



ဒီတစ်ပတ်မှာတော့ နိုင်ငံတကာပြိုင်ပွဲတွေကစားမှာဖြစ်လို့ အမှတ်ပေးပွဲစဉ်တွေရပ်နားသွားတာကိုတွေ့ရမှာပါ။ လာမဲ့စနေနေ့ညမှာတော့ ဥရောပဇုန်၊ အာဖရိကဇုန်၊ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲတွေရှိနေပြီး အဲဒီထဲက ဥရောပဇုန်နဲ့ တောင်အမေရိကဇုန်က ပရိသတ်အကြိုက်တွေ့မဲ့ အသင်းတွေကို ဦးစားပေးရွေးချယ်သွားမှာပါ။ လက်ရှိဥရောပဇုန် ခြေစစ်ပွဲတွေကတော့ ဒီတစ်ပတ်ကစပြီး အဖွင့်ပွဲကစားမှာဖြစ်ပေမဲ့ တောင်အမေရိကဇုန်နဲ့ အာဖရိကဇုန်တွေကတော့ ပြီးခဲ့တဲ့နှစ်ကတည်းက ခြေစစ်ပွဲကစားခဲ့တာကိုတွေ့ရမှာပါ။ နိုင်ငံအသင်းပွဲစဉ်တွေဟာ ထိပ်တန်းအဆင့် ကစားသမားပိုင်ဆိုင်မှုနဲ့မဆိုင်ဘဲ အသင်းလိုက်ကစားအားကောင်းပြီးရေကုန်ရေခန်းကစားတတ်တဲ့ ကစားသမားတွေရှိတဲ့ အသင်းကသာ ရလဒ်ကောင်းလေ့ရှိတာကြောင့် အခုပွဲမှာလဲ အဲဒီအချက်တွေရှိနေပြီး တွေ့ဆုံမှုနဲ့ ပြိုင်ပွဲအတွေ့အကြုံကောင်းတွေရှိတဲ့ အသင်းတွေကို အဓိကရွေးချယ်သွားမှာပါ။

## နော်ဝေအသင်း အနိုင်ရမှာပါ

ဥရောပဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖွင့်ပွဲမှာ အကြိုက်တွေ့တာကတော့ မော်ဒိုဗာနဲ့ နော်ဝေအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ဥရောပဇုန်ခြေစစ်ပွဲအုပ်စု (i) မှာ အက်စ်တိုးနီးယား၊ အစ္စရေး၊ အီတလီ သို့မဟုတ် ဂျာမနီတို့နဲ့ ကစားရမှာကိုတွေ့ရမှာပါ။ အခုအုပ်စုမှာ နော်ဝေအသင်းဟာ ခြေစွမ်းပိုင်းထက်မြက်တဲ့ အထဲမှာရှိနေပြီး ကမ္ဘာ့အဆင့် ၄၃ မှာရှိနေသလို မော်ဒိုဗာအသင်းကတော့ ကမ္ဘာ့အဆင့် ၁၅၁ မှာ ရပ်တည်နေတာကြောင့် ကစားသမားစုဖွဲ့မှုပိုင်းကွာခြားချက်ကြီးမားနေတာဖြစ်ပါတယ်။ မော်ဒိုဗာအနေနဲ့ အခုနှစ်အတွင်းကစားခဲ့တဲ့ပြိုင်ပွဲစုံမှာ ယူကရိန်းနဲ့ မော်တာအသင်းတို့ကိုသာ ရှုံးခဲ့သလို အယ်ဘေးနီးယား၊ ပိုလန်၊ ချက်အသင်းတို့ကို အနည်းဆုံးရမှတ်ခွဲယူထားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းက ချီးကျူးရမှာပါ။ နည်းပြကလက်စ်စန်ကိုကတော့ မော်ဒိုဗာအသင်းကို ၂၀၂၁ ခုနှစ်မှာ စတင်တာဝန်ယူခဲ့ပြီးအသင်းမှာ ဥရောပအဆင့်ခြေစွမ်းပြကစားသမားမရှိပေမဲ့ အသင်းလိုက်ကစားအားနဲ့ နိုင်လိုစိတ်ပြင်းပြတဲ့အခြေအနေ တစ်ခုကိုဖန်တီးထားနိုင်ခဲ့တာကြောင့် ပြိုင်ဘက်အသင်းတွေအနေနဲ့ မော်ဒိုဗာအသင်းနဲ့တွေ့ရင် ဂိုးရဖို့ခက်ခဲလေ့ရှိတတ်ပါတယ်။ ဒါပေမဲ့ အဓိကပြိုင်ပွဲကြီးတွေမှာ အတွေ့အကြုံအားနည်းတာကြောင့် အခုပွဲမှာ ရှုံးကန်ရမှာပါ။

နော်ဝေအသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းမှာ သုံးကြိမ်သာ ခြေစစ်ပွဲအောင်ခဲ့ပြီး တစ်ကြိမ်သာအုပ်စုအဆင့်က ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်နောက်ပိုင်းမှာတော့ ခြေစစ်ပွဲတစ်ကြိမ်မှ အောင်မြင်ခဲ့ခြင်းမရှိတော့တာကို တွေ့ရမှာပါ။ လက်ရှိမှာတော့ နော်ဝေအသင်းဟာ ခြေစွမ်းပြကစားသမားတွေ ပေါ်ထွက်လာခဲ့တာကြောင့် အဓိကပြိုင်ပွဲကြီးတွေမှာ ရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းကိုတော့ ဥရောပထိပ်သီးကလပ်တွေမှာခြေစွမ်းပြနေတဲ့ အေဂျာ၊ ရှိုင်ယာဆန်၊ အိုစတီဂတ်၊ ဝုဗ်ဖီ၊ အိုဒီဂတ်၊ ဘာဂီ၊ ဆိုးလော့၊ ဟာလန်း၊ လာဆန်တို့နဲ့ စုဖွဲ့ထားပြီး ဟာလန်းနဲ့ ဆိုးလော့တို့ အတွဲကတော့ ခြေစွမ်းပြဂိုးတွေသွင်းယူနေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ ၂၀၂၄-၂၀၂၅ နေးရှင်းလိဂ်ပြိုင်ပွဲမှာလဲ ဆလိုဗေးနီးယား၊ ကာဇက်စတန်၊ ဩစတြီးယားအသင်းတို့ကိုအနိုင်ယူခဲ့ပြီး အုပ်စုပထမနေရာမှာ ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုအုပ်စုမှာစုဖွဲ့မှုကောင်းသလို ဟာလန်း၊ ဆိုးလော့တို့လို ကမ္ဘာ့အဆင့် တိုက်စစ်မှူးတွေရှိနေတာကြောင့် ခြေစစ်ပွဲ အောင်ဖို့ သေချာနေပြီး ၁၉၉၈ ခုနှစ်နောက်ပိုင်းခြေစစ်ပွဲ မအောင်ခဲ့တဲ့ မှတ်တမ်းဆိုးကိုချေပဖျက်ဖို့အတွက် အခုပွဲမှာ ဂိုးရသလောက် သွင်းယူမှာဖြစ်လို့ နော်ဝေအသင်း အနိုင်ပွဲရမှာပါ။

### မော်ဒိုဗာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မော်ဒိုဗာ | ၁ | - | ၀ | ဆန်မာရီနို |
| မော်ဒိုဗာ | ၂ | - | ၀ | အန်ဒိုရာ |
| မော်တာ | ၁ | - | ၀ | မော်ဒိုဗာ |
| အန်ဒိုရာ | ၀ | - | ၁ | မော်ဒိုဗာ |
| ဂျီဘရော်တာ | ၁ | - | ၁ | မော်ဒိုဗာ |

### နော်ဝေအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နော်ဝေ | ၂ | - | ၁ | ဩစတြီးယား |
| နော်ဝေ | ၃ | - | ၀ | ဆလိုဗေးနီးယား |
| ဩစတြီးယား | ၅ | - | ၁ | နော်ဝေ |
| ဆလိုဗေးနီးယား | ၁ | - | ၄ | နော်ဝေ |
| နော်ဝေ | ၅ | - | ၀ | ကာဇက်စတန် |

## ဝေးလ်အသင်းရလဒ်ကောင်းမှာပါ

ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ နောက်ထပ်အကြိုက်တွေ့တာကတော့ ဝေးလ်နဲ့ ကာဇက်စတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝေးလ်အသင်းဟာ နောက်ပိုင်းနှစ်တွေမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် ပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာလဲပါဝင်ခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ထိပ်တန်းအဆင့် ကစားသမားအနည်းငယ်သာရှိပေမဲ့ ကစားသမားအများစုဟာ ပရီးမီးယားလိဂ်မှာကစားနေတဲ့ ကစားသမားတွေဖြစ်လို့ လျင်မြန်မှုနဲ့ ကစားအားကောင်းနေတာဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုအဆင့်မှာတော့ ကာဇက်စတန်၊ လက်ချင်စတိန်း၊ ဘယ်လ်ဂျီယံ၊ မြောက်မက်ဆီဒိုးနီးယားတို့နဲ့ကစားရမှာဖြစ်လို့ ဘယ်လ်ဂျီယံပြီးရင် စုဖွဲ့မှုအကောင်းဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာလဲ အိုက်စလန်ကို လေးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ဝေးလ်အသင်းတိုက်စစ်ကစားပုံကောင်းလာတာကြောင့် အခုပွဲမှာ ကာဇက်စတန်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။

ကမ္ဘာ့အဆင့် ၁၁၀ မှာရှိတဲ့ ကာဇက်စတန်အသင်းဟာ ခြေစွမ်းပိုင်းကျနေတာကြောင့် ၂၀၂၄ ခုနှစ် မတ်လကစလို့ နိုင်ပွဲမရတော့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာလဲ ခြောက်ပွဲစလုံးနိုင်ပွဲမရခဲ့ဘဲအုပ်စုနောက်ဆုံးအဆင့်နဲ့ နောက်တစ်ဆင့်တန်းဆင်းခဲ့ရတာဖြစ်ပါတယ်။ လက်ရှိစုဖွဲ့မှုမှာလဲ ဥရောပမှာကစားနေတဲ့ ကစားသမားအနည်းငယ်သာရှိပြီး နိုင်ငံအတွင်းကလပ်အသင်းတွေက ကစားသမားတွေကို အားပြုနေရတာကြောင့် ဝေးလ်အသင်းနဲ့ယှဉ်ရင် ဘောလုံးအဆင့်အတန်းကွာခြားနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အဘက်ဘက်က အားနည်းနေတဲ့အပြင် လက်ရှိအချိန်ထိလဲ ခြေစွမ်းပြကစားသမားတွေ ပေါ်ထွက်လာခြင်းမရှိတာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ ဥရောပပြိုင်ပွဲမှာ တစ်ခါမှ ခြေစစ်ပွဲအောင်မြင်ခဲ့တာမရှိပါဘူး။ ဒါကြောင့် ဝေးလ်အသင်းနဲ့ပွဲမှာ ခံစစ်အားပြုကစားမှသာ ပေးဂိုးနည်းမှာဖြစ်ပေမဲ့ ဝယ်လ်ဆင်၊ ဘန်ဂျွန်ဆင်၊ ဒေးဗစ်ဘရွတ်တို့ကို ထိန်းချုပ်ဖို့မဖြစ်နိုင်လို့ ဝေးလ်အသင်းရလဒ်ကောင်းမှာပါ။

### ဝေးလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မွန်တီနီဂရိုး | ၁ | - | ၂ | ဝေးလ် |
| အိုက်စလန် | ၂ | - | ၂ | ဝေးလ် |
| ဝေးလ် | ၁ | - | ၀ | မွန်တီနီဂရိုး |
| တူကီယဲ | ၀ | - | ၀ | ဝေးလ် |
| ဝေးလ် | ၄ | - | ၁ | အိုက်စလန် |

### ကာဇက်စတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆလိုဗေးနီးယား | ၃ | - | ၀ | ကာဇက်စတန် |
| ဩစတြီးယား | ၄ | - | ၀ | ကာဇက်စတန် |
| ကာဇက်စတန် | ၀ | - | ၁ | ဆလိုဗေးနီးယား |
| ကာဇက်စတန် | ၀ | - | ၂ | ဩစတြီးယား |
| နော်ဝေ | ၅ | - | ၀ | ကာဇက်စတန် |

## အာဂျင်တီးနားအသင်းကို အားပေးရမှာပါ

တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာအကြိုက်တွေ့တာကတော့ ဥရုဂွေးနဲ့ အာဂျင်တီးနားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲ ၁၂ ပွဲအပြီးမှာ အာဂျင်တီးနားက အဆင့် ၁၊ ဥရုဂွေးကအဆင့် ၂ မှာရပ်တည်နေပေမဲ့ ရမှတ်ငါးမှတ်သာကွာနေတာကိုတွေ့ရမှာပါ။ ဥရုဂွေးအသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲသမိုင်းမှာဆုဖလားနှစ်ကြိမ်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ် နှစ်ကြိမ်၊ ကွာတားဖိုင်နယ်နှစ်ကြိမ်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ၂၀၁၀ ပြည့်နှစ်ကစလို့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြေစစ်ပွဲဆက်တိုက် အောင်မြင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းကိုတော့ ထိပ်တန်းအဆင့်ကစားသမားတွေဖြစ်တဲ့ နူနက်၊ ပယ်လီစထရီ၊ ဒီယက်ဇ်၊ အူဂါတီ၊ ဗယ်ဗာတီ၊ ဘန်တန်ကာ၊ အာရှူဂျို၊ ဂျီမီနက်ဇ်၊ အိုလီဗီယာတို့လိုကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ အာဂျင်တီးနားအသင်းက အသာစီးရထားတာကြောင့် အခုပွဲမှာ ရမှတ်ခွဲယူဖို့တောင် ခက်ခဲမှာသေချာပါတယ်။

အာဂျင်တီးနားအသင်းဟာ ခြေစစ်ပွဲအစပိုင်းမှာ ပုံစံကောင်းရခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ တိုက်စစ်ကဂိုးရဖို့ ရုန်းကန်ခဲ့ရလို့ ရလဒ်ကျဆင်းသွားတာဖြစ်ပါတယ်။ လက်ရှိအသင်းကိုတော့ အော့တမန်ဒီ၊ တာဂလီဖီကာအို၊ မိုလီနာ၊ ရိုမီရို၊ ဂျူအန်ဖို့၊ ပါရီဒက်စ်၊ ဒီပေါလ်၊ ပါလာစီအို၊ အယ်လစ်စတာ၊ အန်ဇိုဖာနန်ဒက်စ်၊ ကော်ရီယာ၊ လူတာရိုမာတီနက်ဇ်၊ အယ်ဗာရက်ဇ်တို့နဲ့စုဖွဲ့ထားပြီး တိုက်စစ်မှာမက်ဆီပါဝင်လာတာမရှိတာကလွဲရင် ပထမပွဲထွက်ကစားသမားတွေ စုံလင်နေတာကိုတွေ့ရမှာပါ။ အာဂျင်တီးနားအသင်းကလဲ ကမ္ဘာ့ဖလားသမိုင်းမှာ ဆုဖလားသုံးကြိမ်ပိုင်ဆိုင်ထားပြီး ၁၉၆၂ ခုနှစ်နောက်ပိုင်းကစလို့ ကမ္ဘာ့ ဖလားမှာအနိမ့်ဆုံး ၁၆ သင်းအဆင့်ထိ တက်ရောက်နိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ ဒါကြောင့် ဥရုဂွေးနဲ့ယှဉ်ရင် အတွေ့အကြုံပိုင်းပိုကောင်းနေသလို လက်ရှိစုဖွဲ့မှုကလဲ ဥရုဂွေးအသင်းထက်သာနေတာကြောင့် နိုင်ပွဲရဖို့များနေတာကိုတွေ့ရမှာပါ။ အာဂျင်တီးနားအသင်းဟာ ဥရုဂွေးအသင်းနဲ့ အိမ်ကွင်းမှာကစားခဲ့ရတဲ့ သုံးကြိမ်မှာနှစ်ကြိမ်ထိ နိုင်ပွဲရခဲ့တာကြောင့် အခုပွဲမှာလဲ တွေ့ဆုံမှုအစဉ်အလာမှာအသာရနေတဲ့ အာဂျင်တီးနားအသင်းကို အားပေးရမှာပါ။

### ဥရုဂွေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗင်နီဇွဲလား | ၀ | - | ၀ | ဥရုဂွေး |
| ပီရူး | ၁ | - | ၀ | ဥရုဂွေး |
| ဥရုဂွေး | ၀ | - | ၀ | အီကွေဒေါ |
| ဥရုဂွေး | ၃ | - | ၂ | ကိုလံဘီယာ |
| ဘရာဇီး | ၁ | - | ၁ | ဥရုဂွေး |

### အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုလံဘီယာ | ၂ | - | ၁ | အာဂျင်တီးနား |
| ဗင်နီဇွဲလား | ၁ | - | ၁ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၆ | - | ၀ | ဘိုလီဗီးယား |
| ပါရာဂွေး | ၂ | - | ၁ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၁ | - | ၀ | ပီရူး |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## ဈေးနှင့်သားသတ်ဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကော်မတီပိုင်ဈေးများတွင် နေ့စဉ်ပုံကျဈေးကောက် ကောက်ခံရာတွင် သုံးစွဲသည့် Device စက်များအတွက် ပြေစာစက္ကူလိပ် (၄၀၀၀၀)လိပ်အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီများ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ | - (၂၄-၃-၂၀၂၅)မှ (၄-၄-၂၀၂၅)ထိ |
| (ခ) | တင်ဒါသွင်းရမည့်နောက်ဆုံးရက်/အချိန် | - (၁၁-၄-၂၀၂၅)ရက်နေ့ (၁၆:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက် | - ( -၄-၂၀၂၅)ရက်နေ့ (အကြောင်းကြားပါမည်) |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - (၆) ထပ်ဆောင် အစည်းအဝေးခန်းမ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ |
| (င) | တင်ဒါလျှောက်လွှာတစ်စုံရောင်းဈေးနှုန်း | - ၁၀၀၀၀၀ (ကျပ်တစ်သောင်းတိတိ) |

သတ်မှတ်ရက်/အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ၃၁ လမ်း(၇၂x၇၃) လမ်းကြားရှိ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ နှင့် ၀၉-၆၈၈၈၉၅၂၁၇ သို့ ဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃၃)၊ ဦးပိုင်အမှတ် (၄၅၀)ရှိ မြေကွက်ပေါ်တွင် ဦးဇော်ထက်(၉/မခန(နိုင်)၂၁၆၃၅၈)ကိုင်ဆောင်သူမှ အလျား ၂၃'-၀"၊ အနံ ၄၃'-၀"၊ အလျား ၂၃'-၀"၊ အနံ ၁၂'-၀"၊ RC ၁ ၁/၂ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၂၃၃-က)၊ ဦးပိုင်အမှတ် (၅၆၀)ရှိမြေကွက်ပေါ်တွင် ကိုနေလှိုင်းထက်၊ မဝေဝေလင်း(၉/မခန(နိုင်)၂၆၁၃၄၆)ကိုင်ဆောင်သူမှ အလျား ၂၁'-၀"၊ အနံ ၃၈'-၀" RC (၁)ထပ် အဆောက်အဦးဆောက်လုပ်ခွင့်ပြုမိန့်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း။ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

## စာရေးမ (၁)ဦး

- လစာ ၃ သိန်း
- ပညာအရည်အချင်း (၉)တန်းအောင်

ဒန်သတ္တုဆိုင်
၂၆ x ၂၇ လမ်းကြား
၈၆ x ၈၇ လမ်းကြား၊ ဒဂုံးဝင်းလမ်း၊
ဈေးချိုအနောက်ဖက်၊ မန္တလေးမြို့။
09-444015552

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ ထန်းတောကျေးရွာနေ (ဘ) ဦးဆန်းလင်း၏သမီး မအေးချမ်းမိုး(၅/စကန(နိုင်)၂၈၄၀၅၈)၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၉-၆-၁၉၉၇ ဖြစ်ပါကြောင်း။

မအေးချမ်းမိုး(၂၉-၆-၁၉၉၇)

## အဖိုးတန်ရေချိုကို ချွေတာပါ


COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ် နှပ်၊ နာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူ ပြစ်နိုင်မှုထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။


# ဖောင်းပြင်မြို့နယ်တွင် နေကြာ ၁၈၀၅ ဧကထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၉ ဒသမ ၂ တင်းထွက်ရှိ



မော်လိုက် မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၈၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၈၀၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ ဒသမ ၂၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ၂၄၀၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ လက်ရှိမှာရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၈၀၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ပက စားအုန်းဆီ တင်သွင်းမှုကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေပါတယ်။ ဆီထွက် သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာဘဲ စိုက်ကြတာပါ"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့် ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာသီးနှံ စိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီယားဓာတ်မြေသြဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံနေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် မတ် ၂၀

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန် ရည်ရွယ်၍ ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မတ် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၄၂ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျပ်ဆည်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ကို ငွေကျပ် ၁၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကိုငွေကျပ် ၂၄ ဒသမ ၅ သန်း နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

100% PURE ARABICA COFFEE

Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)




အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


## အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများရှိ အောက်ဖော်ပြပါနေရာလွတ်များအား ငှားရမ်းခြင်းနှင့် အတည်ဆိုင်ခန်းများအား ရောင်းချခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ဈေးချိုတောင်ဘက်တိုက်တန်း ဒုတိယထပ်ဧရိယာ ၂၀၂၉၀.၃၄ စတုရန်းပေ (ဈေးချိုဟိုတယ်နေရာ)
( ခ ) ဈေးချိုတော်ဘက်တိုက်တန်း တတိယထပ်ဧရိယာ ၂၁၃၅၉.၇၃ စတုရန်းပေ (ဈေးချိုဟိုတယ်နေရာ)
( ဂ ) ဈေးချိုတောင်ဘက်တိုက်တန်း ခေါင်မိုးထပ်ဧရိယာ ၁၇၇၄၀.၆ စတုရန်းပေ (ဈေးချိုဟိုတယ်နေရာ)
(ဃ) ဈေးချိုမြောက်ဘက်တိုက်တန်း ဒုတိယထပ် ဧရိယာ (၃၀၂၄) စတုရန်းပေ (ဈေးချိုမူကြို့နေရာ)
( င ) ရတနာပုံဈေး ပဥ္စမထပ်ဧရိယာ ၄၇၈၀၃.၈ စတုရန်းပေ
( စ ) နန်းရှေ့ဈေး ဒုတိယထပ်အနောက်ဘက်ခြမ်း ဧရိယာ ၈၈၉၂ စတုရန်းပေ
(ဆ) စက်မှု-၂ ဈေး(၈x၁၀)ပေ အကျယ် အတည်ဆိုင်ခန်းများ
(A)ရုံ၊ ဆိုင်အမှတ်(၂၊ ၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅)
(C)ရုံ၊ ဆိုင်အမှတ်(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)
(D)ရုံ၊ ဆိုင်အမှတ်၊(၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄)
( ဇ ) မြရည်နန္ဒာဈေး(၈x၁၀)ပေ အကျယ်အတည်ဆိုင်ခန်းများ
(E)ရုံ၊ ဆိုင်အမှတ်(၄၂၊ ၅၄၊ ၈၆၊ ၉၂၊ ၉၄)

၂။ အမှတ်စဉ်(က)မှ (စ)အထိ နေရာလွတ်များအား တစ်နှစ်လျှင်တစ်ကြိမ် စာချုပ်ချုပ်ဆိုငှားရမ်းမည်ဖြစ်ပါသည်။ အမှတ်စဉ်(ဆ)နှင့် အမှတ်စဉ်(ဇ)ပါ အတည်ဆိုင်ခန်း (၆၉)ခန်းတို့ကို ရောင်းချသွားမည်ဖြစ်ပါသည်။

၃။ အဆိုပါနေရာလွတ်များအား ငှားရမ်းခြင်းနှင့် အတည်ဆိုင်ခန်းများအား ရောင်းချခြင်းတို့အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရာလွတ်များအား ငှားရမ်းလိုပါကလည်းကောင်း၊ အတည်ဆိုင်ခန်းများကို ဝယ်ယူလိုပါကလည်းကောင်း လေလံလျှောက်လွှာများအား တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် (၂၄-၃-၂၀၂၅)ရက်နေ့မှ (၄-၄-၂၀၂၅) ရက်နေ့အထိ နံနက်(၁၀:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအတွင်း ဈေးနှင့် သားသတ်ဌာနတွင် ရောင်းချမည်ဖြစ်ပါသည်။

၄။ လေလံလျှောက်လွှာများကို (၁၁-၄-၂၀၂၅)ရက်နေ့ ညနေ(၃:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ၃၁ လမ်း(၇၂x၇၃)လမ်းကြားရှိ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ နှင့် ၀၉-၆၈၈၈၉၅၂၁၇ သို့ ဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ နယ်မြေ (၂)၊ ကွင်း/အကွက်အမှတ်-၇/နန်းတော်ရာ၊ ဦးပိုင်အမှတ်(၉/ဃ)၊ ဧရိယာ (၀.၀၅၂)ဧက အကျယ်အဝန်းရှိ ဒေါ်တင်အမည်ပေါက် နှစ် (၃၀) ဂရန်မြေကွက်အား ၎င်း၏သားသမီး/ မြေးများဖြစ်ကြသည့်

(၁) ဦးတင်စိုး (ဘ) ဦးဘရွှင်
၅/စကန(နိုင်)၀၂၅၇၉၃

(၂) ဒေါ်သန်းသန်းမြင့် (ဘ) ဦးဘရွှင်
၅/စကန(နိုင်)၀၂၅၈၃၉

(၃) ဦးမောင်မောင်(ကွယ်လွန်)
ဇနီး-ဒေါ်လှမြင့် (ဘ) ဦးလှအောင်
၅/စကန(နိုင်)၀၁၂၃၇၁

(၄) ဦးအောင်ကိုမြင့် (ဘ) ဦးမောင်မောင်
၅/စကန(နိုင်)၁၅၆၁၅၁

(၅) ဒေါ်သွဲ့မာမြင့် (ဘ) ဦးမောင်မောင်
၅/စကန(နိုင်)၁၈၄၅၂၄)
ကွယ်လွန်သူ ဦးမောင်မောင် မိသားစု(ကိုယ်စား)

(၆) ဦးမျိုးလွင်ဇော် (ဘ) ဦးမောင်မောင်
၅/စကန(နိုင်)၀၈၈၀၄၂

(၇) ဦးရဲရင့်အောင် (ဘ) ဦးအောင်မြင့်ကြွယ်
၅/စကန(နိုင်)၂၅၉၂၈၂

(၈) ဦးသူရထွန်း (ဘ) ဦးအောင်မြင့်ကြွယ်
၅/စကန(နိုင်)၂၃၆၇၅၇

(၉) ဦးမင်းမင်း (ဘ) ဦးတင်စိုး
၅/စကန(နိုင်)၁၆၁၈၅၂ တို့မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်၏အမှုသည်အား ကမ်းလှမ်းရာ နှစ်ဦးသဘောတူညီသဖြင့် (၁၉-၃-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ ဂရန်မြေနှင့် အဆောက်အဦးအပါအဝင် မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချသည့် (စရန်ပေး) ကတိစာချုပ် ချုပ်ဆို၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ စရန်ငွေပေးချေသည့် ပစ္စည်းရပ်များနှင့်သော်လည်းကောင်း၊ မြေပိုင်ဆိုင်မှုအတိုင်းအတာနှင့်ပတ်သက်၍သော်လည်းကောင်း ကန့်ကွက်လိုပါက ဤကြေညာသည့်ရက်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ထက် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၅၇)
နယ်မြေ(၃) ပိုးတန်းရပ်ကွက်၊ စစ်ကိုင်းမြို့။
Ph: 09-778833045, 09-678566662

❖ လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သည် ယနေ့နံနက်ပိုင်းတွင် ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း


ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)


ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)


ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015

နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com